# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက် | ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၂၃ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၃၂၄)


**အလှူဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID–19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID–19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၊ မြိတ်မြို့နယ်တို့တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကျန်းမာရေးဝန်ကြီးဌာန**
**အမိန့်အမှတ် ၃၃၂/၂၀၂၁**
**၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်နေ့**
**(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)**

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် COVID–19 ခတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်း မြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်များတွင်၏ နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည် –

(က) ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(၁) တပ်ကုန်းမြို့နယ်။

*စာမျက်နှာ ၅ ကော်လံ ၁* ❒

**ယနေ့ ဖတ်စရာ**


ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ — စာ ၄

ကမ္ဘာ့လူသားများနှင့် ကိုဗစ်ရောဂါ ပြဿနာကို ပေါ့ပေါ့တန်တန် သဘောမထားဘဲ အလေးအနက်ထား စဉ်းစားအဖြေထုတ် ကုစားကြဖို့ အချိန်တန်ပြီ — ဆောင်းပါး — စာ ၆

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့မှ လူပေါင်း ၁၇၀၀၀ အား အမေရိကန် ကယ်တင် — နိုင်ငံတကာသတင်း — စာ ၁၃


## တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နှင့် ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့က လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများနှင့် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ရောက်ရှိ



ရန်ကုန် ဩဂုတ် ၂၂

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နှင့် ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့ကလှူဒါန်းသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများနှင့် ဆေးဘက်ဆိုင်ရာ အထောက်အကူပြု ပစ္စည်းများ တင်ဆောင်လာသည့် Air China လေယာဉ်သည် ပေကျင်းမြို့မှ ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရာ အဆိုပါ ဆေးနှင့် ဆေးပစ္စည်းများကို ဒဂုံမြို့နယ်ရှိ နယ်မြေခံ တပ်မတော်ဆေးရုံမှ ဗိုလ်မှူးကြီး ဇော်မျိုးဟန်နှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ

*စာမျက်နှာ ၄ ကော်လံ ၁* ❍

# နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လိုအပ်ချက်

မိမိတို့နိုင်ငံသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် နိုင်ငံဖြစ်သည်။ ၁၉၄၈ ခုနှစ်တွင် နိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီးနောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပါလီမန်ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကျင့်သုံးခဲ့သည်။ လွတ်လပ်ရေးအရယူရန်အတွက် နယ်ချဲ့အစိုးရလက်အောက်တွင် အလျင်အမြန်ရေးဆွဲခဲ့ရသည့် အခြေခံဥပဒေတွင် အားနည်းချက်များ ပါရှိခဲ့သလို ပါလီမန်ဒီမိုကရေစီစနစ်သည်လည်း အကွဲအပြဲများစွာဖြင့် ဇာတ်သိမ်းခဲ့ရသည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာမူ တစ်ပါတီပုံစံ ဆိုရှယ်လစ်ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံကို တည်ထောင်ခြင်းဖြစ်သော်လည်း ကမ္ဘာ့အခြေအနေ၊ မြန်မာ့အခြေအနေ အပြောင်းအလဲများတွင် မအောင်မြင်ပြန်သည့်အခါ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို မြန်မာပြည်သူတို့ လိုလားလာကြသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူများ၏ လိုအင်ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကို မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေစွာ ထူထောင်နိုင်ရန်အတွက် အခက်အခဲ အနှောင့်အယှက်များကြားမှ မဆုတ်မနစ်သော ဇွဲလုံ့လတို့ဖြင့် ကြိုးပမ်းပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအရ နိုင်ငံတော်၏ အခြေခံမူ (၆) ရပ်တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးသည် အခြေခံမူတစ်ရပ်အဖြစ် ပါဝင်သည်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ပြည့်နှစ်တွင်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပခဲ့ပြီး နိုင်ငံကိုလည်း ဒီမိုကရေစီခေတ် အစိုးရနှစ်ဆက် စီမံအုပ်ချုပ်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင်မူ ရှေ့တွင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲနှစ်ရပ်နှင့် ခြားနားစွာ ရွေးကောက်ပွဲအကြိုကာလ၌ပင် ပွဲဆူခဲ့သည်။ ကန့်ကွက်မှုများ၊ တောင်းဆိုမှုများအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ ပြဿနာများ ကြီးကြီးသေးသေးအားလုံးကို အာဏာရအစိုးရသည်လည်းကောင်း၊ အစိုးရက လွှမ်းမိုးထားသည့် မဲဏ္ဍိုင်ကြီးသုံးရပ်သည်လည်းကောင်း၊ ထိုစဉ်က ရွေးကောက်ပွဲ ကော်မရှင်သည်လည်းကောင်း လျစ်လျူရှုခဲ့သည်။ ရှင်းစရာမလိုဟု သဘောထားထားခဲ့သည်။ စုပေါင်းတွေ့ဆုံဆွေးနွေးအဖြေရှာရေးကို မျက်နှာလွှဲ၍ ဒီမိုကရေစီ ယဉ်ကျေးမှုကိုပါ ချောင်ထိုးခဲ့သည်။ နိုင်ငံတော်၏ အခြေခံမူဖြစ်သည့် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးကို မျက်ကွယ်ပြုကာ စည်းကမ်းဖောက်ခဲ့သည်။ ပြဿနာများရှိနေသည်ကို မဖြေရှင်းဘဲ အာဏာရယူရန်၊ လွှတ်တော်ကို ဇွတ်ခေါ်ခြင်းက နိုင်ငံ့အာဏာကို အဓမ္မရယူရန် ကြိုးပမ်းသည့် အခြေသို့ဆိုက်ခဲ့သည်။

ယင်းဖြစ်စဉ်မှ နောက်ဆက်တွဲဖြစ်ပေါ်လာသည့် အကျိုးဆက်ကို မိမိတို့နိုင်ငံနှင့် ပြည်သူများ ယနေ့ခံစားနေကြရခြင်းဖြစ်သည်။ နိုင်ငံ၏ အရေးပေါ်ကာလအခြေအနေ၊ အိမ်စောင့်အစိုးရ၏ မြန်မာ့ဒီမိုကရေစီလမ်းကြောင်း အတိမ်းအစောင်းကို ပြန်လည်တည့်မတ်စေရေး လုပ်ငန်းများ အကောင်အထည်ဖော်မှု၊ အကြမ်းဖက် အဖျက်သမားတို့၏ အလုံးစုံပျက်သုဉ်းရေး အဖျက်အမှောင့်လုပ်ငန်းများ၊ မီးရှို့ဖောက်ခွဲဖျက်ဆီး ပစ်ခတ်သတ်ဖြတ်မှုများ၊ အနာဂတ်ပျောက်သွားသည့် လူငယ်များ၊ လမ်းမှားရောက်သွားသည့် မျိုးဆက်သစ်များ စသည်တို့မှာ မိမိတို့လတ်တလော တွေ့မြင်နေရသည့် နိုင်ငံ၏ မြင်ကွင်းပုံရိပ်များဖြစ်သည်။

နိုင်ငံသည် ထာဝရဖြစ်၍ အစိုးရဟူသည် တစ်ခဏသာဖြစ်သည်။ နိုင်ငံ၏ ပိုင်နက်နယ်မြေများ ထာဝရတည်တံ့ခိုင်မြဲရေး၊ နိုင်ငံ၏ အချုပ်အခြာအာဏာ သူတစ်ပါးလက်သို့ မကျရောက်ရေး၊ နိုင်ငံ၏ ပြည်သူများဘဝ အေးချမ်းသာယာဝပြောရေးတို့အတွက် ဖန်တီးတည်ဆောက် အကောင်အထည်ဖော်ကြရာတွင် အစိုးရနှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှု အားကောင်းဖို့လိုသည်။ မိမိတို့နိုင်ငံ၏ လတ်တလော လိုအပ်ချက်မှာ တိမ်းစောင်းသွားခဲ့သော ဒီမိုကရေစီလမ်းကြောင်းကို ပြန်လည်တည့်မတ်စေရေး ဆောင်ရွက်ရာတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ အဓိကလိုအပ်ခြင်းပင်ဖြစ်သည်။ နိုင်ငံမတည်ငြိမ် မအေးချမ်းဘဲ၊ တရားဥပဒေစိုးမိုးမှုမရှိဘဲနှင့် ဒီမိုကရေစီမဏ္ဍိုင် မတည့်မတ်နိုင်သည့်အလျောက် တစ်ယောက်ချင်းစီပါဝင်သည့် စုပေါင်းအားဖြင့် ဝိုင်းဝန်းတည့်မတ်နိုင်ကြပါစေကြောင်း။ ။

## အသိပေးကြေညာခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ဩဂုတ်လ ၂၃ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်ရှည်အဖြစ် ကြေညာခဲ့ပါသည်။ အများပြည်သူ အလုပ်ပိတ်ရက်ရှည်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသမှုဆိုင်ရာ ဆေးဝါး/ဆက်စပ်ပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်း တင်သွင်းခြင်းကိစ္စရပ်များအား (ရေကြောင်း/လေကြောင်း/နယ်စပ်) လမ်းကြောင်းများမှတစ်ဆင့် လွယ်ကူလျင်မြန်စွာ အခက်အခဲမရှိ တင်သွင်းနိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပိတ်ရက်မရှိ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

## ပုသိမ်ကြီးမြို့နယ် ပရဟိတအသင်းသို့ ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော် လာရောက်အားဖြည့်ကူညီ

**ပုသိမ်ကြီး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာရှိ မေတ္တာစေတနာရှင် လူမှုကူညီရေးအသင်းရုံးနှင့် အောက်ဆီဂျင်အခမဲ့ဖြန့်ဖြူးပေးသည့် အသင်းခွဲနေရာ ရွှေလှည်း (Tea Garden) သို့ အသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်သည် ယနေ့နံနက် ၉ နာရီက ရောက်ရှိပြီး အသင်းဥက္ကဋ္ဌနှင့် အသင်းဝင်အချို့အား တွေ့ဆုံ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာများ ပြန်လည်မျှဝေပြောကြားသည်။



ဆက်လက်၍ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်သည် မေတ္တာစေတနာရှင် လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးမျိုးဝင်းနိုင်နှင့် အသင်းသားများအား ကိုဗစ်-၁၉ ရောဂါကာလဖြစ်သည့်အတွက် လူမှုကူညီရေး ပရဟိတလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အသုံးဝင်မည့် (PPE) ဝတ်စုံ စနစ်တကျဝတ်ဆင်ပုံကို သရုပ်ပြရှင်းလင်းပြသပေးခဲ့သည်။

ထို့နောက် မေတ္တာစေတနာရှင် လူမှုကူညီရေးအသင်း၏ နာရေးလမ်းကြောင်း တစ်ခု၌လည်း အသင်းဝင်များနှင့်အတူ အသင်းမော်တော်ယာဉ်မောင်းပြီး ပါဝင်အားဖြည့် ဆောင်ရွက်ပေးခဲ့သည်။ ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်သည် ဩဂုတ် ၂၁ရက်က ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မန္တလေးနည်းပညာတက္ကသိုလ် (MTU) ၌ ဖွင့်လှစ်ထားသော ရန်ကင်းကိုဗစ်စင်တာ(မန္တလေး) သို့လည်း သွားရောက် အားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ငဖဲမြို့နယ် ချင်းစုကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ငဖဲ ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ချင်းစုကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၃၆ ဒသမ ၁၃၁ သန်းဖြင့် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းကို ၂၀၂၁ ခုနှစ် ဇူလိုင်လမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး၍ ကျေးရွာရှိ တောင်သူ ၁၇ ဦးတို့၏ လယ်မြေ ဧက ၂၀ ကျော်ကို ရာသီမရွေး စိုက်ပျိုးရေများပေးဝေနိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်ပြည်သူများ၏ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယခုဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၃၆ ဒသမ ၁၃၁ သန်းဖြင့် ချင်းစုကျေးရွာ စိုက်ပျိုးရေ ရရှိရေးအတွက် အနက်ပေ ၄၀ ရှိ အကျယ်လေးလက်မ စက်ရေတွင်းလေးတွင်းတူးဖော်ခြင်း၊ ရေမြှုပ်ပန့်များတပ်ဆင်ခြင်း၊ ဆိုလာ ၁၀ ဒသမ ၈၈ ကီလိုဝပ် တပ်ဆင်ခြင်း၊ ခြံစည်းရိုး ကာရံခြင်းနှင့် ကြမ်းခင်းခင်းခြင်း လုပ်ငန်းတို့ကို Pro Engineering ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်ခဲ့၍ ယခုလုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ စိုက်ပျိုးရေများ ပေးဝေနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်က ပြောသည်။ **မောင်ကျေးလက်**



## အင်းတော်မြို့နယ်၌ ကျေးရွာမတည် ရန်ပုံငွေများ ထုတ်ချေး

**စစ်ကိုင်း ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကျေးလက်ဦးစီးဌာနမှ အင်းတော်မြို့နယ် နန့်ခင့်အုပ်စု အင်းရွာကျေးရွာတွင် ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေးကုစားမှုအစီအစဉ်အရ ကျေးရွာမတည်ရန်ပုံငွေကို ဒုတိယနှစ်အတွက် ထုတ်ချေးဆောင်ရွက်ကြောင်း သိရသည်။

ထိုကဲ့သို့ထုတ်ချေးရာတွင် စိုက်ပျိုးရေးလုပ်ကိုင်သူ ၃၅ ဦးအတွက် ငွေကျပ် ၁၂၅ သိန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၂၂ ဦးအတွက် ငွေကျပ် ၆၈ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးအတွက် ငွေကျပ် ၂၅ သိန်း၊ ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ၂၁ ဦးအတွက် ငွေကျပ် ၇၄ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူ ခြောက်ဦးအတွက် ၁၇ သိန်း၊ အသင်းသား ၉၆ ဦးတို့ကို ငွေကျပ် ၃၀၉ သိန်း ထုတ်ချေးပေးခဲ့ပြီး ယင်းချေးငွေထုတ်ချေးပေးရာတွင် ကိုဗစ်-၁၉ စည်းကမ်းချက်နှင့် ကိုက်ညီစေရန် အင်းတော်မြို့နယ် ခေတ္တကျေးလက်ဦးစီးမှူး ဦးစောနိုင်ဦးနှင့် တာဝန်ခံတို့က အွန်လိုင်းစနစ်ဖြင့် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **လူအောင်(ကသာ)**

## ပြည်တွင်းကုန်ထုတ်လုပ်မှုများ များပြားအောင် ဆောင်ရွက်

မိမိတို့နိုင်ငံသည် ကုန်သွယ်မှုနှင့် ဘတ်ဂျက်လိုငွေများရှိကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ များပြားအောင်ဆောင်ရွက်ပြီး ပြည်ပသွင်းကုန်များ လျှော့ချရန်လိုကြောင်း၊ အထူးသဖြင့် ပြည်ပနိုင်ငံများမှ စားသုံးကုန်များတင်သွင်းနေရကြောင်း၊ ဥပမာအားဖြင့် စားသုံးဆီများအား ပြည်ပမှ ငွေကြေးသန်းပေါင်းများစွာဖြင့် တင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများ ဖြစ်သည့် နေကြာ၊ ပန်းနှမ်း၊ မြေပဲ၊ ဆီအုန်းများကို စိုက်ပျိုးကြကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် ဆီအုန်းစိုက်ဧက ၃၉၁၀၀၀ ကျော် ခွင့်ပြုပေးထားကြောင်း၊ အဆိုပါစိုက်ဧကများအား အပြည့်အဝစိုက်ပျိုးနိုင်မည်ဆိုပါက ဆီတန်ချိန် ၄ ဒသမ ၅ သိန်းခန့်အထိ ထွက်ရှိနိုင်သည်ကို ပညာရှင်များ၏ တွက်ချက်မှုအရ သိရှိရကြောင်း၊ ဆီအုန်းမှဆီထွက်ရှိမှုသည် အခြားဆီထွက်သီးနှံများထက် များပြားသည်ကို တွေ့ရှိရသဖြင့် တနင်္သာရီတိုင်းဒေသကြီးအား မိမိတို့နိုင်ငံ၏ဆီအိုးကြီးအဖြစ် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူများနှင့် လုပ်ငန်းရှင်များအနေဖြင့် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ပါက ပြည်ပမှစားအုန်းဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်နှင့် ပတ်သက်၍ နိုင်ငံခြားငွေရရှိရန် တရားဝင်လမ်းကြောင်းမှ ပြည်ပပို့ကုန်များတင်ပို့နိုင်ရေးကို အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၈-၂၀၂၂ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း ပဲခူးအချုပ်ထောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးအချုပ်ထောင်ကို ကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့ ပဲခူးအချုပ်ထောင်ရှိ ဗဟိုကင်းစစ်ရေးပြအဖွဲ့၊ အကျဉ်းသားအိပ်ဆောင်၊ သောက်ရေသန့်စက်ရုံနှင့် စားဖိုဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အကျဉ်းသားများကို အချုပ်ထောင်စည်းကမ်းများနှင့်အညီထားရှိပြီး ရသင့်ရထိုက်သည့် ကျွေးမွေးမှုများကိုလည်း ကောင်းမွန်မှန်ကန်စွာ ကျွေးမွေးရန်နှင့် ထောင်အတွင်းပို့မည့် ရိက္ခာများကို ဘုတ်အဖွဲ့ဖြင့် စနစ်တကျစစ်ဆေးရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် တားဆီး ထိန်းချုပ်ရေးဆိုင်ရာ ထုတ်ပြန်ချက်များနှင့်အညီ လိုက်နာမှုရှိစေရေး တင်းတင်းကျပ်ကျပ် ဆောင်ရွက်ရေးအတွက် အကျဉ်းသားများကို ဦးစီးကြပ်မတ်ရသည့် ဝန်ထမ်းများက တိကျစွာ လိုက်နာကျင့်သုံးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့ရှိ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲဗလ အစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်ထဲရေးဝန်ကြီးဌာနသည် လုံခြုံရေးဦးစားပေး ဆောင်ရွက်ရသည့်ဌာနဖြစ်ကြောင်း၊ လုံခြုံရေးအမြင်ရှိရန်နှင့် သတိဝီရိယဖြင့် နေထိုင်သွားလာလုပ်ကိုင်ကြရန် လိုအပ်ကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်မှလည်း လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး အမြဲမပြတ် စစ်ဆေးကြပ်မတ်နေရန် လိုအပ်ကြောင်း၊ ဌာနတိုင်းစိုက်ပျိုး၊ မွေးမြူရေးတစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြရန်နှင့် လတ်တလောကာလတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများပြားနေသဖြင့် ကူးစက်မှုမခံရစေရေး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နေထိုင်သွားလာရေးတို့ကို မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးဝင်းအတွင်းရှိ ရဲတပ်ဖွဲ့ ဓမ္မာရုံတွင် ရဲတပ်ဖွဲ့ဝင်မိသားစုများက ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လက်သန့်ဆေးရည်နှင့် Hand Gel ဖော်စပ်ထုတ်လုပ်ရောင်းချနေမှုတို့ကိုကြည့်ရှုကာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသာမက ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အခြားတပ်ဖွဲ့၊ ဦးစီးဌာနများနှင့် အများပြည်သူများကိုပါ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရန်နှင့် ယခုထက်ပိုမိုဈေးနှုန်းချိုသာစွာ ထုတ်လုပ်ရောင်းချပေးနိုင်ရေး ဆောင်ရွက်ရန် အားပေးစကားပြောကြားကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဆောင်ရွက်မည်

**ပဲခူး ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၂)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ခရီးသွားလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ မိမိတို့ ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်တွင်း/ပြည်ပ ခရီးသွားများ စိတ်ဝင်စားဖွယ်ရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ စိမ်းလန်းစိုပြည်သော သဘာဝ တောတောင်ရေမြေများရှိသည့်အတွက် ကိုဗစ်-၁၉ရောဂါ ကာလအလွန်တွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး အခြေခံခရီးသွားလုပ်ငန်း၊ လူထုအခြေပြု ခရီးသွားလုပ်ငန်း၊ အင်း/ဆည်/ရေလှောင်တမံများကို အသုံးချပြီး ခရီးသွားများဆွဲဆောင်မှုရှိသည့် ခရီးစဉ်ဒေသသစ်များအား ဖော်ထုတ်ခြင်းနှင့် ပြည်မြို့၌ ရောဝတီမြစ်အားအမှီပြု၍ အများပြည်သူ စိတ်လက်အပန်းဖြေနိုင်စေရေး ပြည့်စုံကောင်းမွန်သော ကမ်းနားလမ်းဖော်ထုတ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးဟောက်ကျင်မုန်က ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်ဆောက်လုပ်ခွင့်၊ ဟိုတယ်လိုင်စင်သက်တမ်းတိုးခြင်း၊ ဟိုတယ်အမည်ပြောင်းခြင်းနှင့် ဧည့်လမ်းညွှန်လိုင်စင်သက်တမ်းတိုးခြင်း စသည့် အမှုတွဲ ၁၅ တွဲကို တင်ပြရာ တက်ရောက်လာသည့် ဒေသဆိုင်ရာခရီး သွားလုပ်ငန်းကော်မတီအဖွဲ့ဝင်များက အကြံပြုချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ထုံးလုပ်နည်း ဥပဒေနှင့်အညီ ဆုံးဖြတ်ပေးကြောင်း သတင်းရရှိသည်။

**တင်စိုး(ပဲခူး)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် Video conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်အား စိမ်းလန်းစိုပြည်ပြီး Green City, Smart City ဖြစ်စေရေးအတွက် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုမရှိသည့် လျှပ်စစ်စွမ်းအင်သုံးယာဉ် (Electric Vehicle –EV) များဖြင့် အစားထိုးအသုံးပြုနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ EV များသည် ကနဦး ရင်းနှီးမြှုပ်နှံမှုများပြားသော်လည်း ရုပ်ကြွင်းလောင်စာသုံးယာဉ်များ၏ နှစ်အလိုက် ကုန်ကျမှုများနှင့် နှိုင်းယှဉ်ပါက တွက်ခြေကိုက်မှုရှိကြောင်းကို လေ့လာသိရှိရကြောင်း၊ EV များ တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်ရေးနှင့် လာရောက်ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များအား အခွန်များလျှော့ပေါ့ပေးခြင်း စသည့် ဆွဲဆောင်မှုများဖြင့် ဆောင်ရွက်နိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ ကုမ္ပဏီများနေဖြင့် EV နှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် စိတ်ဝင်စားမှုရှိပါက စက်မှုဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်ပံ့ပိုးမှုများကိုမူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နေပြည်တော်နယ်မြေ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်မြေအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးပါကြောင်း၊ နေပြည်တော်တွင်ရှိပြီးဖြစ်သည့် ဒက္ခိဏသီရိ အသေးစား၊ အလတ်စား စက်မှုဇုန်ကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ကူညီပံ့ပိုးပေးရမည်ဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများအတွက် လိုအပ်သော နည်းပညာရရှိရေး၊ ငွေကြေးရင်းနှီးမြှုပ်နှံမှု၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မိမိတို့ဝန်ကြီးဌာနမှ အစွမ်းကုန်ကူညီဖြည့်ဆည်းပေးနိုင်ရေးအတွက် လက်တွေ့ကျသည့် လုပ်ငန်းဆောင်ရွက်မှု အစီအမံများအား တင်ပြဆွေးနွေးကြရန် လမ်းညွှန်မှာကြားသည်။




ဆက်လက်၍ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုမရှိသည့် လျှပ်စစ်စွမ်းအင်သုံးယာဉ်များ ပြည်တွင်း၌ ထုတ်လုပ်သုံးစွဲရေးနှင့် ပတ်သက်သည့် ဆောင်ရွက်ခဲ့မှု၊ ဆောင်ရွက်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ နေပြည်တော်နယ်မြေအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှု မရှိစေဘဲ အမြန်ဆုံးဝင်ရောက်နိုင်ရေးအတွက် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်သွင်းခွင့်ပြုပေးလျက်ရှိရာ အများပြည်သူ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ကြေညာထားသည့် ဩဂုတ် ၂၃ ရက်မှ ၃၁ ရက်အတွင်း၌လည်း အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ လွယ်ကူမြန်ဆန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ ထီးခီး ကုန်သွယ်ရေးစခန်း လေးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၁၆ ခုမှ ယာဉ်စီးရေ ၃၀ ဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ် လေးစီးဖြင့် ၇၈ တန်၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် ၇ တန်၊ Oxygen (အရည်) Storage Container နှင့် Distributor တစ်ခုစီ၊ အောက်ဆီဂျင်(အိုးခွံ) ၄၉၆၄ ခု၊ Oxygen Plant နှစ်ခု၊ အောက်ဆီဂျင်ဖြည့်စက် တစ်ခု၊ အိမ်သုံး Oxygen Concentrator ၅၉၇ ခု၊ PPE ဝတ်စုံနှင့် နှာခေါင်းစည်း (Mask) များ တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည် (Bowser) ယာဉ် လေးစီးမှာ ရန်ကုန်မြို့သို့ သုံးစီးနှင့် မော်လမြိုင်မြို့သို့ တစ်စီးဖြစ်ပြီး Oxygen Plant နှစ်ခုမှာ မန္တလေးမြို့နှင့် လားရှိုးမြို့သို့ တစ်စီးစီဖြစ်ကြောင်း သိရသည်။




မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင် တင်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ် ကုသရေး ပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါက လည်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ် မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ထိုသို့ရောက်ရှိလာသော ဆေးနှင့်ဆေးပစ္စည်းများတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မြန်မာ့တပ်မတော်သို့လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး SARS-CoV-2 Vaccine (Vero Cell) အလုံး ၄၀၀၀၀၀၊ ဆေးထိုးအပ် ၄၀၃၂၀၀၊ ပေကျင်းမြို့ရှိ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးမှ ဆေးဘက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများဖြစ်သည့် Oxygen Concentrator ၁၆ လုံး၊ PPE ဝတ်စုံ ၂၄၀၊ Mask ၁၀၃၅၀၀၊ ပေကျင်းမြို့ရှိ မြန်မာသံရုံး မှလှူဒါန်းသည့် Carrimycin ဆေးပြား ၇၂၀၀၀၊ Mask ၁၀၀၀၀၀ တို့ ပါဝင်သည်။

အဆိုပါ တရုတ်နိုင်ငံမှ ရောက်ရှိလာသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများနှင့် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဒဂုံမြို့နယ်ရှိ ဆေးသိုလှောင်ရေးတပ်နှင့် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကာကွယ်ဆေးသိုလှောင်ခန်းတို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးခဲ့

**နေပြည်တော် ဩဂုတ် ၂၂** – စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မိုး/ဇလ**

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၂**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့ သာသနာ့ပါလမွန်ကျောင်းတိုက်သို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များက သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး အထောက်အကူပြုဆေးဝါးများကို ဆက်ကပ်လှူဒါန်းကြသည်။ (ယာပုံ)

အလားတူ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပိန္နဲကုန်းကျေးရွာရှိ ဣဒ္ဓိနန္ဒာရာမပရိယတ္တိစာသင်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဝိသုဒ္ဓါရုံကျောင်းတိုက်၊ ကျုံပျော်မြို့ ဇေတဝန်ကျောင်းတိုက်၊ အသောကာရာမကျောင်းတိုက်၊ ဇေယျာသီရိကျောင်းတိုက်နှင့် ပြည်လုံးပေါ်ဘုရားကြီးကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သီရိမင်္ဂလာသရက်တောကျောင်းတိုက်၊ ပြင်ဦးလွင်မြို့ရှိ ခန္တီးဘုန်းတော်ကြီးကျောင်း၊ အေးမြချမ်းသာသီလရှင်စာသင်တိုက်နှင့် ဇယန်းသာသနာ့ယက္ခိတသီလရှင်စာသင်တိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**




# ခန္တီးမြို့၌ အောက်ဆီဂျင်စက်ရုံသစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပ

**ခန္တီး ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် အောက်ဆီဂျင်စက်ရုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်က ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် Oxygen Plant စက်ရုံနှင့် ပတ်သက်သည့် အချက်အလက် စာရွက်စာတမ်းများကို စစ်ဗျူဟာအခြေချ (ခန္တီး) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး သက်ထူးစံက ပေးအပ်ရာ ခန္တီးခရိုင်ပြည်သူ့ဆေးရုံအုပ် ဒေါက်တာ နန်းမြတ်မြတ်မွေးက လက်ခံရယူသည်။ (ဝဲပုံ)

ဆက်လက်၍ Oxygen Plant စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို သက်ဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ကြသည်။ ထို့နောက် Oxygen Plant စက် စတင်လည်ပတ်မှုနှင့် အောက်ဆီဂျင်ထုတ်လုပ်ပေးနိုင်မှုများကို တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ဖြိုးနိုင်က လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ အောက်ဆီဂျင်စက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ခန္တီးမြို့နယ်အတွက် ပေးပို့လှူဒါန်းခဲ့ခြင်းဖြစ်ပြီး တစ်ရက်လျှင် လီတာ ၄၀ ဝင် အောက်ဆီဂျင်အိုး ၄၈ လုံး ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။

ယခင်ခန္တီးမြို့တွင် အသုံးပြုလည်ပတ်လျက်ရှိသည့် အောက်ဆီဂျင်စက်မှာ တစ်ရက်လျှင် လီတာ ၄၀ ဝင် အောက်ဆီဂျင်အိုး ၁၀ လုံးသာ ထွက်ရှိပြီး ယခုစက်မှာ ၄၈ လုံး ထွက်ရှိသည့်အတွက် ခန္တီးမြို့နယ်အတွင်းသာမက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်ကြသည့် လေရှီး၊ လဟယ်၊ နန်းယွန်းမြို့များရှိ ဒေသခံတိုင်းရင်းသားပြည်သူများ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားပါက အောက်ဆီဂျင်လိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဒီဇိုင်း(ရတနာမြေ)**

❒ *ရှေ့ဖုံးမှ*

(ခ) **တနင်္သာရီတိုင်းဒေသကြီး**

(၁) ထားဝယ်မြို့နယ်၊

(၂) မြိတ်မြို့နယ်။

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် -

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် -

(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊

(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်း လုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့် စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊

(၃) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှားလေယာဉ် ခရီးစဉ်များအတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်း လိုင်းများ/ အထွေထွေလေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ်ဆီဖြည့်တင်းရေးလုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/ တင်ပို့ခြင်းလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ လေယာဉ်တင် အစားအသောက် ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(၄) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိကဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/ သွင်းကုန် သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်း ကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊

(၅) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)စက်ရုံ၊ အလုပ်ရုံများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊

(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင်တစ်ဦးသာ သွားရောက်ရန်၊

(င) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင်နှစ်ဦးသာ သွားရောက်ရန်၊

(စ) နေအိမ်မှ ပြင်ပသို့သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း(Mask) တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

(ဈ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များသွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၃-၈-၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

# ကမ္ဘာ့လူသားများနှင့် ကိုဗစ်ရောဂါပြဿနာကို ပေါ့ပေါ့တန်တန်သဘောမထားဘဲ အလေးအနက်ထား စဉ်းစားအဖြေထုတ် ကုစားကြဖို့ အချိန်တန်ပြီ

မြင့်မောင်အေး (ရေစကြို)

**လူ့လောကတွင် နေခဲ့ရသည့် သက်တမ်းအနှစ်ရှစ်ဆယ်ကျော်အတွင်း ကမ္ဘာ့ကပ်အသီးသီးကိုလည်း တွေ့ကြုံခဲ့ရဖူးပါသည်။ ဥပမာ-ဂျပန်ခေတ်က ဝဲရောဂါ၊ ဒေသအလိုက် ကွက်ကျားဖြစ်သည့် ရောဂါဖြစ်သည်။ အလားတူ ပုလိပ်ရောဂါလည်း ဒေသအလိုက်၊ မြို့ပြအလိုက်၊ ကျေးရွာအလိုက်ကွက်၍ ဖြစ်ပွားခဲ့သဖြင့် ပုလိပ်ရောဂါဖြစ်သည့် ရွာကိုပစ်၍ ပြေးသဖြင့် အသက်ဘေးမှ လွတ်ဝေးခဲ့ကြသည်လည်း ရှိသည်။ ကျောက်ကြီးရောဂါဖြစ်စဉ်ကလည်း ကပ်ရောဂါဆိုသော်လည်း လူတိုင်းကို မကူးစက်ပါ။ အထူးသဖြင့် ကလေးများကို အကူးအစက်များပြီး သေကျေမှုများပါသည်။**

ထိုသို့သော ဝဲရောဂါ၊ ပုလိပ်ရောဂါ၊ ကျောက်ရောဂါတို့ အားလုံးသည် ကုသရန်ဆေးဝါးရှိသည်။ ကုသ၍လည်း ရခဲ့သည့်အတွက် ကြောက်စရာရောဂါများဟု မဆိုနိုင်တော့ပါ။ မကြာသေးမီကာလက ပေါ်ပေါက်ခဲ့သည့် လူတွေကြောက်ပြီး ကုမရသည့်ရောဂါတစ်မျိုးမှာ အေအိုင်ဒီအက် (AIDS) ရောဂါကို ကုရာနတ္ထိဆေးမရှိဟု ဆိုကြသည်။ ဤရောဂါသည် တကယ်တော့ လူတိုင်းကြောက်စရာမလိုပါ။ စာရိတ္တချို့ယွင်းသူများသာ ဖြစ်ပွားတတ်သောရောဂါ ဖြစ်ပါသည်။ လူတချို့ မတော်တဆကူးစက်သည်ဆိုသော်လည်း အများအပြား မဟုတ်ပါ။ အနည်းစုသာ ဖြစ်ပါသည်။ ယခုတော့ အနေအထိုင်ဆင်ခြင်လျှင် ကုသ၍ရသောရောဂါဟုပင်အေအိုင်ဒီအက်ကို အသိအမှတ်ပြုလိုက်ကြပါသည်။

ရှေးယခင်အခါက ကမ္ဘာကို ဒုက္ခပေးခြိမ်းခြောက်ခဲ့သည့် ပထမကမ္ဘာစစ်ကြီး၊ ဒုတိယကမ္ဘာစစ်ကြီးများ အဏုမြူလက်နက်၊ ဟိုက်ဒရိုဂျင်လက်နက်နှင့် ကမ္ဘာ့ကပ်ရောဂါအမျိုးမျိုးတို့သည် လောကကြီးတစ်ခုလုံးကို သိမ့်သိမ့်တုန်သွားအောင် မခြောက်လှန့်နိုင်ခဲ့ပါ။ သူတို့မှာ ဖြေလျှော့စရာအချက်များ ရှိခဲ့ပါသည်။

စစ်ကိုငြိမ်းချမ်းရေးရယူ၍ ပြေလည်နိုင်ခဲ့သည်။ ရောဂါကို ဆေးပညာရှင်များ၏ အစွမ်းအစဖြင့် ချေဖျက်နိုင်ခဲ့ပါသည်။

ယခုကာလတွင် ဖြစ်ပွားနေသော ကိုဗစ်- ၁၉ ရောဂါသည်သာ ကမ္ဘာကြီးတစ်ခုလုံးကို လှည်းနေလှေအောင်း မြင်းဖောင်းပါမကျန် ရောဂါဖြစ်ပွားနှုန်းက တစ်နေ့တစ်မျိုးမရိုးရအောင် မြင့်မားနေသည်မှာ သူ့စွမ်းအားပင် ဖြစ်နေသည်။

ကိုဗစ်ကို ချီးကျူးစရာတစ်ခုတော့ ရှိနေပါသည်။ ယနေ့ခေတ် ကုလသမဂ္ဂအဖွဲ့ကြီးကဲ့သို့ ရန်ပုံငွေ များများတတ်နိုင်သည့်ဘက်ကိုလည်း မလိုက်ပါ။ အင်အားကြီးသည်၊ အင်အားငယ်သည်၊ နိုင်ငံကြီးသည်၊ ငယ်သည်၊ အုပ်စုတောင့်သည်၊ အုပ်စုအားနည်းသည်ကိုကြည့်ပြီး ဘယ်သူ့ဘက်မှ မျက်နှာမလိုက်ပါ။ ကိုဗစ်က သူ့အကွက်ထဲဝင်လာလျှင် အကုန်စားမှာဖြစ်ပါသည်။

### နေရာတကာတွင် လူတွင်ကျယ်လုပ် ဗိုလ်ကျချင်သည့် အမေရိကန်

သာဓကအားဖြင့် အမေရိကန်နိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ စစ်လက်နက်အင်အား စသော စူပါပါဝါ ကြီးသုံးခုကို ကိုင်ဆောင်ထားပြီး နေရာတကာတွင် ငါသာလျှင် အတော်ဆုံး၊ အတတ်ဆုံး၊ အင်အားအရှိဆုံး၊ ငါ့ကို မည်သူမျှ မပြိုင်နိုင်ပါဟူသော သဘောဖြင့် (I am American) ငါဟာ အမေရိကန်လူမျိုးဟူ၍ အမြဲမပြတ် ဂုဏ်ယူဝင့်ကြွားပြောဆိုနေထိုင်လေ့ရှိသည်။

ဤကဲ့သို့မာန်မာနတက်ကြွနေသော အမေရိကန်ကြီးသည်ပင်လျှင် ယနေ့ကာလအထိ ကိုဗစ်ကို နှိမ်နင်းနိုင်သော လက်နက်ပါဝါသူ့တွင် ရှိသည်ကို မတွေ့ရသေးပါ။ ကိုဗစ်ကိုတော့ အမေရိကန်လည်း မတွန်းလှန်နိုင်ဖြစ်နေပါသေးသည်။

### ဒီမိုကရေစီနှင့်ကိုဗစ် ဘယ်သူ့ကိုပိုချစ်ကြမည်နည်း

အမေရိကန်အပါအဝင် အနောက်နိုင်ငံ အင်အားစုများသည်



အရာရာတွင် ဒီမိုကရေစီဟု ဟစ်ကြွေးပြီး စည်းမဲ့ကမ်းမဲ့ လွတ်လပ်ချင်ကြသည်။ အနောက်ယဉ်ကျေးမှုအရ လွတ်လွတ်လပ်လပ် ပွတ်ချင်သပ်ချင် ရင်ချင်းထပ်၍ လွတ်လွတ်လပ်လပ်ကြီး နေချင်သလို နေပြလိုက်ချင်ကြသေးသည်။ ၎င်းတို့ အစိုးရများက ကိုဗစ်ကာလဖြစ်သည့်အတွက် ကိုဗစ်ကို တွန်းလှန်နိုင်ရန် အိမ်ထဲမှာပင် စည်းနှင့်ကမ်းနှင့် နေထိုင်ကြရန်နှင့် ပျော်ပွဲကပွဲများ မပြုလုပ်ရန် လူစုလူဝေးနှင့် မနေထိုင်ကြရန် အမိန့်ထုတ်ပြန်သည့်အခါတွင်လည်း လိုက်နာခြင်းမရှိသည့်အပြင် လွတ်လပ်မှုကို ထိန်းချုပ်သည်ဟူသော စွပ်စွဲချက်ဖြင့် တစုတဝေးကြီး ဆန္ဒပြလိုက်ကြသေးသည်။ ဤကဲ့သို့ ပြုလုပ်သည်ကို ဒီမိုကရေစီလိုလားပါသည်ဟု ဟစ်ကြွေးချင်ကြသည့် သူတို့တစ်တွေ အစိုးရများကလည်း အလျှော့ပေး လိုက်လျောကြသော်လည်း ကိုဗစ်ကတော့ သူသတ်မှတ်ထားသည့် စည်းကမ်းကိုကျော်လာလျှင် အင်အားကြီးသည်၊ ငယ်သည်၊ ဆင်းရဲသည်၊ ချမ်းသာသည်၊ ပညာတတ်သည်၊ ပညာမဲ့သည် မည်သူ့ကိုမျှ ချမ်းသာပေးမည် မဟုတ်ပါ။ သူသတ်မှတ်ထားသော စံချိန်စံညွှန်း စည်းကမ်းစနစ်အတိုင်းသာ အနိုင်ယူဝါးမျိုသွားသည်ကို တွေ့မြင်ရပါသည်။

အရာရာတိုင်းတွင် အနိုင်ယူဗိုလ်ကျ ပထမယူချင်သည့် အမေရိကန်သည် ကိုဗစ်ရောဂါပြန့်ပွားသေဆုံးမှုတွင်လည်း သူပင် ပထမရနေပါသေးသည်။ အမေရိကန်လူမျိုး ခြောက်သိန်းကျော် သေဆုံးပြီးသော်လည်း နိဂုံးချုပ်နိုင်ရန် နည်းလမ်းရှာမတွေ့သေးပါ၊ ဆက်လက်အောင်ပွဲခံနေမည့်သဘောပင် ဖြစ်ပါသည်။

### သဘာဝတရားကြီးက ကိုဗစ်ကို စေလွှတ်၍ လူသားတွေကို ပညာပေးပြီထင့်

ဤကဲ့သို့ ကမ္ဘာ့ကပ်ရောဂါဆိုးကြီး ဖြစ်ပေါ်လာရသည့် အကြောင်းအရင်းများကို ဆန်းစစ်သုံးသပ်ဖော်ထုတ်မည်ဆိုပါက ယနေ့ ၂၁ ရာစု လောကလူသားများသည် အဓမ္မတရား လက်ကိုင်ထားပြီး မသမာမှုများကို အလွန်အကျွံပြုလုပ်လာကြသည်ကို အောက်ပါဖြစ်ရပ်များက သက်သေခံလျက်ရှိပါသည်။

- အင်အားကြီးသော နိုင်ငံများက အင်အားနည်းသော နိုင်ငံများအပေါ် ပညာသားပါပါ ဗိုလ်ကျစိုးမိုး အနိုင်ကျင့်ခြင်း၊
- အင်အားကြီးမားသောအုပ်စုများက အင်အားငယ်သောအုပ်စုများအပေါ် အမြဲမပြတ်ခြိမ်းခြောက် အမြတ်ထုတ်ခြင်း၊
- နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ စစ်ရေးအင်အား အပြိုင်အဆိုင်တည်ဆောက်ကြပြီး အင်အား ချို့တဲ့သည့် နိုင်ငံများကို နည်းပရိယာယ်မျိုးစုံဖြင့် စည်းရုံးသိမ်းသွင်း၍ တပည့်အချင်းချင်းတိုက်ခိုက်စေပြီး လက်နက်ရောင်းချ အမြတ်ထုတ်ခြင်း။

**“ကိုဗစ်ကတော့ သူသတ်မှတ်ထားသည့် စည်းကမ်းကို ကျော်လာလျှင် အင်အားကြီးသည်၊ ငယ်သည်၊ ဆင်းရဲသည်၊ ချမ်းသာသည်၊ ပညာတတ်သည်၊ ပညာမဲ့သည် မည်သူ့ကိုမျှ ချမ်းသာပေးမည် မဟုတ်ပါ။ သူသတ်မှတ်ထားသော စံချိန်စံညွှန်း စည်းကမ်းစနစ်အတိုင်းသာ အနိုင်ယူဝါးမျိုသွားသည်ကို တွေ့မြင်ရ”**

ယနေ့ခေတ်လူသားများ၏ လောဘရမ္မက်စာရိတ္တချို့ယွင်းချက်များသည် ချမ်းသာမှု၊ ဆင်းရဲမှု မဟုတ်ပါ။ ဆင်းရဲသူရော၊ ချမ်းသာသူပါ သူ့နည်းသူ့ဟန်ဖြင့် လောဘတက်နေကြပါသည်။ ရိုးရိုးသားသား လုပ်ကိုင်စားသောက်ချင်သူက လူနည်းစုဖြစ်နေပါသည်။

ရိုးသားခြင်း၊ မရိုးသားခြင်း၊ စေတနာကောင်းခြင်း၊ မကောင်းခြင်းကလည်း ဆင်းရဲချမ်းသာနှင့် မဆိုင်ပါ။ လူချမ်းသာသလောက် စိတ်ရင်းကောင်းသူများရှိသကဲ့သို့ လူဆင်းရဲသော်လည်း စိတ်ထားဖြူစင်စေတနာကောင်းသူများလည်း တွေ့ရပါသည်။

သို့သော် လူတချို့သည် မရှိလို့လုပ်စားသော်လည်း ရိုးရိုးသားသား လုပ်ရမည်ကို တွန့်ဆုတ်ကြပါသည်။ မုသားမပါ လင်္ကာမချောဟု ပြောဆိုပြီး လိမ်ညာပြောဆို ရောင်းဝယ်ရမှ ထမင်းဝသည် ထင်ကြပါသည်။ မကောင်းသည့်ပစ္စည်းကိုကောင်းသည်ဟု ထင်မှတ်ရအောင် အတုတွေနှင့်ခြယ်မှုန်း၊ မမှည့်သည့်သစ်သီးကို မှည့်သယောင် ဆေးတို့၍ မှည့်ခိုင်း၊ ဒေါ်လာဈေးတက်လို့ ကန်စွန်းရွက် ဈေးတက်ရပါသည် ဆိုတာကရှိသေး၊ ရပ်ကွက်မီးလောင်သည့်အခါ ရပ်ကွက်တွင်းရှိ မီးထဲမပါသည့် ဓနိဆိုင်၊ဝါးဆိုင်က ဈေးမှန်ဖြင့်မရောင်း၊ ဈေးတင်အမြတ်ထုတ် မလုပ်သင့်တာတွေလုပ်နေ၊ ကြုံတာတွေ ပြောမယ်ဆိုရင် တစ်ပုံတစ်ပင်ကြီး ကုန်နိုင်မည်မထင်ပါ။ ဒီလိုစိတ်ဓာတ်မျိုးရှိနေသည့် ကမ္ဘာလူသားတွေဆီကို ကိုဗစ်လာတာ သိပ်တော့မဆန်းပါ။

### ကိုဗစ်ကာလအတွင်းက စေတနာအခန်းများ

ကိုဗစ်ရောဂါကြောင့် ဒုက္ခရောက်သူတွေ အများအပြားရှိပါသည်။ တချို့မိသားစုများဆိုလျှင် အဘိုးအဘွား မိသားစုအလိုက် သေကုန်ကြသဖြင့် ကလေးသူငယ်များချည်းသက်သက် မျက်စိသူငယ် နားသူငယ်ဖြင့် ကျန်ရစ်ခဲ့သည်များလည်း ရှိပါသည်။ ဤကဲ့သို့ အဖြစ်ဆိုးက ရှောင်ရှားနိုင်ရန်အတွက် ရှိမည့်စုငွေ အကုန်ခံ၍ ကြိုးစားခဲ့သည်ရှိရာဒါကိုပင် အခွင့်အရေးဟုတွက်ကာ လူသားမဆန် ရက်ရက်စက်စက် အမြတ်ထုတ်နေသည့် အဖြစ်မျိုးလည်း ရှိပါသည်။

လူနာရှင်ရောဂါသည်များက အသက်ဘေးအတွက် မဖြစ်မနေ ဝယ်ကြရမည်ကို သိသောအခါ ဝိသမလောဘသမားများသည် နှစ်သိန်း၊ သုံးသိန်းသာတန်သည့် အောက်ဆီဂျင်အိုးကို သိန်းလေးဆယ်၊ ငါးဆယ်၊ သိန်းနှစ်ရာ၊ သုံးရာဖြင့် ရောင်းစားကြသည်။

ဒီထက်ဆိုးသည်က ပရဟိတဆေးကုခန်း အယောင်ဆောင်ဖွင့်လှစ်ပြီး ဆယ်သိန်း၊ ဆယ့်ငါးသိန်းမှသည် သိန်းငါးဆယ်ခြောက်ဆယ်အထိ လိမ်လည်ကုသသော်လည်း လူနာသေဆုံးသည့်အခါ တစ်ပြားတစ်ချပ်မှ ပြန်မရဘဲ ဖွတ်မရ ဓားမ ဆုံးဆိုသည့် ပုံမျိုးကြုံတွေ့ကြရသည်။

သူတစ်ပါးအပေါ်တွင် မတရားသဖြင့် အကျပ်ကိုင် အမြတ်ထုတ်သူများကို အားမကျပါနှင့် စကားပုံရှိပါသည်။ ဘုရားပစ္စည်းအဆိပ်သီး၊ သံဃာ့ပစ္စည်းအဆိပ်သီး၊ သူတော်ကောင်းပစ္စည်းအဆိပ်သီး၊ သုံးနည်းအလွန်ခက်ပါသည်။ ထိုမသန့်ရှင်းသောပစ္စည်းကို သုံးမိသူများသည် မကြာခင် တစ်နှစ်နှစ်နှစ်ခန့်ကြာသော် စီးပွားများပျက်၊ အိမ်ထောင်ပျက်၊ အမှုအခင်းဖြစ်၊ ထောင်ကျ စသဖြင့်ဘဝမကူးဘဲ ဤဘဝမှာပင် ခံသွားကြရသည့်ဖြစ်စဉ် အမြောက်အမြား တွေ့မြင်ခဲ့ဖူးပါသည်။

### စိတ်ကောင်းစေတနာကောင်းသူများလည်းရှိပါသည်

မြန်မာနိုင်ငံတွင် စိတ်ဓာတ်ညံ့သူအချို့ကို တွေ့ကြရတတ်သော်လည်း စိတ်ထားကောင်း စေတနာကောင်းသူများလည်း အမြောက်အမြား ရှိပါသည်။ ကမ္ဘာမှာ ရှားမှရှားသည့် မြန်မာ့စိတ်ဓာတ်များကိုလည်း ကိုဗစ်ကာလတွင် ပိုမိုတွေ့မြင်ရပါသည်။

လိုအပ်သော ဆေးဝါးပစ္စည်း၊ အောက်ဆီဂျင်အိုးစသည်ကိုလည်း တစ်လုံးနှစ်လုံးမှ အလုံးတစ်ရာ၊ တစ်ထောင် လှူသူများရှိသကဲ့သို့ ငွေတစ်သိန်း၊ နှစ်သိန်းမှ သိန်းရာထောင် လှူဒါန်းကြသည့် အလှူရှင်အများအပြားလည်း ပေါ်ပေါက်ခဲ့သည်ကို တွေ့မြင်နေရသည်မှာလည်း မြန်မာတို့အတွက် အားတက်ဂုဏ်ယူစရာပင်ဖြစ်ပါသည်။

*စာမျက်နှာ ၇ သို့*

# စိုက်ပျိုးမွေးမြူရေးနှင့် သားငါး ထုတ်လုပ်မှုကဏ္ဍတွင် ထုတ်လုပ်မှုစရိတ်နည်းနည်းဖြင့် အကျိုးအမြတ် များများရရှိအောင် ဆောင်ရွက်

ဘားအံ ဩဂုတ် ၂၂

**ကရင်ပြည်နယ်အတွင်း ဒေသဝမ်းစာဖူလုံပိုလျှံ၍ ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချနိုင်စေရေးအတွက် ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သားငါး ထုတ်လုပ်မှု ဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)



**ကြီးပမ်းဆောင်ရွက်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကရင်ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက စိုက်ပျိုးမွေးမြူရေးနှင့် သားငါး ထုတ်လုပ်မှုကဏ္ဍတွင် ထုတ်လုပ်မှု စရိတ်နည်းနည်းဖြင့် အကျိုးအမြတ် များများရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ တောင်သူများ ပိုမိုစိုက်ပျိုးမွေးမြူလာကြမည်ဖြစ်ပြီး ဒေသတွင်းဝမ်းစာဖူလုံ ပိုလျှံရုံသာမက ပြည်တွင်း ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည် ဖြစ်ကြောင်း၊ များများစိုက်၊ များများမွေးနိုင်ရန် ကြုံတွေ့လာသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားကြရမည် ဖြစ်ကြောင်း၊ မိရိုးဖလာစိုက်ပျိုးမွေးမြူနည်းအစား ခေတ်မီနည်းပညာများကို အသုံးပြုရန် လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် အသိပညာပေး စည်းရုံးလှုံ့ဆော်ပေးရန်လိုပြီး အမြဲမပြတ်အဆင့်ဆင့် ကြီးကြပ်ဆောင်ရွက်ကြရန် လိုကြောင်း၊ တောင်သူများနှင့် ထိတွေ့ဆက်ဆံရာတွင် မြို့နယ်အဆင့်သည် အရေးကြီးပြီး ပြည်နယ်၊ ခရိုင်အဆင့်များမှလည်း ကြီးကြပ်ပေးရန်လိုကြောင်း၊ ပြည်နယ်၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တက်ရောက်လာသူများက ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာသော စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးတို့က ဝန်ထမ်းအင်အား၊ မြေအသုံးချမှု၊ မိုးစပါးစိုက်ပျိုးနိုင်မှုအခြေအနေ၊ လျာထားချက်ပြည့်မီကျော်လွန်ရေး ဆောင်ရွက်ထားမှုအခြေအနေ၊ ရေကြီးနစ်မြုပ်မှုနှင့် ထိခိုက်ပျက်စီးမှုအခြေအနေ၊ ပြန်လည်စိုက်ပျိုးနိုင်မှု၊ မျိုးစပါးများ ထောက်ပံ့ပေးမှု၊ Home Garden ဆောင်ရွက်ထားရှိမှု၊ GAP အသိအမှတ်ပြု လက်မှတ်ရရှိမှု၊ မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်နိုင်မှု၊ နည်းပညာပေးလုပ်ငန်း ဆောင်ရွက်နိုင်မှု၊ တောင်သူအသိပညာပေးသင်တန်းများ ဖွင့်လှစ်နိုင်မှု၊ ရော်ဘာစိုက်ပျိုးထားရှိမှု၊ သီးနှံပိုးမွှားရောဂါ စစ်ဆေးရေးစနစ်ဖွင့်လှစ်ထားရှိမှု၊ ဆန်၊ ဆီ ဖူလုံပိုလျှံမှုအခြေအနေ၊ မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ကျွဲ၊ နွား၊ ဆိတ်၊ ကြက်၊ ဝက် မွေးမြူနိုင်မှု၊ ကာကွယ်ကုသရေးလုပ်ငန်းဆောင်ရွက်နိုင်မှု၊ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေ၊ အခွန်အရပ်ရပ်ကောက်ခံရရှိမှု၊ ငါး၊ ပုစွန်မွေးမြူထုတ်လုပ်မှု၊ ငါးမျိုးစိုက်ထည့်ပြီးစီးမှု၊ ရေထွက်ပစ္စည်းတင်ပို့တင်သွင်းနိုင်မှုအခြေအနေ၊ မြစိမ်းရောင် စီမံကိန်း (ငါးကဏ္ဍ) ဆောင်ရွက်မှုအခြေအနေ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ သယံဇာတထိန်းသိမ်း စောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၂

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့နံနက်ပိုင်းက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆောင်ရွက်လျက်ရှိသော ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။** (ဝဲပုံ)

**ပြင်ဆင်ဆောင်ရွက်**

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ တောင်ညိုအုပ်စု ငွေးပင်ရိုးကျေးရွာအနောက် ချောင်းမကြီး မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ သရက်တောအုပ်စု ပိုးစာတောကျေးရွာရှိအိမ်မဲကြီး ကွေ့တံခွန်တိုင်ချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ချောင်းမကြီးကွေ့ (ဦးသာဟန်ကွေ့) မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ချောင်းမကြီးကွေ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး၍ သက်ဆိုင်ရာကုမ္ပဏီများအနေဖြင့် စတင်တည်ဆောက်စဉ်ကပင် ခိုင်ခိုင်ခံ့ခံ့ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန်နှင့် အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဆောင်ရွက်ပြီး လုပ်ငန်းများကိုလည်း ရေရှည်တည်တံ့ခိုင်မြဲစေရေး အမြဲမပြတ် စစ်ဆေးပြင်ဆင် ဆောင်ရွက်ရန် မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

တချို့ဆရာဝန်များ၊ သူနာပြုများနှင့် တကယ့်စေတနာမှန်သည့် ပရဟိတအဖွဲ့မျိုးဆိုလျှင် အသက်ကိုပင် ပဓာနမထားဘဲ ကိုဗစ်လူနာများကို ပြုစုစောင့်ရှောက်ကယ်တင်နေကြသည်ကို တွေ့ရတော့ ဒါမှ ဒို့မြန်မာကွဟု ထအော်ချင်စိတ် ပေါ်ပေါက်မိပါသည်။ တချို့ဆရာဝန်၊ သူနာပြုများသည် ကိုဗစ်လူနာများကို တမင်ရွေးချယ်လိုက်လံကုသပေးရင်းနှင့် အသက်ဆုံးရှုံးသွားကြသူများလည်း ရှိနေပါသည်။ တချို့ပရဟိတလူငယ်များဆိုလျှင် ဆွေမျိုးသားချင်းများပင် မကိုင်တွယ်ချင်သည့် ကိုဗစ်အလောင်းများကို အစမှအဆုံးအထိ စိတ်စေတနာ ကောင်းကောင်းဖြင့် ဆောင်ရွက်ပေးတာမြင်ရသောအခါ သူတို့အတွက် ကရုဏာများ သက်မိပါသည်။

**ဂေဟစနစ်ပျက်စီးယိုယွင်းမှုနှင့် ကိုဗစ်ရောဂါ**

အဆိုးနှင့်အကောင်း အကျိုးနှင့်အကြောင်း အပြန်အလှန်ထိန်းညှိပေးသည့် ဂေဟစနစ်သည် ကမ္ဘာကြီးတွင် လူသားများကြောင့် တဖြည်းဖြည်း ယိုယွင်းပျက်စီးလာနေပါသည်။

- သစ်တော၊ သစ်ပင်တွေ အလွန်အကျွံ ခုတ်ပစ်သည့်အခါ ရာသီဥတုထိန်းညှိပေးသည့် ဂေဟစနစ်ပျက်ကာ ရေကြီး၊ မီးလောင်မှုများ မကြာခဏ တွေ့ကြုံနေရသည်။
- သစ်တော၊ သစ်ပင်နှင့် တိရစ္ဆာန်အပြန်အလှန် ထိန်းပေးမှုကိုလည်း လူသားများက တိရစ္ဆာန်များအပေါ် မညှာမတာနည်းမျိုးစုံဖြင့် ဖမ်းဆီးသတ်ဖြတ်မှုကြောင့် သစ်တောကို ထိန်းကျောင်းပေးသည့် တိရစ္ဆာန်များ နည်းပါးလာရသည်။

နောက်ပိတ်ဆုံးမမြင်ရသည့် ဇီဝပိုးမွှားများကိုပင်မချန် စိုက်ပျိုးခင်းများ ပိုထွက်စေလို၍ ပိုးသတ်ဆေးများ မတန်မဆသုံးသည့်အတွက် ကောက်ပဲသီးနှံအထဲတွင် မူလရှိသည့် ပိုးကောင်များပါ ရောသေသွားသဖြင့် ယခင်ရှေးအခါကကဲ့သို့ ကြာရှည်စွာ အထားမခံတော့ဘဲ မူလအာဟာရသဘာဝဓာတ်များမှာလည်း လျော့ကျသွားရပါသည်။ ခေတ်မီပါသည်ဆိုသော လူသားများ၏ လောဘဇောဖြင့် အမျိုးမျိုး တီထွင်ကြံဆလုပ်ကြံမှုကြောင့် သဘာဝတရားကြီးသည် တဖြည်းဖြည်းယိုယွင်းပျက်စီးလာရပါသည်။

ကမ္ဘာလောကကြီးသည် လူ၊ တိရစ္ဆာန်၊ သစ်ပင်စသည့်လောကသားအားလုံး၏ မှီခိုအားထားရာ ဖြစ်သည်။ သတ္တဝါအားလုံးသည် မြေကြီးပေါ်မှာနေ မြေကြီးပေါ်မှာပင် သေကြရသဖြင့် မြေကြီးသည် အားလုံး၏ အသက်သခင်ကျေးဇူးရှင်ဖြစ်သည်။

မြေကြီး၏ အသက်သည်ပင်လျှင် ရေမြေတောတောင် သဘာဝတရားပေါ်တွင် မှီခိုအားထားနေရသည်ဖြစ်ရာ လူသားတို့သည် ကျေးဇူးတရားကို နားမလည်မသိတတ်ဘဲ သစ်တော၊ သစ်ပင်များကို အတိုင်းအဆမရှိ ဖျက်ဆီးပစ်ကြသည့်အပြင် သစ်တောသစ်ပင်များ ရှင်သန်ရေးအတွက် အထောက်အကူပြုပေးနေသည့် ကျေးငှက်တိရစ္ဆာန်ပေါင်းစုံကိုလည်း အကန့်အသတ်မရှိ သတ်ဖြတ်ဖျက်ဆီးနေကြသဖြင့် ဂေဟစနစ်များ ပျက်ပြားကာ ရာသီဥတုဖောက်ပြန်ခြင်း၊ ရေကြီး၊ မီးလောင်ခြင်းစသည်တို့အပြင် ကိုဗစ်ကဲ့သို့ ရောဂါဆန်းဖြစ်ပေါ်ကာ ကမ္ဘာကြီးတစ်ခုလုံး စိတ်သောကရောက်ရပြီး ကမ္ဘာ့အလှတရားများ ပျက်ပြားခဲ့ရပါသည်။

ကိုဗစ်ကို ကြောက်သင့်သည်လောက်သာ ကြောက်ပါ၊ အလွန်အကျွံကြောက်စရာတော့မလိုပါ။ ကိုဗစ်လည်း အနိစ္စသဘောဖြစ်သဖြင့် ရေရှည်မရပ်တည်နိုင်ပါ။ ကာလတစ်ခုရောက်လျှင် ပျောက်ကွယ်သွားရမည်ဖြစ်သဖြင့် လောလောဆယ် ကိုဗစ်ခေါ်ရာ လိုက်ပါမသွားရအောင် ကိုဗစ်ကို စနစ်တကျ တော်လှန်သွားကြရန်သာ အရေးကြီးသဖြင့် ကိုဗစ်ကာကွယ်ရေးစည်းကမ်းများကို တစ်ဦးတစ်ယောက်မှသည် အားလုံးစည်းစည်းလုံးလုံးဖြင့် လိုက်နာဆောင်ရွက်သွားကြရန်သာ အရေးကြီးပါသည်။

အနှစ်ချုပ် သုံးသပ်ရပါလျှင် လူသားတို့၏ လောဘ၊ ဒေါသ၊ မောဟတရားများ တစ်စနှင့်တစ်စ ပြင်းထန်လာသဖြင့် သဘာဝတရားကြီးက လောကကြီးကို ကိုဗစ်လွှတ်၍ ပညာပေးလိုက်ခြင်းပင် ဖြစ်ပါသည်။ ကိုဗစ်ကပေးသော သင်ခန်းစာကြီးကို အသိဉာဏ်ဖြင့် အထပ်ထပ်အဖန်ဖန် ဆင်ခြင်သုံးသပ်ပြီး လောကလူသားတို့သည် ဗြဟ္မစိုရ်တရားလေးပါး (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ) လက်ကိုင်ထားပြီး ကမ္ဘာလောကကြီး ပြန်လည်ရှင်သန်နိုးထလာအောင် လူသားအားလုံးက ကြိုးပမ်းအားထုတ်သင့်ပြီဖြစ်ကြကြောင်း စေတနာကောင်းဖြင့် အကြံပြုတင်ပြအပ်ပါသည်။ ။

# ငါန်းဇွန်မြို့နယ်၌ ဧရာဝတီမြစ်ရေ မြင့်တက် ကျေးရွာအချို့ မြစ်ရေဝင်

**ငါန်းဇွန် ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်ရှိ ကျေးရွာများ၌ ဩဂုတ်လဒုတိယပတ်မှစ၍ ဧရာဝတီမြစ်ရေ စတင်ဝင်ရောက်နေပြီဖြစ်ကြောင်း ငါန်းဇွန်မြို့ရှိ ဒေသခံများထံမှ သိရသည်။

ငါန်းဇွန်မြို့နယ် ရေလည်သောင်း၊ လင်ကာဒီပ၊ ရက္ခဒီပ၊ လက်ပန်သာကျေးရွာများ၌ မြစ်ရေမြင့်တက်လာမှုကြောင့် ယခုအခါ ရိုးများတွင် မြစ်ရေဝင်နေပြီဖြစ်သည်။

ငါန်းဇွန်မြို့နယ်သည် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိသော မြို့နယ်ဖြစ်၍ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် ပုံမှန်မြစ်ရေတက်လေ့ရှိကာ ယခုနှစ်တွင် ရေတက်နောက်ကျနေကြောင်း ဒေသခံများထံမှ သိရသည်။

၂၀၁၄၊ ၂၀၁၆ ခုနှစ်က ငါန်းဇွန်မြို့နယ်၌ စိုက်ပျိုးမြေကေ များစွာရေနစ်မြုပ်ခဲ့ပြီး ကျေးရွာအချို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

**ဋ္ဌေးမြင့်မောင်**



ငါန်းဇွန်မြို့နယ်အတွင်း ကျေးရွာအချို့ မြစ်ရေတက်ရိုးများ ရေဝင်စပြုနေစဉ်။



ဗန်းမော်မြို့နယ်အတွင်း မိုးစပါးသီးနှံစိုက်ကေများ ရေကြီးနစ်မြုပ်နေမှုကို တွေ့ရစဉ်။

# ဗန်းမော်မြို့နယ်၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မိုးစပါးသီးနှံစိုက်ကေများ ရေကြီးနစ်မြုပ်မှု ဆက်လက်ဖြစ်ပွား

**ဗန်းမော် ဩဂုတ် ၂၂**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်တွင် မိုးများ အဆက်မပြတ် ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်နှင့် တာပိန်မြစ်တို့၏ မြစ်ရေမြင့်တက်လာသဖြင့် မိုးစပါးသီးနှံစိုက်ကေများတွင် ဩဂုတ် ၁၈ ရက်မှ စတင်၍ ရေကြီးနစ်မြုပ်မှု ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ဗန်းမော်မြို့နယ် အတွင်း ဩဂုတ် ၁၉ ရက်မှစ၍ ကျေးရွာအုပ်စု ၂၀၊ ကွင်းပေါင်း ၃၇ကွင်း၊ တောင်သူ ၉၅၅ ဦး၏ မိုးစပါးသီးနှံစိုက်ကေ စုစုပေါင်း ၂၈၉၁ ကေ ရေကြီးနစ်မြုပ်မှု စတင်ဖြစ်ပွားခဲ့ရာ ဩဂုတ် ၂၂ ရက်အထိ ကျေးရွာအုပ်စု ၂၂ အုပ်စု၊ ကွင်းပေါင်း ၅၀၊ တောင်သူ ၁၆၆၆ ဦး၊ မိုးစပါးသီးနှံ စိုက်ကေပေါင်း ၅၁၆၂ ဒသမ ၂၅ ကေအထိ ရေကြီးနစ်မြုပ်မှု ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြသက်ဦး(ဗန်းမော်)**



# ကိုဗစ်ကာလ မန္တလေးမြို့ ရာသီပေါ်သစ်သီးဈေးကွက် ဝယ်ယူစားသုံးသူ များပြား

**မန္တလေး ဩဂုတ် ၂၂**

ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်သို့ ဒေသမျိုးစုံမှထွက်ရှိလာသည့် ရာသီပေါ်သစ်သီးများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိသည့်အပြင် ကိုဗစ်ရောဂါအခြေအနေကြောင့် ဝယ်ယူစားသုံးသူများပြားသဖြင့် အရောင်းအဝယ်များ သွက်လက်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ညောင်ပင်ဈေးရှိ သစ်သီးအရောင်းဆိုင်များထံမှ သိရသည်။

လက်ရှိကာလသည် သစ်သီးမျိုးစုံ လှိုင်လှိုင်ထွက်ပေါ်သည့် ရာသီဖြစ်ခြင်းကြောင့် ပြည်တွင်းဒေသအသီးသီးမှ ထွက်ရှိလာသည့် ကျွဲကောသီး၊ ဩဇာသီး၊ နာနတ်သီး၊ ထောပတ်သီးများနှင့် ထိုင်းနိုင်ငံမှ တင်သွင်းလာသည့် တလည်းသီး၊ လိမ္မော်သီး၊ ပန်းသီး၊ သစ်တော်သီး၊ ကမ္ဘလာသီးနှင့် ဆန်းကစ်သီးများ မန္တလေးဈေးကွက်သို့ ဝင်ရောက် လျက်ရှိသည်။

"ဒီရက်မှာ မန္တလေးဈေးကွက်ကို တရုတ်နိုင်ငံက သစ်သီးတွေအဝင်နည်းပြီး ပြည်တွင်းနဲ့ ထိုင်းနိုင်ငံက တင်သွင်းလာတဲ့ အသီးတွေအဝင်များနေပါတယ်။ ဒ့ါအပြင် ပြည်သူတွေက ကိုဗစ်ရောဂါအခြေနေကြောင့် အရည်ရွှမ်းပြီး ချိုချဉ်အရသာပါတဲ့အသီးတွေကို ဓာတ်စာအနေနဲ့ ဝယ်ယူစားသုံးမှုများပြားတဲ့အတွက် ကိုဗစ်ကာလမှာ သစ်သီးဈေးကွက်က အရောင်းအဝယ်ကောင်းတယ်လို့ ပြောရမှာပါ။ အထူးသဖြင့် ဆန်းကစ်သီး၊ လိမ္မော်သီး၊ ကမ္ဘလာသီး၊ ကျွဲကောသီးတွေ ပိုပြီးရောင်းကောင်းတယ်။ ကျွန်မတို့ သစ်သီးဈေးကွက်ကတော့ မိဘ၊ ဆရာသမားတွေကို ဂါရဝပြုလှူဒါန်းကြဖို့ ဝယ်ယူမှုများပြားတဲ့ သီတင်းကျွတ်လနဲ့ သကြံန်ကာလတွေမှာ အရောင်းအဝယ်ပိုပြီးကောင်းလေ့ရှိပါတယ်"ဟု အဆိုပါ ညောင်ပင်ဈေးတွင် သစ်သီးဆိုင်ဖွင့်လှစ် ရောင်းချနေသူ ဒေါ်ယုယုဝင်းက ပြောသည်။

ယခုရာသီတွင် ဈေးကွက်သို့ဝင်ရောက်လာသည့် သစ်သီးများအနက် ပြည်တွင်းမှထွက်ရှိသည့် ဖရဲသီး၊ သခွားမွှေး၊ ဩဇာသီး၊ ထောပတ်သီးနှင့် နာနတ်သီးဈေးနှုန်းများမှာ ကျဆင်းနေပြီး၊ ထိုင်းနိုင်ငံမှတင်သွင်းလာသည့် ဆန်းကစ်သီး၊ သစ်တော်သီး၊ လိမ္မော်သီး၊ တလည်းသီး၊ ပန်းသီးနှင့် ကမ္ဘလာသီးများမှာ ပို့ဆောင်ခစရိတ်များကြောင့် ဈေးနှုန်းများအနည်းငယ်



မြင့်တက်လျက်ရှိသည်။

မန္တလေးသစ်သီးဈေးကွက်တွင် လက်ရှိရောင်းချနေသည့် သစ်သီးများ၏ လက်လီဈေးနှုန်းများမှာ အရွယ်အစားပေါ်မူတည်၍ ဩဇာသီးတစ်လုံးလျှင် ငွေကျပ် ၁၀၀ ကျပ်မှ ၂၀၀၊ ပန်းသီး (အကြွပ်သီး) တစ်လုံးလျှင် ငွေကျပ် ၆၀၀ မှ ၈၀၀၊ တလည်းသီး တစ်လုံးလျှင် ငွေကျပ် ၁၂၀၀၊ ဆန်းကစ်သီးတစ်လုံး လျှင် ငွေကျပ် ၈၀၀၊ ထောပတ်သီးတစ်လုံးလျှင် ငွေကျပ် ၄၀၀၊ သစ်တော်သီးတစ်လုံးလျှင် ငွေကျပ် ၁၀၀၀ မှ ၁၂၀၀၊ နာနတ်သီးတစ်လုံးလျှင် ငွေကျပ် ၄၀၀ မှ ၅၀၀၊ ကျွဲကောသီး (ထိုင်း) တစ်လုံးလျှင် ငွေကျပ် ၂၅၀၀၊ ကျွဲကောသီး(မြန်မာ) တစ်လုံးလျှင် ငွေကျပ် ၁၀၀၀၊ လိမ္မော်သီးတစ်လုံးလျှင် ငွေကျပ် ၅၀၀၊ ကမ္ဘလာသီးတစ်လုံးလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ရောင်းချပေးနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တံတားဦးမြို့နယ် ဆင်ကျုံးခံတပ်အနီး ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**တံတားဦး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးမပြုန်းတီးစေရေး၊ ငါးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေး၊ ကျေးလက်နေပြည်သူများ ငါးစားသုံးမှုမြင့်မားလာစေရေးတို့ကို ရည်ရွယ်၍ ဩဂုတ် ၂၀ ရက်က ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ဆင်ကျုံးခံတပ်အနီး ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပသည်။




အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) အောင်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ အဖွဲ့ဝင် (၁) ဗိုလ်မှူး သန်းနိုင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးနိုင်ဦး၊ မြို့နယ်အဆင့် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဝင်များ၊ မီးသွေးတိုက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ နတ်ရေကန် ငါးစခန်းတာဝန်ခံ ဒေါ်အေးအေးမော်နှင့် ဝန်ထမ်းများ၊ ကူမဲငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ဝန်ထမ်းများ၊ မြို့နယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ဝန်ထမ်းများက နတ်ရေကန်ငါးစခန်းနှင့် ကူမဲငါးစခန်းတို့မှ သားဖောက်ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၇၅၀၀၀၀ နှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ တို့ကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

❖ *ကျောဖုံးမှ*

စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသော မြင်ချင်ကျေးရွာရှိ တောင်သူ ၂၅ ဦး၏ စိုက်ဧက ၁၀၀ တွင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ သိပ္ပံနည်းကျစိုက်နည်းစနစ်များကို အသုံးပြုခြင်းဖြင့် တစ်ဧကစပါးအထွက်နှုန်း အမြင့်ဆုံးအထိ ပိုမိုထွက်ရှိနိုင်ကြောင်း တောင်သူများအား ပညာပေးစည်းရုံးရန်အတွက် လည်းကောင်း၊ ယင်းနည်းစနစ်ကို တောင်သူများ ပြည့်ပြည့်ဝဝ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန်အတွက် လည်းကောင်း၊ မျိုး၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာစသည့် သွင်းအားစုပစ္စည်းများကို အချိုးကျ၊ အချိန်ကိုက် စနစ်တကျ ထည့်သွင်းအသုံးပြုတတ်စေရန် လည်းကောင်း၊ တောင်သူအချင်းချင်း နည်းပညာများဖလှယ် စိုက်ပျိုးလုပ်ကိုင်နိုင်စေရန် အတွက်လည်းကောင်း ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောသည်။

ရွှေဘိုမြို့နယ်တွင် သဖန်းဆိပ်ဆည်ရေသောက်ဧကများသာမက မိုးကောင်းသောက်ဧကများကို စပါးသီးနှံစိုက်ပျိုးထုတ်လုပ်လျက်ရှိသော မြို့နယ်တစ်မြို့နယ်ဖြစ်ပြီး နှစ်စဉ်စိုက်ပျိုးရာတွင် စပါးသီးနှံကို မိုးရာသီတွင် ဧကတစ်သိန်းကျော်နှင့် နွေရာသီတွင် သဖန်းဆိပ်ဆည်ရေပေးဝေပါက ဧကခြောက်သောင်းခန့်ဖြင့် တစ်နှစ်လျှင် စပါးစိုက်ဧက တစ်သိန်းခုနစ်သောင်းခန့် စိုက်ပျိုးထုတ်လုပ် နိုင်သောကြောင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု တစ်ကွင်းတစ်စပ်တည်းဧက ၁၀၀ စံပြကွက် စိုက်ပျိုးခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

၂။ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုများဖြစ်ပွားနေသဖြင့် နိုင်ငံတော်အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဝယ်ယူခြင်း၊ လှူဒါန်းမှုများမှရရှိသော ကာကွယ်ဆေးများအား ဦးစားပေးအစီအစဉ်အလိုက် ထိုးနှံပေးလျက်ရှိသည့်နည်းတူ ပုဂ္ဂလိကဆေးဝါးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအနေဖြင့် နိုင်ငံတကာနှင့် အာရှဒေသတွင် ထိုးနှံဆောင်ရွက်နေသော အရည်အသွေးအာနိသင်ရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို မိမိတို့အစီအစဉ်ဖြင့် တင်သွင်းဖြန့်ဖြူးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်း ဆောင်ရွက်လိုပါက လိုက်နာရမည့်အချက်များအား လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအတုအပများကို Online မှတစ်ဆင့်သော် လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်သော်လည်းကောင်း ရောင်းချလျက်ရှိကြောင်းကို ပြည်သူလူထုထံသို့ အသိပေးချက်ကိုလည်းကောင်း (၁၂-၈-၂၀၂၁)ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၃။ ယခုအခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Medical Product Alert No.5/2021 : Falsified COVISHIELD Vaccine ဖြင့် ကာကွယ်ဆေးအတုအပများ အရှေ့တောင်အာရှနိုင်ငံများ၊ အိန္ဒိယနိုင်ငံနှင့် အာဖရိကတိုက်နိုင်ငံများတွင် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း (၁၆-၈-၂၀၂၁) ရက်နေ့တွင် ထုတ်ပြန်၍ မြန်မာနိုင်ငံသို့လည်း အသိပေးအကြောင်းကြားခဲ့ပါသည်။

၄။ အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးအတုအပများနှင့် ပတ်သက်၍-

(က) ကာကွယ်ဆေးပုလင်း(၁)လုံးလျှင် (၁၀)ကြိမ်စာ ထိုးနှံနိုင်သည့် 5ml ပါဝင်သောပုလင်း

(ခ) ကာကွယ်ဆေးပုလင်း(၁)လုံးလျှင် (၄) ကြိမ်စာ ပါဝင်သော 2ml ပုလင်းများကို COVISHIELD အမှတ်တံဆိပ်ဖြင့် အတုအပပြုလုပ်ရောင်းချလျက်ရှိကြောင်း ဖော်ပြထားပါသည်။

၅။ သို့ဖြစ်ပါ၍ ပုဂ္ဂလိကဆေးခန်းများ၊ ဆေးရုံကြီးများနှင့် ပြည်သူလူထုအနေဖြင့် သိရှိနိုင်ပါရန်နှင့် ကာကွယ်ဆေးအတုများအား တင်သွင်းဖြန့်ဖြူးရောင်းချကြောင်း စုံစမ်းဖော်ထုတ်ရရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မွန်ပြည်နယ်ဝန်ကြီးချုပ် အမှတ်(၅) တပ်မတော်ဆေးရုံ၌ အလှူငွေများ လှူဒါန်းပြီး အောက်ဆီဂျင်စက်ရုံကို ကြည့်ရှုစစ်ဆေး

မော်လမြိုင် ဩဂုတ် ၂၂

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ယနေ့နံနက်ပိုင်းတွင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ YMBA အသင်းမှ တာဝန်ရှိသူများနှင့်အတူ မော်လမြိုင်မြို့ အမှတ်(၅) တပ်မတော်ဆေးရုံ (ခုတင်- ၃၀၀) တွင် မေတ္တာအခါတော်နေ့အထိမ်းအမှတ် YMBA အသင်းအမှုဆောင်အဖွဲ့ဝင်များနှင့် အလှူရှင်များ စုပေါင်း၍ မော်လမြိုင်မြို့ အမှတ်(၅)တပ်မတော်ဆေးရုံ၊ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီး၊ ကျိုက်မရောမြို့နယ် ပြည်သူ့ဆေးရုံများသို့ အလှူငွေများ၊ ကြက်ဥနှင့်သောက်ရေသန့်များ ပေးအပ်လှူဒါန်းသည်။




အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့က လိုအပ်သည်များ ထောက်ပံ့ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ စေတနာရှင်၊ အလှူရှင်များနှင့် ပရဟိတလူမှုအဖွဲ့အစည်းများမှ အခြားလိုအပ်သည်များ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါကြောင်း၊ မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝ (YMBA) အသင်းမှလည်း ကိုဗစ်-၁၉ ရောဂါကာလအတွင်း တပ်မတော်ဆေးရုံ၊ ပြည်သူ့ဆေးရုံများသို့ အလှူငွေများ၊ ကြက်ဥနှင့်သောက်ရေသန့်များ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်လမြိုင်မြို့ ရွှေနတ်တောင်ရေသန့်စင်စက်ရုံဝင်းအတွင်း ၁ နာရီလျှင် အောက်ဆီဂျင် လီတာ ၄၀ အိုး ၅၀ ထုတ်ပေးနိုင်မည့် တန် ၂၀ ဆံ့ အောက်ဆီဂျင် (အရည်)စက်ရုံ တည်ဆောက်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားပြီး စက်ရုံတည်ဆောက်ပြီးစီးပါက လိုအပ် သည့် အောက်ဆီဂျင်များကို မော်လမြိုင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၊ တပ်မတော်ဆေးရုံ၊ မြို့နယ်ပြည်သူ့ဆေးရုံများနှင့် ပရဟိတလူမှုကူညီရေးအဖွဲ့များသို့ လုံလောက်စွာပေးပို့နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း




## ဓနုဖြူမြို့နယ် အကျော်ချောင်းမအတွင်း ငါးကောင်ရေ ငါးသိန်းမျိုးစိုက်ထည့်

ဓနုဖြူ ဩဂုတ် ၂၂

ဓနုဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ သဘာဝမြစ်ချောင်း၊ အင်းအိုင်များအတွင်း ငါးသယံဇာတများရေရှည်တည်တံ့စေရေး၊ ငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသတွင်း ကျေးလက်နေပြည်သူများ ငါးရိက္ခာများ ပိုမိုစားသုံးနိုင်ရေးရည်ရွယ်၍ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို အကျော်ကျေးရွာ အကျော်ချောင်းမ၌ ဩဂုတ် ၂၀ ရက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးဆန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်၊ အဖွဲ့ဝင်(၂) ဦးစိန်မောင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဇော်မြင့်နိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ကြူကြူသင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပန်းတနော်စခန်းတာဝန်ခံ ဒေါ်သင်းပပထွန်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ အင်းသားကြီးများနှင့် ရေလုပ်သားကြီးများ တက်ရောက်ပြီး နှစ်လက်မအရွယ်ရှိသော ငါးမြစ်ချင်းကောင်ရေ ၂၀၀၀၀၀၊ ရွှေဝါငါးကြင်းကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၂၀၀၀၀၀ စုစုပေါင်း ငါးကောင်ရေ ၅၀၀၀၀၀ မျိုးစိုက်ထည့်ကြောင်း သိရသည်။

သတင်းစဉ်




သစ်ပင်နည်းလာ၊ တို့ကမ္ဘာ
လွန်စွာပူအေး၊ ဥတုဘေး

# နောင်ချိုမြို့ ဇေယျာသုခ သီလရှင်စာသင်တိုက်သို့ ဆန်၊ ဆီနှင့် စားသောက်ကုန်များ သွားရောက်လှူဒါန်း

နောင်ချို ဩဂုတ် ၂၂

**ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဇေယျာသုခသီလရှင်စာသင်တိုက်သို့ ဆန်၊ ဆီနှင့် စားသောက်ကုန်များကို ယနေ့ နံနက် ၉ နာရီက သွားရောက်လှူဒါန်းသည်။**

ဇေယျာသုခ သီလရှင်စာသင်တိုက်တွင် သီလရှင် ၁၂၅ ပါးရှိပြီး ဩဂုတ် ၂၁ ရက်တွင် ကိုဗစ် - ၁၉ ရောဂါပိုး ရှိ မရှိ Rapid Test ဖြင့် စစ်ဆေးခဲ့ရာတွင် အဆိုပါ ကျောင်းမှ သီလရှင် ဆရာလေး ၅၈ ပါး နှင့် ယာဉ်မောင်းတစ်ဦးတို့တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ကြောင်း၊ ၎င်းပိုးတွေ့လူနာများအား အဆိုပါ သီလရှင်စာသင်တိုက်အတွင်းရှိ သီလရှင်ကျောင်းဆောင်တွင် သီးခြားထားရှိပြီး ကျန်းမာရေးဝန်ထမ်းနှစ်ဦးက ကြပ်မတ်ကုသပေးလျက်ရှိကာ လုံခြုံရေးအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ဆောင်ရွက်ပေးလျက်ရှိကြောင်း ၊ သီလရှင်ဆရာလေးများ၏ ဆွမ်းကွမ်း ၊ ဝေယျာဝစ္စများကို ဈေးရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် ဂေါပကအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကြည်တိုးနှင့်အဖွဲ့ဝင်များကလည်း သီလရှင်ဆရာလေးများအတွက် ဆန်အိတ် သုံးအိတ်၊ ဆီပုံးကြီး တစ်ပုံး၊ ကြက်ဥ အလုံး ၃၀၀ တို့ကို သွားရောက် လှူဒါန်းပေးကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။



ထွေးငယ်(ပြန်/ဆက်)



ဘာစီလိုနာတိုက်စစ်မှူး ဒီပေးနှင့် ဘီလ်ဘာအိုကစားသမားတို့ ဘောလုံးယှဉ်လုစဉ်။

# ယခုနှစ်တွင် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲနှင့် ဆူဇူကီးဖလားပြိုင်ပွဲသာ ကျင်းပရန်စီစဉ်

ရန်ကုန် ဩဂုတ် ၂၂

**အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် ယခုနှစ်တွင် အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲနှင့် ဆူဇူကီး ဖလားပြိုင်ပွဲသာ ကျင်းပသွားမည်ဖြစ်သည်။**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် စက်တင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ၊ ဒီဇင်ဘာ ၅ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတို့ ကျင်းပသွားမည်ဖြစ်သည်။ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲကို ထိုင်းနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ပြီး ဆူဇူကီးဖလားပြိုင်ပွဲကိုမူ ပြိုင်ပွဲကျင်းပမည့်ပုံစံ ရွေးချယ်ရခြင်း မရှိသေးပေ။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း အာဆီယံဖူဆယ်ကလပ် ပြိုင်ပွဲတွင် မြန်မာကလပ်အသင်း ယှဉ်ပြိုင်ရန် မသေချာသေးကြောင်း သိရသည်။

မြန်မာကလပ် အသင်းများအနေဖြင့် ကပ်ရောဂါကြောင့် ကာလရှည်လေ့ကျင့်မှုပြတ်ထားသလို ပြိုင်ပွဲကျင်းပမည့်အကြောင်းကို တစ်လဝန်းကျင်အလိုမှ ထုတ်ပြန်သဖြင့် ပြင်ဆင်ချိန်မရှိရာ ယှဉ်ပြိုင်ရန် မသေချာသေးခြင်း ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခင်က ယခုနှစ်တွင် ပြိုင်ပွဲကိုးခုကျင်းပရန် စီစဉ်ထားသော်လည်း ကပ်ရောဂါကူးစက်မှု မြင့်တက်လာပြီးနောက်ပိုင်း ပြိုင်ပွဲအနည်းငယ်သာ ပြုလုပ်သွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယခင်က အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ တစ်ခုတည်းသာ ကျင်းပရန် စီစဉ်ထားသော်လည်း အာဆီယံဖူဆယ် ကလပ်ပြိုင်ပွဲကိုပါ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်တွင် ကျင်းပရန်စီစဉ်ထားသည့် ပြိုင်ပွဲများအနက် ဘောလုံး၊ ဖူဆယ်နှင့် သဲသောင်ပြင် ဘောလုံးပြိုင်ပွဲ ခုနစ်ခုကိုမူ ဖျက်သိမ်းရန် သေချာသလောက်ရှိနေကြောင်း သိရသည်။

ရဲရင့်လွင်

○ *ကျောဖုံးမှ*

အသင်းလိုက်စွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်ရှိမှု၊ အဆုံးသတ်ပိုင်း မသေချာမှုတို့ကြောင့် နိုင်ပွဲနှင့် ဝေးကွာခဲ့ရခြင်းဖြစ်သည်။ အထူးသဖြင့် ဘာစီလိုနာအသင်း၏ တိုက်စစ်ပိုင်းလိုအပ်ချက် များစွာရှိနေသည်ကို ယနေ့ပွဲစဉ်တွင် တွေ့မြင်နိုင်သည်။ ဘီလ်ဘာအိုအသင်းအနေဖြင့် ဘာစီလိုနာအသင်း၏ ဖိအားပေးမှုကိုခံခဲ့ရသည်ဆိုသော်ငြား တိုက်စစ်ပိုင်း ထက်မြက်မှုရှိခဲ့ပြီး ဘာစီလိုနာအသင်းထက် ဂိုးကန်သွင်းမှု၊ ဂိုးပေါက် တည့်မတ်မှု သိသိသာသာ အသာရခဲ့သည်။ ဘီလ်ဘာအိုအသင်းသည် ဂိုးကန်သွင်းမှုအသာရခဲ့သလို ဂိုးရရှိနိုင်လောက်သည့် အခွင့်အရေးများကိုလည်း ဖန်တီးနိုင်ခဲ့သည်။ သို့သော်လည်း ပီကေး၊ အယ်ဘာ၊ ဂါစီယာတို့ဦးဆောင်လာသည့် ခံစစ်ပိုင်းက ကောင်းမွန်စွာရှင်းထုတ်နိုင်မှု၊ ဂိုးသမား နီတိုလက်စွမ်းပြ ကာကွယ်ထားနိုင်မှုတို့ကြောင့် ဘီလ်ဘာအို အသင်း အနိုင်မရရှိခဲ့ခြင်း ဖြစ်သည်။

ဦးဆောင်ဂိုးကို ဘီလ်ဘာအိုအသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် မိနစ် ၅၀ တွင် မာတီနက်ဇ်က သွင်းယူပေးခဲ့သည်။ ဘာစီလိုနာအသင်းသည် ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီး ၂၅ မိနစ်အကြာမှသာလျှင် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ အဆိုပါ ဂိုးကို ရော်ဘတ်တို၏ ဖန်တီးပေးမှုမှ တစ်ဆင့် တိုက်စစ်ကစားသမား ဒီပေးက သွင်းယူပေးခဲ့သည်။ ပွဲချိန်ပြီးခါနီးတွင် ဘာစီလိုနာအသင်းမှ ခံစစ်ကစားသမား ဂါစီယာ ဘီလ်ဘာအိုအသင်းမှ ဝီလီယံကို ကစားပုံကြမ်းတမ်းခဲ့သောကြောင့် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခဲ့သည်။ ဘာစီလိုနာအသင်းသည် ယနေ့ပွဲစဉ်တွင် သရေကျခဲ့သောကြောင့် လာလီဂါနှစ်ပွဲကစားပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် လေးမှတ်ရရှိထားသည်။ ဘီလ်ဘာအိုအသင်းက လာလီဂါနှစ်ပွဲကစားပြီး နှစ်ပွဲစလုံးသရေကျထားသောကြောင့် နှစ်မှတ်သာရရှိထားသည်။

ဘီလ်ဘာအိုအသင်းသည် ဩဂုတ် ၂၈ ရက်တွင် လာလီဂါပွဲစဉ် (၃) အဖြစ် ဆဲလ်တာဗီဂိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဘာစီလိုနာအသင်းက ဂီတာဖေးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အောင်ဇော်

# အလီ၏ပယ်နယ်တီဂိုးဖြင့် စပါးအသင်းနိုင်ပွဲဆက်၊ မန်ယူသရေကျပြီး ချယ်လ်ဆီးနိုင်

ပရီမီယာလိဂ် ပွဲစဉ် (၂) အဖြစ် ဝုဖ်အသင်းနှင့် စပါးအသင်းတို့ ပွဲစဉ်ကို ဩဂုတ် ၂၂ ရက် ညပိုင်းက ဝုဖ် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ စပါးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ စပါးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၉ မိနစ်တွင် အလီက ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။

အလီသည် ယနေ့ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် လိဂ်ပြိုင်ပွဲတွင် ၁၇ လကြာ ဂိုးပေါက်ပျောက်နေမှုကို အဆုံးသတ်နိုင်ခဲ့သည်။

**အဆုံးသတ်မသေချာ**

ဝုဖ်အသင်းသည် ပြီးခဲ့သည့် ပွဲစဉ်မှ ရှုံးနိမ့်မှုကို ယနေ့ပွဲစဉ်တွင် ချေဖျက်နိုင်ရန်အတွက် ဂျီနီနက်ဇ်၊ ထရာအိုရေး၊ ထရင်ကာအိုတို့ဖြင့် ပွဲထွက်လာခဲ့သည်။ ပြိုင်ဘက်စပါးအသင်းက နိုင်ပွဲဆက်လက်ရယူရန်အတွက် ဘာ့ဂ်ဝင့်၊ ဆွန်၊ မော်ရာတို့ဖြင့် ပွဲထွက်လာခဲ့သည်။ ဝုဖ်အသင်းသည် ယနေ့ပွဲစဉ်တွင် စပါးအသင်းကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း အသင်းလိုက်စွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်ရှိမှု၊ အဆုံးသတ်ပိုင်း မသေချာမှုတို့ကြောင့် ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

စပါးအသင်းသည် ဝုဖ်အသင်း ဘက်သို့ စုစုပေါင်း ဂိုးကန်သွင်းချက် ရှစ်ကြိမ်တွင် ခြောက်ကြိမ်အထိ ဂိုးပေါက်တည့်မတ်မှု ရှိခဲ့သောကြောင့် အသင်းတိုက်စစ်ပိုင်းထက်မြက်မှုရှိခဲ့သည်ဟု ဆိုနိုင်ပေသည်။ ဝုဖ်အသင်းသည် စပါးအသင်းထက် ဂိုးကန်သွင်းမှု သိသိသာသာ အသာရခဲ့သော်လည်း စပါးခံစစ်ပိုင်းက ကောင်းမွန်စွာ ရှင်းထုတ်နိုင်မှုကြောင့် လိုအပ်နေသည့် ဂိုးနှင့်ဝေးကွာခဲ့ရသည်။

စပါးအသင်းသည် ယနေ့ပွဲစဉ်တွင် အနိုင်ရရှိခဲ့သောကြောင့် ပရီမီယာလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂) အပြီးတွင် နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ် ခြောက်မှတ် ရရှိထားသည်။ ပြိုင်ဘက် ဝုဖ်အသင်းက နှစ်ပွဲကစားထားပြီး နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည့်အတွက် ရမှတ် မရရှိသေးပေ။



စပါးအတွက် အနိုင်ဂိုးကို ပယ်နယ်တီပြစ်ဒဏ်မှတစ်ဆင့် အလီ ကန်သွင်းစဉ်။

**မန်ယူသရေကျ**

အခြားသော ပွဲစဉ်အဖြစ် ဆောက်သမ်တန်နှင့် မန်ယူအသင်းတို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ ဆောက်သမ်တန်အသင်းသည် ပရီမီယာလိဂ် နှစ်ပွဲကစားပြီး တစ်ပွဲရှုံး၊ တစ်ပွဲသရေဖြင့် တစ်မှတ်ရရှိထားသည်။ မန်ယူအသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် လေးမှတ်ရရှိထားသည်။

အာဆင်နယ်နှင့် ချယ်လ်ဆီးပွဲတွင် ချယ်လ်ဆီးက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

အောင်ဇော်

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စကားလုံးများကို သူ့နေရာနဲ့သူ မှန်မှန်ကန်ကန်သုံးတတ်စေရန်ရည်ရွယ်ပြီး တခြားစကားလုံးပုံစံများမှ နာမ်အဖြစ်ပြောင်းလဲဖွဲ့စည်းပုံများကို အလျဉ်းသင့်သလို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့တကွ ဖော်ပြပေးလိုက်ပါတယ်။ ကျန်ရှိနေသေးတဲ့ ရှင်းလင်းချက်များနဲ့ လေ့ကျင့်ခန်းများကို လာမယ့်အပတ်မှာ ဆက်လက်ဖော်ပြပေးသွားပါမယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း "Shortest way to talk about preferences" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း အဓိပ္ပာယ်တူစကားလုံးများကို မြန်မာလိုရှင်းလင်းချက်များနဲ့တကွ ဖော်ပြပေးထားပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုဗစ်-၁၉ ကာလမှာ ဘေးဘယာတွေ ဝေးကွာပြီး ကိုယ်စိတ်နှစ်ဖြာ အေးချမ်းသာယာရှိပါစေ။

*(ယခင်အပတ်မှအဆက်)*

## GRAMMAR
### Basic to Intermediate

ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ

Exercise (1) မှအဖြေများ

1. The children asked for apples.
2. The ladies painted the shelves.
3. The babies played with dolls.
4. The leaves fell from the branches.
5. Our cats caught the mice.
6. The tall gentlemen spoke to the women.
7. The boys fed the geese.
8. Our teachers told us stories.
9. The gamewardens killed the wolves.
10. The men had donkeys and horses.

**Forming Nouns (နာမ်ဖွဲ့စည်းပုံ)**

Nouns (နာမ်) များကို ပြောင်းလဲဖွဲ့စည်းရာတွင် Adjectives (နာမဝိသေသန) စကားလုံးများမှသော်လည်းကောင်း၊ Verbs (ကြိယာ) စကားလုံးများမှ သော်လည်းကောင်း၊ Nouns (နာမ်) စကားလုံးများမှ သော်လည်းကောင်း ပြောင်းလဲဖွဲ့စည်းနိုင်သည်။ ဥပမာ။

| Adjectives | Nouns |
|---|---|
| bright | brightness |
| cruel | cruelty |
| warm | warmly |
| brave | bravery |
| **Verbs** | **Nouns** |
| act | action |
| enter | entrance |
| enjoy | enjoyment |
| **Nouns** | **Nouns** |
| king | kingdom |




| | |
|---|---|
| child | childhood |
| friend | friendship |

အဘယ်ကြောင့် ထိုသို့ပြောင်းလဲဖွဲ့စည်းရသနည်း။ လွယ်လွယ်ဖြေရမည်ဆိုလျှင် အင်္ဂလိပ်စကားလုံးများကို သူ့နေရာနှင့်သူ မှန်ကန်အောင် သုံးနိုင်အောင် ဟု ဖြေရမည်ဖြစ်သည်။ အင်္ဂလိပ်ဝါကျတည်ဆောက်ရာတွင် တချို့နေရာများတွင် Noun (နာမ်) ကိုသုံးရသလို တချို့နေရာများတွင် Adjective (နာမဝိသေသန) တချို့နေရာများတွင် Adverb (ကြိယာဝိသေသန) စသည်ဖြင့် သူ့နေရာနှင့်သူ အသီးသီး အံဝင်အောင်သုံးမှသာ ဆိုလိုရင်းကို ရောက်ရှိမည်ဖြစ်သည်။ ထိုသို့ အံဝင်အောင်သုံးတတ်စေရန် Noun (နာမ်) ကဏ္ဍနှင့် တစ်ဆက်တည်း အလျဉ်းသင့်၍ နာမ် (Noun) ဖွဲ့စည်းပုံကို ဖော်ပြပေးလိုက်ခြင်းဖြစ်ပါသည်။

Noun (နာမ်) များကို ပြောင်းလဲဖွဲ့စည်းရာတွင် တိကျသော အချို့ နောက်ဆက်တွဲစကားလုံးများ အဖြစ် -ness, -ty, -th, -ion, -ry, -ance, -ment, -dom, -hood, -ship, etc. စသည့်စကားလုံးများကို ပေါင်းထည့်အသုံးပြုနိုင်ပါသည်။ အောက်တွင် စကားလုံးအချို့နှင့် ပြောင်းလဲဖွဲ့စည်းထားသော နာမ်စကားလုံး အချို့ကို ဖော်ပြပေးလိုက်ပါသည်။

| စကားလုံးများ<br><br>Words | ပြောင်းလဲဖွဲ့စည်းထားသော Noun (နာမ်)စကားလုံးများ<br>Nouns |
|---|---|
| 1. absent (adj-ပျက်ကွက်သော) | absence (n-ပျက်ကွက်ခြင်း) |
| 2. act (v-ပြုလုပ်၊ဆောင်ရွက်သည်) | action (n-လုပ်ဆောင်ချက်) |
| 3. add (v-ထည့်သည်၊ ဖြည့်သည်) | addition (n-ဖြည့်စွက်ချက်) |
| 4. agree (v-သဘောတူသည်) | agreement (n-သဘောတူညီချက်) |
| 5. angry (adj-ဒေါသထွက်၊ စိတ်ဆိုးသော) | anger (n-ဒေါသ) |
| 6. arrive(v-ရောက်ရှိသည်) | arrival (n-ဆိုက်ရောက်ခြင်း) |
| 7. attend (v-တက်ရောက်သည်) | attention (n-အာရုံစိုက်ခြင်း၊ ဂရုစိုက်ခြင်း) |
| 8. bad (adj-ညံ့သော၊ဆိုးသော) | badness (n-ဆိုးခြင်း) |
| 9. beautiful (adj-လှပသော) | beauty (n-သာယာ၊လှပ၊ တင့်တယ်ခြင်း) |
| 10. begin (v-စတင်သည်) | beginning (n-အစပြုခြင်း၊ အစပိုင်း) |
| 11. behave (v-ပြုမူသည်) | behavior (n-အပြုအမူ) |
| 12. brave (adj-ရဲရင့်သော၊ သတ္တိရှိသော) | bravery (n-ရဲစွမ်းသတ္တိ) |
| 13. breathe (v-အသက်ရှုသည်) | breath (n-ထွက်သက်ဝင်သက်) |
| 14. bright(adj-တောက်ပသော) | brightness (n-တောက်ပခြင်း) |
| 15. broad(adj-ကျယ်သော) | breadth (n-အကျယ်၊အနံ) |
| 16. busy (adj-အလုပ်များသော) | business (n-စီးပွားရေးလုပ်ငန်း) |
| 17. choose (v-ရွေးချယ်သည်) | choice (n-ရွေးချယ်မှု၊ ရွေးချယ်စရာ) |
| 18. clean (adj-သန့်ရှင်းသော၊ စင်ကြယ်သော) | cleanliness (n- သန့်ရှင်းစင်ကြယ်ခြင်း) |
| 19. collect (v-စုစည်းသည်) | collection (n-စုဆောင်းသိမ်းဆည်းခြင်း) |
| 20. correct (adj-မှန်ကန်သော) | correction (n-အမှားပြင်ချက်) |
| 21. cruel (adj-ရက်စက်သော) | cruelty (n-အကြင်နာမဲ့မှု၊ ရက်စက်မှု) |
| 22. dark (adj-မှောင်သော) | darkness (n-အမှောင်) |
| 23. deep (adj-နက်သော) | depth (n-အနက်၊ ဇောက်) |
| 24. describe (v-ဖော်ပြသည်) | description (n-ဖော်ပြချက်) |
| 25. die (v-သေဆုံးသည်) | death (n-သေဆုံးခြင်း) |

*(ဆက်လက်ဖော်ပြပါမည်)*

## VOCABULARY

| | | | | |
|---|---|---|---|---|
| 1. beautify | = | decorate | (လှပအောင်လုပ်သည်။ အလှဆင်သည်) |
| 2. besieged | = | surrounded | (ဝန်းရံထားသည်။) |
| 3. beverages | = | drinks | (အဖျော်။ ယမကာ။ သောက်စရာ) |
| 4. beg | = | implore | (အနူးအညွတ်တောင်းပန်သည်။) |
| 5. behaviour | = | conduct | (ပြုမူကျင့်ကြံပုံ။ အနေအထိုင်) |
| 6. big | = | large | (ကြီးမားသော) |
| 7. blame | = | reprove | (အပြစ်တင်သည်) |

## CONVERSATION



### Shortest way to talk about preferences




*I'd prefer … to …*

*I have a preference for …*

*I like … better than …*

*I would prefer to …*

*I would sooner …*

*rather than …*

၁။ တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခုကို တခြားတစ်ယောက် သို့မဟုတ် တခြားတစ်ခုထက် ပိုကြိုက်ရင် ပိုနှစ်သက်ရင် I prefer … to … နဲ့ဖော်ပြပြောဆိုနိုင်ပါတယ်။ ဥပမာ။

I prefer apple juice to orange juice.

I prefer Mary to Alice.

I much prefer Chinese food to Indian food.

I prefer to live alone than look for a flatmate.

၂။ တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခုကို ပိုပြီးနှစ်သက်မှု၊ ပိုပြီးလိုလားမှု၊ ပိုပြီးစိတ်ဝင်စားမှု၊ ပိုပြီးဦးစားပေးမှုကို ယဉ်ယဉ်ကျေးကျေးဖော်ပြပြောဆိုချင်ရင်တော့ I have a preference for … ကိုသုံးပါတယ်။ သိပ်မနှစ်သက်ဘူး၊ သိပ်မလိုလားဘူး၊ သိပ်စိတ်မဝင်စားဘူး၊ သိပ်ဦးစားမပေးဘူး ဆိုရင်တော့ preference ရဲ့ရှေ့မှာ slight ကိုထည့်ပြီး ပြောပါတယ်။ အတော်လေးနှစ်သက်တယ်၊ အတော်လေး လိုလားတယ်၊ အတော်လေးစိတ်ဝင်စားတယ်ဆိုရင်တော့ preference ရဲ့ ရှေ့မှာ marked သို့မဟုတ် strong ကို ထည့်ပြီးပြောနိုင်ပါတယ်။ ဥပမာ။

I have a preference for freesia, but it's not in season at the moment.

I have a slight preference for white wine, but red will do.

I have a marked preference for old houses. They have so much more character.

ဘာသာစကားရှုထောင့်

တစ်စုံတစ်ခုကို တခြားတစ်ခုထက် မကြိုက်ဘူး၊ မနှစ်သက်ဘူး သို့မဟုတ် သီးခြားကြိုက်တာမရှိဘူးဆိုရင်တော့ I have no particular preference ကိုသုံးပါတယ်။ ဥပမာ။

Either tea or coffee will be fine. *I have no particular preference*.

I don't mind whether we go to Spain or Portugal. *I have no particular preference* as long as we go somewhere hot.

၃။ I like … better than … ကို I prefer … to … လိုမျိုးလည်းသုံးနိုင်ပါတယ်။ တစ်ခုခု တစ်ယောက်ယောက်ကို တခြားတစ်ခုခု တစ်ယောက်ယောက်ထက် ပိုကြိုက်တဲ့ သဘောပါ။ ဥပမာ။

I like tea better than coffee.

I like fish better than meat.

၄။ တစ်ခုခုကို တခြားတစ်ခုခုထက်ပိုပြီးလုပ်ချင်တဲ့ဆန္ဒရှိတယ်ဆိုရင် သို့မဟုတ် ပိုပြီးသဘောကျတယ်ဆိုရင် I would prefer to … ကိုသုံးပါတယ်။ ဥပမာ။

Q: Do you want to go by plane?

A: I would prefer to go by train.

I would prefer to live here, but I can't find a suitable job. I'm going to have to move to London.

ဘာသာစကားရှုထောင့်

I would prefer to … ကဲ့သို့ပဲ I would rather … ကိုလည်း သုံးနိုင်ပါတယ်။ ပိုပြီး အရပ်သဘောဆန်ဆန်ပြောချင်ရင်တော့ I'd rather … ကိုအဓိပ္ပာယ်မပြောင်းလဲဘဲ သုံးနိုင်ပါတယ်။ ဥပမာ။

Jim suggested going out for lunch, but *I would rather* go out for dinner.

We've got tickets for this afternoon's performance. *I'd rather* go to the evening performance, but it was sold out.

၅။ I would prefer to … သို့မဟုတ် I would rather … ကဲ့သို့ပဲ နောက်တစ်မျိုးသုံးနိုင်တဲ့ ပုံစံတစ်မျိုးကတော့ I would sooner … ပဲဖြစ်ပါတယ်။ ပိုပြီးတော့ အရပ်သဘောဆန်ဆန် ပြောချင်ရင်တော့ I'd sooner … ကိုသုံးပါတယ်။ ဥပမာ။

I would sooner live nearer the centre of town, but property there is too expensive for my budget.

I'm going to spend Christmas with my parents. I'd rather go skiing, but my parents would be offended.

ဘာသာစကားရှုထောင့်

I would rather သို့မဟုတ်၍ I would sooner ဆိုတဲ့ ဖော်ပြချက်နောက်မှာ past tense ကိုသုံးထားတဲ့ that-clause လိုက်ပြီးတော့လည်း သုံးနိုင်ပါတယ်။ ပိုပြီးတော့ အလေးအနက်ပြောချင်ရင်တော့ rather သို့မဟုတ် sooner ရဲ့ရှေ့မှာ much သို့မဟုတ် far ကိုထည့်ပြီးသုံးနိုင်ပါတယ်။ ဥပမာ။

*I would rather* that people did not smoke in the house. They can go into the garden if they want to smoke.

*I'd rather* that my wife stayed at home to look after children, but we need the money from her job.

*I'd much rather* that Dad employed a gardener. He's not fit enough to look after such a big garden himself!

*I'd much sooner* that my daughter went to the local university, but she wants to apply for Oxford.

၆။ တစ်ခုမဟုတ် တခြားတစ်ခုကို ရွေးချယ်ရတာ သဘောကျတယ်ဆိုရင်တော့ သို့မဟုတ် တစ်ခုကို တခြားတစ်ခုထက် သဘောကျတယ်ဆိုရင်တော့ rather than … ကိုသုံးပါတယ်။ ဥပမာ။

I'm going by train rather than by car.

I'm buying a small house rather than a flat.

**A choice of drinks**

Jane: I'm going to get an orange juice, Alice. Can I get you one?

Alice: Could you see if they've got any apple juice? I much prefer it to orange juice.

Jane: I'll do that. What about you, Sue? Do you want some juice?

Sue: No, thanks, Jane. I'd prefer to have a coffee. I feel in need of some caffeine. I'll have an espresso, please.

Jane: Right, Sue. You usually have orange juice, Lucy? Can I get you one?

Lucy: At the time of day I'd sooner have a cup of tea.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့မှ လူပေါင်း ၁၇၀၀၀ အား အမေရိကန် ကယ်တင်

ဝါရှင်တန် ဩဂုတ် ၂၂

**ပြီးခဲ့သည့်သီတင်းပတ်အတွင်း အမေရိကန်နိုင်ငံသား ၂၅၀၀ အပါအဝင် လူပေါင်း ၁၇၀၀၀ ကို အာဖဂန်နစ္စတန်မှ ကယ်တင်ခဲ့ပြီးဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနကပြောသည်။ ကာကွယ်ရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိတစ်ဦးက သတင်းစာရှင်းလင်းပွဲတွင် ကယ်တင်ပေးခဲ့သည့်လူဦးရေပမာဏကို ပြောကြားခဲ့ခြင်းဖြစ်သည်။**



အမေရိကန် စစ်ဘက်သုံးလေယာဉ်ဖြင့် တင်ဆောင်လာသူများကို တွေ့ရစဉ်။

အာဖဂန်နစ္စတန်မှထွက်ခွာရန် ကျန်ရှိနေသေးသည့်သူများသည် ကာတာနှင့် အခြားသော နိုင်ငံများမှတစ်ဆင့် အမေရိကန်နိုင်ငံသို့ ဦးတည်လာရောက်ကြမည်ဟု အမေရိကန်အစိုးရက ပြောသည်။ ကယ်ဆယ်ရေးလုပ်ငန်း လျင်လျင်မြန်မြန်ပြီးဆုံးရန် အာရုံစိုက် လုပ်ကိုင်လျက်ရှိသည်ဟု ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက ပြောသည်။

အမေရိကန် တပ်ဖွဲ့သည် အာဖဂန်ရှိ အမေရိကန်နိုင်ငံသားများအပါအဝင် အမေရိကန်အတွက် အလုပ်လုပ်ကိုင်ပေးခဲ့သည့်အာဖဂန်များကိုပါ တိုင်းပြည်အတွင်းမှ ထွက်ခွာသွားနိုင်ရေးအတွက် ကူညီပေးလျက်ရှိသည်။

အင်န်အိတ်ချ်ကေ

## အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၇၁၂၉ ဦး ထပ်မံတွေ့ရှိ

ဂျေရုဆလင် ဩဂုတ် ၂၂

အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၇၁၂၉ ဦးကို တွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၂၁ ရက်တွင် ပြောသည်။ ထို့ကြောင့် စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၉၈၅၃၄၁ ဦးရှိပြီဖြစ်သည်။ ကိုဗစ်-၁၉ နှင့်ဆက်စပ်ပြီး သေဆုံးသူအရေအတွက်မှာလည်း ၁၆ ဦး ထပ်တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်း ၆၇၇၅ ဦး ရှိလာခဲ့သည်။

စိုးရိမ်ရသည့်အခြေအနေရှိသူ အရေအတွက်မှာလည်း ၅၉၇ ဦးမှ ၆၄၅ ဦးအထိ တိုးလာခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ စုစုပေါင်းပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၉၁၁၀၁၃ ဦး ရှိသည်။

အစ္စရေးတွင် တစ်ကြိမ်ကာကွယ်ဆေးထိုးပြီးသူ ၅ ဒသမ ၉ သန်း၊ နှစ်ကြိမ်ကာကွယ်ဆေးထိုးပြီးသူ ၅ ဒသမ ၄၄ သန်းနှင့် သုံးကြိမ်ကာကွယ်ဆေးထိုးပြီးသူ ၁ ဒသမ ၃၆ သန်းရှိသည်။

ဩဂုတ် ၂၀ ရက်ကလည်း တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနိုင်သည့် အသက်အပိုင်းအခြားကို ယခင် ၅၀ သတ်မှတ်ထားရာမှ ၄၀ အထိ လျှော့ချသတ်မှတ်ခဲ့သည်။ ထို့ပြင် ကျောင်းဆရာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကိုယ်ဝန်ဆောင်မိခင်များကိုလည်း ကာကွယ်ဆေးထိုးရန် ခွင့်ပြုပေးခဲ့သည်။

ဆင်ဟွာ

.........................................

## အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ်တွင် ရေကြီးမှုကြောင့် ရှစ်ဦး သေ၊ ၃၀ ပျောက်ဆုံး

ဝါရှင်တန် ဩဂုတ် ၂၂

အမေရိကန်တောင်ပိုင်း တင်နက်ဆီပြည်နယ် ဟမ်ဖရေးကောင်တီတွင် ဩဂုတ် ၂၁ ရက်က ရေကြီးမှုဖြစ်ပွားခဲ့ရာ လူရှစ်ဦးထက်မနည်း သေဆုံးကာ ပျောက်ဆုံးနေသူ ၃၀ ရှိသည်ဟု အာဏာပိုင်များက ပြောသည်။

လျှပ်စစ်ဓာတ်အားပြတ်တောက်မှု၊ တယ်လီဖုန်းလိုင်းများ ပြတ်တောက်မှုများလည်းရှိကြောင်း အဆိုပါဒေသမှ ရဲအရာရှိတစ်ဦးဖြစ်သူ ခရစ်ဒေးဗစ်က ပြောသည်။ ကျေးလက်လမ်းများနှင့် အဝေးပြေးလမ်းမကြီးမှာလည်း မိုးရေများနှင့် လျှံကျနေသည်။

ရေကြီးမှုအခြေအနေမှာ အသက်အန္တရာယ်စိုးရိမ်ရသည်ဟု နက်ရှ်ဗေးမြို့ အမျိုးသားမိုးလေဝသဌာနက ဩဂုတ် ၂၁ ရက်တွင် ပြောသည်။

နေအိမ်များတွင်ပိတ်မိနေသည့် လူများလည်းရှိကြောင်း နက်ရှ်ဗေးမြို့ မိုးလေဝသပညာရှင် ခရစ်စီဟာလေက ပြောသည်။

ဆင်ဟွာ

## ယူရို ၂၀၂၀ ဘောလုံးပွဲနှင့် ဆက်စပ်၍ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၆၀၀၀ ကျော်ရှိ

**လန်ဒန် ဩဂုတ် ၂၂**

ယခုနှစ်အတွင်း လန်ဒန်တွင် ကျင်းပခဲ့သည့် ယူရို ၂၀၂၀ ဘောလုံးပြိုင်ပွဲကို လာရောက်ကြည့်ရှုရင်း ကိုဗစ်-၁၉ ကူးစက်ခံရသူဘောလုံး ပရိသတ်အရေအတွက်မှာ ၆၄၀၀ နီးပါးရှိသည်ဟု ဗြိတိန်အစိုးရ စစ်တမ်းတစ်ခုအရ သိရသည်။ ဩဂုတ် ၂၀ ရက်တွင် ဗြိတိန်အစိုးရက စစ်တမ်းကောက်ယူထားမှုရလဒ်ကို ထုတ်ပြန်ခဲ့ပြီး ပွဲများ ပြန်စခွင့်မပြုမီ ဗိုင်းရပ်စ်ကူးစက်မှု၏ သက်ရောက်မှုကို စူးစမ်းလေ့လာခဲ့ခြင်းဖြစ်သည်။

အချို့သော ပွဲများတွင် ပွဲကြည့်ပရိသတ် အရေအတွက် အများအပြားကို ခွင့်ပြုပေးလိုက်ပြီး ရောဂါကူးစက်မှု မည်မျှရှိသည်ကို စောင့်ကြည့်ခဲ့ကြသည်။ ယူရို ၂၀၂၀ နောက်ဆုံးပွဲစဉ်ကို ပွဲကြည့်ပရိသတ် ၃၅၀၀၀၀ လာရောက်ကြည့်ရှုခဲ့ကြပြီး ဇွန်လနှင့်ဇူလိုင်လအတွင်း လန်ဒန်တွင် အခြားသော ပြိုင်ပွဲခုနစ်ခုလည်း ကျင်းပခွင့်ပြုခဲ့သည်။



ယူရို ၂၀၂၀ နောက်ဆုံးပြိုင်ပွဲမတိုင်မီ ဝင်ဘလေကွင်းအပြင်ဘက်တွင် လူစုလူဝေးကြီးကို တွေ့ရစဉ်။

ပွဲအတွင်းသို့မဝင်မီ ပရိသတ်များအနေဖြင့် ကိုဗစ်-၁၉ ကင်းစင်ကြောင်း ၎င်းတို့၏ဆေးစစ်ချက်လက်မှတ်ကို ပြသရန် လိုအပ်သည်။ ပရိသတ်များကြား ကိုဗစ်-၁၉ကူးစက်မှု ၆၄၀၀ ခန့်ရှိသည်ဟု လေ့လာမှုအရ သိရသည်။ ဗိုလ်လုပွဲနှင့် အကြိုဗိုလ်လုပွဲစဉ်များတွင် ကူးစက်မှု များပြားခဲ့သည်။ အဆိုပါ ကာလအတွင်း ဗြိတိန်တစ်လွှား နောက်ထပ်ကူးစက်မှုများ များပြားနေခဲ့သည်။

အရက်ဆိုင်များနှင့် အခြားသောလူစုလူဝေးရှိရာ နေရာများတွင် ဘောလုံးပွဲကြည့်သည့် ပရိသတ်များကြောင့်လည်း ကူးစက်မှု ပိုမိုများပြားခဲ့ရသည်ဟု သုတေသီများကပြောသည်။ ယခုရရှိထားသည့် အချက်အလက်များအရ လူစုလူဝေးပွဲများတွင် ဗိုင်းရပ်စ် လျင်လျင်မြန်မြန် ကူးစက်သည်ကို တွေ့ရသည်ဟု သုတေသီများက ပြောသည်။ လူစုလူဝေးနေရာများသို့သွားလျှင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ကြရန်လည်း တောင်းဆိုထားသည်။

အင်န်အိတ်ချ်ကေ

## ဟေတီတွင် ငလျင်လှုပ်ပြီး တစ်ပတ်အကြာ၌ အကူအညီများ လုံလောက်မှုမရှိသေး

ပေါ်တိုပရင့်စ် ဩဂုတ် ၂၂

ဟေတီနိုင်ငံ အနောက်တောင်ပိုင်းမှ ပြည်သူများမှာ ငလျင်လှုပ်ပြီး တစ်ပတ်အကြာတွင် အကူအညီများ ပြတ်လပ်နေကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။ ဩဂုတ် ၁၄ ရက်တွင် လှုပ်ခဲ့သည့် ငလျင်ကြောင့် လူပေါင်း ၂၁၈၉ ဦး သေဆုံးခဲ့ရပြီး ဒဏ်ရာရရှိသူ ၁၂၂၆၈ ဦးရှိခဲ့သည်။ ပျောက်ဆုံးနေသည့် အရေအတွက်မှာ ၃၂၂ ဦး ဖြစ်သည်ဟု အစိုးရက ပြောသည်။



ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသည့်ကားကို လူများ ဝိုင်းအုံနေသည်ကို တွေ့ရစဉ်။

မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြေပြိုမှုတို့ကြောင့် အစားအသောက်၊ ဆေးဝါး၊ ရေနှင့် လိုအပ်သည့် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့နိုင်ရေးအတွက် အဟန့်အတားများ ဖြစ်လျက်ရှိသည်။ ထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်လာသောကားကို ပြည်သူများဝိုင်းကာတောင်းခံနေကြသည့် ဗီဒီယိုကိုလည်း တွေ့မြင်ရသည်။

ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် အမီနာမိုဟာမက်လည်း ငလျင်ဒဏ်ခံစားခဲ့ရသည့်ဒေသသို့ လာရောက်ခဲ့သည်။ ထိုသို့လာရောက်စဉ် ကုလသမဂ္ဂအနေဖြင့် ကာလရှည်ဖွံ့ဖြိုးတိုးတက်မှုများအတွက် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး အစိုးရဦးဆောင်မှု အပိုင်းတွင်လည်း ထောက်ပံ့ပေးကာ အရေးပေါ်ကူညီထောက်ပံ့မှုများလည်း ပေးသွားမည်ဟု ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ်– ၁၉ ကပ်ရောဂါရိုက်ခတ်မှုနဲ့ ဂျပန်စီးပွားရေး

**ထွန်းကျော်**

**ဒုတိယလေးလပတ်ရဲ့ စာရင်းဇယားဖော်ပြချက်တွေအရ ဂျပန်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ အကောင်းဘက်ကိုရောက်ရှိလာသော်လည်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်မှုအားနည်းတာကြောင့် ဖွံ့ဖြိုးသင့်သလောက်မဖွံ့ဖြိုးဘဲ အထနှေးနေသေးသလို တစ်ဦးချင်းဝင်ငွေအပိုင်းမှာလည်း အားရစရာတိုးတက်မှုမတွေ့ရသေးပါဘူး။**

### ဂျီဒီပီတိုးလာ

ဂျပန်နိုင်ငံရဲ့ အမှန်တကယ် ပြည်တွင်း အသားတင်ထုတ်လုပ်မှု (ဂျီဒီပီ)ဟာ အရင်လေးလပတ်နဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဒုတိယလေးလပတ်မှာ ၀ ဒသမ ၃ ရာခိုင်နှုန်းတိုးလာကာ နှစ်ကုန်လောက်ဆိုရင်တော့ ၁ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးလာနိုင်တယ်လို့ ဝန်ကြီးရုံးရဲ့ထုတ်ပြန်လိုက်တဲ့ စာရင်းဇယားဖော်ပြချက်တွေမှာ ဖော်ပြထားပါတယ်။

ဂျပန်နိုင်ငံရဲ့ စီးပွားရေးဆောင်ရွက်ချက်ဟာ တတိယအကြိမ် ကိုဗစ်–၁၉ အရေးပေါ်ကြေညာချက်ကြောင့် နိုင်ငံ့ဂျီဒီပီရဲ့ ထက်ဝက်လောက်ရှိတဲ့ တစ်ဦးချင်းဝင်ငွေကို ထိခိုက်လာနိုင်တဲ့အတွက် ဒုတိယလေးလပတ်မှာကျဆင်းလာနိုင်သေးတယ်လို့စာရင်းဇယားတွေမှာ ဖော်ပြထားပါသေးတယ်။

### ဂျပန်နိုင်ငံရဲ့စီးပွားရေး အကျဘက်သို့ရောက်ရှိ

၂၀၂၁ ခုနှစ်ရဲ့ ပထမလေးလပတ်မှာ နိုင်ငံရဲ့ အမှန်တကယ် ဂျီဒီပီဟာ အရင်လေးလပတ်နဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး တစ်ဦးချင်းဝင်ငွေဟာလည်း အရင်လေးလပတ်ထက် ၁ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့တာကြောင့် ဂျပန်နိုင်ငံရဲ့ စီးပွားရေးဟာ အကျဘက်ကို ရောက်ရှိခဲ့ပါတယ်။

မထိန်းချုပ်နိုင်သေးတဲ့ ကပ်ရောဂါ၊ ကန့်သတ်ထားတဲ့ စီးပွားရေးဆောင်ရွက်ချက်၊ ယိုယွင်းပျက်စီးလာတဲ့ အလုပ်အကိုင်အခြေအနေ၊ ကျဆင်းလာတဲ့ ဝင်ငွေစတဲ့ အကြောင်းတရားတွေကို ကျော်လွှန်ပြီး ဂျပန်နိုင်ငံရဲ့ တစ်ဦးချင်းဝင်ငွေဟာ ဆက်လက်ပြီး အရှိန်အဟုန်ကောင်းကောင်းနဲ့ ကြီးထွားလာဖို့ဆိုတာ အလွန်ခက်ပါတယ်လို့ ဂျပန်ကျွမ်းကျင်သူတွေက ယုံကြည်ထားပါတယ်။

### စီးပွားရေးနာလန်ထူမှုကို ရိုက်ခတ်မှုဖြစ်စေ

ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်မှု အားနည်းတာက ဂျပန်အစိုးရကို တတိယအကြိမ် ကိုဗစ်– ၁၉ အရေးပေါ်အခြေအနေ ထုတ်ပြန်ရတဲ့အထိ ဖြစ်စေပါတယ်။ ပြီးတော့လည်း ကိုဗစ်– ၁၉ အရေးပေါ်အခြေအနေကို ဆက်လက်ပြီး သက်တမ်းတိုးမြှင့်နိုင်ခြေလည်း ရှိနေပါသေးတယ်။ ဒီအခြေအနေတွေက တစ်ဦးချင်းဝင်ငွေအပေါ် ဖိအားတွေသက်ရောက်စေတဲ့အတွက် စီးပွားရေး ပြန်လည်နာလန်ထူတဲ့အပေါ် ရိုက်ခတ်မှုဖြစ်စေပါတယ်။

ကိုဗစ်– ၁၉ ကပ်ရောဂါကြာရှည်ဖြစ်နေခြင်းက သက်ဆိုင်ရာစက်မှုလုပ်ငန်းတွေကို အကျဘက်ကိုရောက်ရှိစေပြီး အလုပ်လက်မဲ့နှုန်းတွေလည်း မြင့်လာစေပါတယ်။ ဒါတွေဟာ တစ်ဦးချင်းဝင်ငွေတွေကို အကျဘက်ကိုဆွဲချသလိုဖြစ်စေခဲ့ပါတယ်။

### အလုပ်လက်မဲ့နှုန်းမြင့်တက်

ဂျပန်နိုင်ငံရဲ့အလုပ်လက်မဲ့နှုန်း အရေအတွက်ဟာ အစောပိုင်းတစ်နှစ်မှာ ၂ ဒသမ ၃၃ သန်းရှိရာကနေ ဒုတိယလေးလပတ်မှာ ကိုးရာခိုင်နှုန်းအထိ မြင့်တက်လာပါတယ်။ တစ်နှစ်ကျော်ကာလအတွင်းမှာ သုံးပုံပုံတစ်ပုံလောက်အလုပ်က ထွက်ခွာနေရပါတယ်။

ဒါ့အပြင် ကမ္ဘာတစ်ဝန်း အဓိကစီးပွားရေးတွေ လျင်မြန်စွာနာလန်ထူလာခြင်းက ဂျပန်နိုင်ငံရဲ့ ပို့ကုန်တွေကို တိုးတက်စေတဲ့အတွက် ပြည်တွင်းလိုအပ်ချက်ရဲ့ ထောက်တိုင်တစ်ခုဖြစ်တဲ့ စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုဟာ အရင်လေးလပတ်ထက် ဒုတိယလေးလပတ်မှာ ၁ ဒသမ ၇ ရာခိုင်နှုန်း တိုးလာပါတယ်။



ဂျပန်နိုင်ငံ တိုကျိုမြို့တစ်နေရာကို အပေါ်စီးမှ တွေ့မြင်ရစဉ်။

### ပြည်ပဝယ်လိုအားကျဆင်း

ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ဖော်ပြချက်အရ တရုတ်ကဲ့သို့သော အဓိကပင်လယ်ရပ်ခြားဈေးကွက်တွေရဲ့ အားကောင်းတဲ့ ဝယ်လိုအားတွေကြောင့် ဂျပန်နိုင်ငံရဲ့ ၂၀၂၁ ပထမနှစ်ဝက် ပို့ကုန်ဟာ ၂၃ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာပါတယ်။ ဒါဟာ ကိုဗစ်– ၁၉ ကပ်ရောဂါမဖြစ်ပွားခင် ၂၀၁၉ ခုနှစ်ရဲ့အလားတူကာလထက်ကို ကျော်လွန်ခဲ့ပါတယ်။

ပြည်ပဝယ်လိုအားအရ ၂၀၂၁ ခုနှစ် ဒုတိယလေးလပတ်မှာ ဂျပန်နိုင်ငံရဲ့ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုဆိုင်ရာ တင်ပို့မှုဟာ အရင်လေးလပတ်ထက် ၂ ဒသမ ၉ ရာခိုင်နှုန်း တိုးလာပါတယ်။ တစ်ချိန်တည်းမှာပဲ သွင်းကုန်ဟာ ၅ ဒသမ ၁ ရာခိုင်နှုန်း တိုးလာပါတယ်။

သွင်းကုန်နဲ့ ပို့ကုန်ကြားမျှခြေဖြစ်လာပြီးနောက်မှာ အသားတင်ပို့ကုန်ဟာ ကျဆင်းလာပြီး ဂျပန်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေတဲ့ ပြည်ပဝယ်လိုအားလည်း ကျဆင်းလာပါတယ်။

### နှောင့်နှေးမှုတွေဖြစ်စေ

စီးပွားရေးပညာရှင်အများစုက ဒုတိယလေးလပတ်မှာ ပို့ကုန်နဲ့ ဂျပန်နိုင်ငံရဲ့ စီးပွားရေးနာလန်ထူမှုကို အထောက်အကူဖြစ်စေတဲ့ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတိုးတက်မှုတွေအပေါ် ယုံကြည်ထားပါတယ်။

နိုမူရာသုတေသနအင်စတီကျူရဲ့သုတေသနပညာရှင် တာကာဟီဒဲကီအီအူချီက ဒုတိယလေးလပတ်ကာလမှာ ဘက်ပေါင်းစုံပါဝင်တဲ့ စီးပွားရေးစနစ်ရဲ့ ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းဟာ ဂျပန်ကားထုတ်လုပ်သူတွေကို ထုတ်လုပ်မှုတွေ လျှော့ချတာတွေ ဖြစ်စေခဲ့သလို တစ်ဦးချင်းစားသုံးမှုတွေနဲ့ ပို့ကုန်ကြီးထွားလာမှုတွေကို နှောင့်နှေးစေတယ်လို့ပြောပါတယ်။

### စီးပွားရေးပြန်လည်နိုးထမှုကို တရွှတ်တိုက်ဆွဲ

တစ်ချိန်တည်းမှာပဲ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနာလန်ထူမှုဟာ မကျိန်းသေသေးတဲ့ အနေအထားမှာ ရှိပါတယ်။ ဂျပန်နိုင်ငံရဲ့ ပို့ကုန်နဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတွေဟာ အလားအလာ သိပ်မကောင်းတဲ့ စီးပွားရေးဆိုင်ရာ နာလန်ထူမှုကို အာမခံမပေးနိုင်တဲ့ အကျဘက်ကို အချိန်မရွေးရောက်သွားနိုင်တဲ့ အန္တရာယ်နဲ့လည်း ရင်ဆိုင်ရနိုင်ပါတယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။

၂၀၂၁ ခုနှစ် နွေဦးရာသီကတည်းက နိုင်ငံတကာဈေးကွက်မှာ ကုန်ကြမ်းပစ္စည်းတန်ဖိုးတွေ ရုတ်တရက်ဆိုသလို မြင့်တက်လာခဲ့ပါတယ်။ အဲဒါက ဂျပန်နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍကို ဖိအားတွေဖြစ်စေခဲ့တယ်လို့ ဒိုင်အိချီလိုက်ဖ်သုတေသန အင်စတီကျူရဲ့ စီးပွားရေးပညာရှင် ဟီဒဲအိုကူမာနိုက ပြောပါတယ်။

အနာဂတ်ကာလမှာ သွင်းကုန်ဖောင်းပွမှုတွေဟာ ထုတ်လုပ်မှုမှသည် ထုတ်လုပ်မှုမရှိမှုဆီသို့ ရောက်နိုင်ခြေရှိပြီး ပြည်တွင်းဝယ်လိုစွမ်းအားကို အဟန့်အတားအနှောင့်အယှက်ဖြစ်စေနိုင်ကာ ဂျပန်နိုင်ငံရဲ့ စီးပွားရေး ပြန်လည်နိုးထလာမှုမှာ တရွှတ်တိုက်ဆွဲစေနိုင်တယ်လို့ သူက ဆက်ပြောထားပါတယ်။ ။

ကိုးကား – ဆင်ဟွာ

**✻ ၂၀၂၁ ခုနှစ်ရဲ့ ပထမလေးလပတ်မှာ နိုင်ငံရဲ့ အမှန်တကယ် ဂျီဒီပီဟာ အရင်လေးလပတ်နဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး တစ်ဦးချင်းဝင်ငွေဟာလည်း အရင်လေးလပတ်ထက် ၁ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့တာကြောင့် ဂျပန်နိုင်ငံရဲ့ စီးပွားရေးဟာ အကျဘက်ကို ရောက်ရှိခဲ့**

# ဩဂုတ် ၂၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁၇၃ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁၃၈ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၄၃၇၄ ဦးရှိ

(၂၂-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေစနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကိုမကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၁-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၈,၉၉၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၁၇၃) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၄၂၆,၂၀၉)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၇၃,၆၈၅) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃,၅၃၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၉၈,၈၇၅)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၃၈) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၄,၃၇၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၁-၈-၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၄,၄၅၆,၈၅၇) ဦးအား ထိုးနှံပေးပြီးဖြစ်ပြီး၊ ကာကွယ်ဆေး နှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁,၇၉၆,၈၃၀) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၂,၆၆၀,၀၂၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၂-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၅)ခု | (၂၁)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၂၃)ခု | (၂၆)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၉၅)ခု | (၁)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၄၆)ခု | (၈)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂၉၀)ခု | (၂၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၉၀)ခု | (၄၂၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၈၉၂)ခု | (၁,၆၆၁)ဦး |
| စုစုပေါင်း | (၈,၉၉၁)ခု | (၂,၁၇၃)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူသို့ အသိပေးပန်ကြားချက်

ပြည်သူတို့အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်မှသာ လုပ်ငန်းများအချိန်တိုအတွင်း အောင်မြင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါအချက်များကို အားလုံးကိုယ်စီလိုက်နာကြပါရန် အသိပေးပန်ကြားအပ်ပါသည်–

၁။ တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ပါ၊

၂။ အိမ်တွင် ဧည့်သည်လက်ခံခြင်း လုံးဝမပြုပါနှင့်၊ မိမိကိုယ်တိုင်လည်း ဧည့်သည်အဖြစ် သွားရောက်ခြင်း လုံးဝမပြုပါနှင့်၊

၃။ အိမ်တွင် အသက်(၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ (သို့မဟုတ်) ဆီးချို၊ သွေးတိုး၊ နှလုံး..စသည့် နာတာရှည်ရောဂါ တစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ထားစေပါ၊ လေဝင်လေထွက်ကောင်းသည့်နေရာတွင် နေစေပါ၊

၄။ မဖြစ်မနေအပြင်ထွက်ရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေတပ်ဆင်ပါ၊ လက်ကို စနစ်တကျဆေးကြောပါ၊ အခြားသူများနှင့် (၆)ပေအကွာ ခပ်ခွာခွာနေပါ၊ လေဝင်လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ပါ၊

၅။ လူစုလူဝေး လုံးဝရှောင်ကြဉ်ပါ၊

၆။ ဖြစ်နိုင်ပါက တစ်ပတ်လျှင် တစ်ကြိမ်ခန့်သာ ဈေးဝယ်ယူပါ၊ ပါးစပ်နှင့်နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ထားခြင်းမရှိသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

၇။ အပြင်ထွက်ရာမှ အိမ်ပြန်ရောက်သောအခါတွင် အိမ်သို့ရောဂါပိုးများ သယ်ဆောင်လာခြင်းမရှိစေရန် သတိပြုပါ၊ အသုံးပြုပြီးသော ပါးစပ်နှင့်နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးပစ္စည်းများကို အိမ်အပြင်တွင် စနစ်တကျစွန့်ပစ်ပါ၊ အဝတ်အစားမလဲမီ/ ကိုယ်လက်သန့်စင်ခြင်းမပြုမီ အိမ်သားများနှင့် အနီးကပ် ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ၊

၈။ အလှည့်ကျရရှိသော ကာကွယ်ဆေးသည် မိမိအတွက် အကောင်းဆုံးဖြစ်၍ ကာကွယ်ဆေး ထိုးနှံခြင်းကို အကြိမ်ပြည့်ခံယူပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

၉။ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တတ်နိုင်သည့်ဘက်မှ လူအင်အား၊ ငွေကြေး၊ ပစ္စည်း၊ ကျွမ်းကျင်မှုပညာရပ်များဖြင့် စနစ်တကျပါဝင် ပူးပေါင်းပံ့ပိုးပေးကြပါရန် ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန (၂ – ၈ – ၂၀၂၁)

## ဒေါ့ဖုန်းယန်မြို့ရှိ ခရစ်ယာန် အသင်းတော်သို့ အလှူငွေနှင့် ကျန်းမာရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

ဒေါ့ဖုန်းယန် ဩဂုတ် ၂၂

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အလှူငွေနှင့် ကျန်းမာရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် အမှတ်(၁)ရပ်ကွက်ခန်းမဆောင်၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ပေးအပ်လှူဒါန်းရာတွင် မြို့ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့် ကော်မတီအဖွဲ့ဝင်များက ဒေါ့ဖုန်းယန်မြို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေသော ခရစ်ယာန်အသင်းတော်သို့ အလှူငွေကျပ် သိန်း ၃၀၊ ရောဂါကာကွယ်ရေး ဝတ်စုံ ၂၀၊ နှာခေါင်းစည်း အခု ၂၀၀ တစ်ကိုယ်ရေသုံးပစ္စည်းများဖြစ်သော (စောင်၊ ခေါင်းအုံး၊ ဖျာ၊ ပဝါ) အစုံ ၁၀ စုံတို့ကို ပေးအပ်လှူဒါန်းရာ အသင်းတော်မှ တာဝန်ရှိသူများက လက်ခံရယူကြောင်း သိရသည်။

ဒေါ့ဖုန်းယန်(ပြန်/ဆက်)

# ဗီဇပြောင်းပိုးတွေကို ရပ်တန့်နိုင်ဖို့အတွက် နည်းလမ်းတွေ မရှိဘူးလား ဆိုရင်ရှိပါတယ်။ ဒါကတော့ ကာကွယ်ဆေးတွေကို များများထိုးနှံနိုင်ဖို့ပဲ ဖြစ်ပါတယ်

ဒေါက်တာခင်ခင်ကြီး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

### ထက်လျှံ

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၂၁ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့် ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ်ဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**








ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Eta, Lota , Kappa, Lambda



အစီအစဉ်မှူး ။ ။ နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ ခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာတွေ့ရှိရတဲ့ ဗီဇပြောင်းပိုးတွေက ဘာကြောင့်တွေ့ရှိရတာလဲ၊ ဗီဇပြောင်းပိုးတွေက ဘယ်လိုအကျိုးသက်ရောက်မှုတွေ ဖြစ်စေသလဲ ဆိုတာနဲ့ပတ်သက်ပြီး ပြောကြားပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး** ။ ။ လက်ရှိ ကမ္ဘာပေါ်မှာ ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၈ရက် ထုတ်ပြန်ချက်အရ ၂၀၈ ဒသမ ၆ သန်း ရှိပါတယ်။ ယခု ကိုဗစ် – ၁၉ ရောဂါနဲ့ ရင်ဆိုင်နေရတာ ၁၉ လရှိပြီ ဖြစ်ပါတယ်။ ရောဂါကူးစက်သူ သန်း ၁၀၀ ဖြစ်ဖို့အတွက် ၁၃ လ ကြာပါတယ်။ နောက်ထပ် ကိုဗစ်ရောဂါကူးစက်သူ သန်း ၁၀၀ ဖြစ်ဖို့ ခြောက်လပဲ ကြာပါတယ်။ ဘာကိုပြောချင်တာလဲဆိုရင် ရောဂါကူးစက်မှုက မြန်ဆန်နေတယ်လို့ ပြောခြင်းဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါကြောင့် သေဆုံးသူ ၄ ဒသမ ၄ သန်းနီးနီး ဖြစ်နေပြီဖြစ်ပါတယ်။ ဒီလို သေဆုံးမှုတွေ၊ ကူးစက်မှုတွေများနေတဲ့အတွက် ကိုဗစ် – ၁၉ ရောဂါကို လုံးဝလျှော့တွက်လို့ မရတဲ့အနေအထား ဖြစ်ပါတယ်။

ကိုဗစ် – ၁၉ ဖြစ်စေတဲ့ SARS–CoV–2 ဗိုင်းရပ်စ်က RNA ဗိုင်းရပ်စ်ဖြစ်ပါတယ်။ RNA ဗိုင်းရပ်စ်ဖြစ်ဖြစ်၊ DNA ဗိုင်းရပ်စ်ဖြစ်ဖြစ် သူတို့ရဲ့ ဗိုင်းရပ်စ်မျိုးရိုးဗီဇ တည်တံ့ဖို့၊ ဆက်လက်ရှင်သန်နိုင်ဖို့အတွက် အမြဲတမ်းပြောင်းလဲနေပါတယ်။ ပြောင်းလဲတယ်ဆိုတာ ဗိုင်းရပ်စ်ရဲ့ ဝိသေသလက္ခဏာတစ်ခုဖြစ်ပါတယ်။ ဘယ်လိုအခါမှာ ပြောင်းလဲသလဲဆိုရင် လူတစ်ယောက်ကနေ တစ်ယောက်ကို ကူးစက်မှုတွေဖြစ်ပြီဆိုတာနဲ့ ဗိုင်းရပ်စ်က ပြောင်းလဲဖို့အတွက် အခွင့်အရေးရတာဖြစ်ပါတယ်။

DNA ဗိုင်းရပ်စ်နဲ့နှိုင်းစာရင် RNA ဗိုင်းရပ်စ်က မျိုးဗီဇပြောင်းတာမြန်ပါတယ်။ ဒါကလည်း ထူးခြားချက်တစ်ခုဖြစ်ပါတယ်။ ဘာဖြစ်လို့ RNA ဗိုင်းရပ်စ်က မျိုးဗီဇပြောင်းတာ ဘာကြောင့်မြန်ရသလဲဆိုရင် သူ့မှာ အကြောင်းအချက်နှစ်ချက်ရှိပါတယ်။ ဒါက RNA ဗိုင်းရပ်စ်တွေမှာပါဝင်တဲ့ Ribose Sugar က ဓာတ်ဖွဲ့စည်းပုံအရ အောက်ဆီဂျင်တစ်လုံး အပိုပါပါတယ်။ အပိုပါတဲ့အတွက်ကြောင့် သူ့ရဲ့ မျိုးဗီဇပြောင်းလဲမှုဖြစ်စဉ်မှာ ဒီအောက်ဆီဂျင်က မတည်မြဲဘူး။ တစ်ခုခုနဲ့ ပေါင်းဖို့လွယ်တဲ့အတွက်ကြောင့် ပြောင်းလဲမှုဖြစ်စဉ်တွေ ဖြစ်သွားရခြင်း ဖြစ်ပါတယ်။ ဒါက ပထမအချက် ဖြစ်ပါတယ်။

ဒုတိယအချက်က RNA ဗိုင်းရပ်စ်မှာ အဓိကပါဝင်တဲ့ ပရိုတင်းအုပ်စုထဲမှာ ‘Uracil’ ပါတယ်။ DNA ဗိုင်းရပ်စ်မှာ ‘Thymine’ ဆိုတဲ့ ‘ပရိုတင်း’ ပါတယ်။ DNA ဗိုင်းရပ်စ်မှာပါတဲ့ ‘Thymine’ က RNA ဗိုင်းရပ်စ်မှာပါတဲ့ ‘Uracil’ ထက် တောင့်တောင့်တင်းတင်းနဲ့ ကြံ့ကြံ့ခံနိုင်ပါတယ်။ သို့သော် RNA ဗိုင်းရပ်စ်မှာရှိနေတဲ့ ‘Uracil’ ကပျော့တဲ့အတွက် အလွယ်တကူ ပြိုကွဲလွယ်တာကြောင့် ပြောင်းလဲဖို့ ပိုပြီးဖြစ်နိုင်တယ်လို့ ပညာရှင်တွေက ပြောပါတယ်။

**အချုပ်အနေနဲ့ ဗိုင်းရပ်စ်သည် အမြဲတမ်းပြောင်းလဲနေပါတယ်။ RNA ဗိုင်းရပ်စ်သည် DNA ဗိုင်းရပ်စ်ထက် ပြောင်းလဲမှုတွေက ပိုပြီးမြန်ဆန်ပါတယ်။ RNA ဗိုင်းရပ်စ်မျိုးနွယ်တွေက အသည်းရောင်အသားဝါ ‘စီ’ ဗိုင်းရပ်စ်၊ အီဘိုလ်လာဗိုင်းရပ်စ်၊ ဆားစ်ရောဂါ ဗိုင်းရပ်စ်၊ ရာသီတုပ်ကွေးဗိုင်းရပ်စ်၊ ပိုလီယိုဗိုင်းရပ်စ်၊ ဝက်သက်ရောဂါဖြစ်စေတဲ့ ‘မီဆယ်လ်’ ဗိုင်းရပ်စ်၊ HIV ဖြစ်စေတဲ့ ‘ရီထရို’ ဗိုင်းရပ်စ်တွေက သူတို့ရဲ့ အပေါင်းအပါ မျိုးနွယ်စုတွေ ဖြစ်ပါတယ်။ ကံကောင်းတာတစ်ခုက RNA ဗိုင်းရပ်စ်ထဲမှာ ကိုဗစ် – ၁၉ ရောဂါဖြစ်စေတဲ့ SARS–CoV–2 ဗိုင်းရပ်စ်က တခြား RNA ဗိုင်းရပ်စ်တွေနဲ့ နှိုင်းယှဉ်ကြည့်ရင် ပြောင်းလဲမှုနည်းတာကို တွေ့ရပါတယ်။ ဒီလို ပြောင်းလဲမှုနည်းပေမယ့် ကမ္ဘာကြီးကို ဒုက္ခပေးနေတာ သိစေချင်ပါတယ်။**

လက်ရှိ ကိုဗစ် – ၁၉ ရောဂါနဲ့ ပတ်သက်ပြီး ဗီဇပြောင်းမျိုးကွဲ (Variants) တွေ ဘယ်လောက်ရှိတယ်ဆိုတာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဩဂုတ်လ ၁၀ ရက် ထုတ်ပြန်ချက်အရ တင်ပြသွားမှာဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါသည် Mutations လို့ခေါ်တဲ့ ပြောင်းလဲမှုဖြစ်စဉ်တွေ လုပ်ပါတယ်။ Mutations ဆိုတာ နဂိုမူလရှိပြီးသား အခြေအနေက ပြောင်းလဲမှု ဖြစ်သွားတာဖြစ်ပါတယ်။ ဒီလို ပြောင်းလဲတဲ့အခါမှာ အောင်မြင်တဲ့ Mutations ကနေ ဗီဇပြောင်းမျိုးကွဲ (Variants) ဆိုတာ ဖြစ်လာပါတယ်။

လက်ရှိ ဗီဇပြောင်းမျိုးကွဲ (Variants) မှာ Variants of Concern နဲ့ Variants of Interest ဆိုပြီး နှစ်မျိုးရှိပါတယ်။ Variants of Concern ရဲ့ သဘောက ရောဂါကူးစက်မှုတွေ မြန်ဆန်တယ်၊ ရောဂါပြင်းထန်စေတယ်၊ ကာကွယ်ဆေးတွေရဲ့ ထိရောက်မှုကို အတိုင်းအတာတစ်ခုအထိ ခံနိုင်ရည်ရှိတယ်ဆိုတာကို ဓာတ်ခွဲစမ်းသပ်သုတေသနပြုမှုတွေအရ သိရပါတယ်။ လက်ရှိမှာ Variants of Concern က လေးမျိုး ရှိပါတယ်။ ဒါတွေက ယူကေနိုင်ငံမှာ စတွေ့တဲ့ B.1.1.7 လို့ခေါ်တဲ့ ‘အယ်လ်ဖာ’ မျိုးကွဲဖြစ်ပြီး မြန်မာနိုင်ငံမှာလည်း တွေ့ရှိပြီးဖြစ်ပါတယ်။

နောက်တစ်ခုက တောင်အာဖရိကနိုင်ငံမှာ တွေ့တဲ့ B.1.351 လို့ခေါ်တဲ့ ‘ဗီတာ’ မျိုးကွဲဖြစ်ပါတယ်။ ဒါကိုလည်း မြန်မာနိုင်ငံမှာ တွေ့ရှိပြီးဖြစ်ပါတယ်။ နောက် ဘရာဇီးလ်နိုင်ငံမှာတွေ့တဲ့ P.1 လို့ခေါ်တဲ့ ‘ဂါမာ’ မျိုးကွဲဖြစ်ပြီး မြန်မာနိုင်ငံမှာ မတွေ့ရှိပါဘူး။ နောက်ဆုံးတစ်ခုက အိန္ဒိယနိုင်ငံမှာ စတင်တွေ့ရှိတဲ့ B.1.617.2 လို့ခေါ်တဲ့ ‘ဒယ်လ်တာ’ မျိုးကွဲဖြစ်ပြီး မြန်မာနိုင်ငံမှာ ရှိပါတယ်။ ဒါဆိုရင် မြန်မာနိုင်ငံမှာ Variants of Concern က လေးမျိုးအနက် သုံးမျိုးရှိတယ်လို့ ပြောလို့ရပါတယ်။

နောက် ဗီဇပြောင်းမျိုးကွဲ (Variants) မှာ Variants of Interest ဆိုပြီး ရှိပါတယ်။ Variants of Interest က သူ့ရဲ့ ရောဂါပြင်းထန်စေမှု၊ ရောဂါကူးစက်လွယ်မှု၊ ကာကွယ်ဆေးပေါ် သက်ရောက်မှုနဲ့ ဓာတ်ခွဲခန်းတွေအပေါ် သက်ရောက်မှုတွေကို သိရှိနိုင်ဖို့အတွက် သုတေသနတွေ လုပ်ဆောင်နေဆဲဖြစ်ပါတယ်။ ဇူလိုင်လအထိ Variants of Interest က ခုနစ်မျိုးအထိရှိတယ်လို့ ဆွေးနွေးခဲ့ပါတယ်။ ယခု ဩဂုတ်လ ၁၃ ရက် ထုတ်ပြန်ချက်တွေအရ Variants of Interest က ခုနစ်မျိုးကနေ လေးမျိုး ဖြစ်သွားပါတယ်။

**ဒီလေးမျိုးထဲမှာ ပထမတစ်ခု ‘အီတာ’(Eta) လို့ခေါ်တဲ့ B.1.525 ဖြစ်ပါတယ်။ နိုင်ငံအတော်များများမှာ စတင်တွေ့ရှိရတဲ့ ဗီဇပြောင်းပိုးဖြစ်ပါတယ်။ နောက်တစ်ခု ‘လိုတာ’ (Lota) လို့ခေါ်တဲ့ B.1.526 ဖြစ်ပြီး အမေရိကန်နိုင်ငံမှာ စတင်တွေ့ရှိတာ ဖြစ်ပါတယ်။ နောက် ‘ကပ်ပါ’ (Kappa) လို့ ခေါ်တဲ့ B.1.617.1 ဖြစ်ပါတယ်။ သူ့ကို အိန္ဒိယနိုင်ငံမှာ စတင်တွေ့ရှိပြီး မြန်မာနိုင်ငံမှာလည်း တွေ့ရပါတယ်။ နောက်ဆုံးတစ်ခုက ‘လမ်ဘဒါ’ (Lambda) လို့ခေါ် တဲ့ C.37 ဖြစ်ပါတယ်။ Variants of Interest အနေနဲ့ လေးမျိုးရှိတယ်ဆိုတာကို ပြည်သူတွေကို သိစေချင်ပါတယ်။**

Variants of Interest တစ်ခုဖြစ်တဲ့ ‘လမ်ဘဒါ’ နဲ့ပတ်သက်ပြီး ပီရူးနိုင်ငံမှာ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လက စတင်တွေ့ရှိခဲ့ပြီး အခုဆိုရင် တွေ့ရှိတာ တစ်နှစ်ပြည့်ပြီ ဖြစ်ပါတယ်။ ပီရူးနိုင်ငံမှာ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုတွေရဲ့ ၉၇ ရာခိုင်နှုန်းက ‘လမ်ဘဒါ’ ကြောင့် ဖြစ်ပါတယ်။ ကျန်တဲ့နိုင်ငံတွေမှာ ‘လမ်ဘဒါ’ အနေနဲ့ ပြောပလောက်အောင် မရှိပါဘူး။ လက်ရှိ ‘လမ်ဘဒါ’ အနေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ နိုင်ငံပေါင်း ၂၉ နိုင်ငံကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။ အမေရိကမှာ ‘လမ်ဘဒါ’ ရောဂါပိုးတွေ့ရှိသူ ၁၀၀၀ ကျော် ရှိနေပြီဖြစ်ပါတယ်။ ယူကေနိုင်ငံမှာ ‘လမ်ဘဒါ’ ရောဂါပိုးတွေ့ရှိသူ ရှစ်ဦးတွေ့ရှိနေပြီလို့ ပြောပါတယ်။

ဩဂုတ် ၁၃ ရက်မှာ ဂျပန်နိုင်ငံမှာ ‘လမ်ဘဒါ’ ရောဂါပိုးကို ပီရူးနိုင်ငံကနေ ပြန်လာတဲ့ အသက် ၃၀ ဝန်းကျင်ရှိ အမျိုးသမီးတစ်ဦးမှာ တွေ့ရှိတယ်လို့ သိရပါတယ်။ ဩဂုတ်လ ၁၅ ရက်မှာ ဖိလစ်ပိုင်နိုင်ငံက အသက် ၃၀ ဝန်းကျင် အမျိုးသမီးထံမှာ ‘လမ်ဘဒါ’ ရောဂါပိုးတွေ့ရှိတယ်လို့ သိရပါတယ်။

ဂျပန်နိုင်ငံသည် အာရှတိုက်ထဲမှာပါပါတယ်။ ဖိလစ်ပိုင်နိုင်ငံသည် အနောက်ပစိဖိတ်ဒေသမှာ ပါပါတယ်။ ‘လမ်ဘဒါ’ ပိုးတွေ့ရှိမှုက တောင်အမေရိကတိုက်ရှိ နိုင်ငံအချို့ကလွဲပြီး အလွန်နည်းပါသေးတယ်။ ‘လမ်ဘဒါ’ ရောဂါပိုးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း Variants of Concern လို့ သတ်မှတ်ထားခြင်း မရှိပါဘူး။ ‘လမ်ဘဒါ’ ရောဂါပိုးသည် Variants of Interest အဆင့်မှာ ရှိပါတယ်။

**‘လမ်ဘဒါ’ ဗီဇပြောင်းပိုးသည် ကိုဗစ်ကာကွယ်ဆေးတွေရဲ့ အကျိုးသက်ရောက်မှုကို လျော့စေသလားဆိုတာနဲ့ ပတ်သက်ပြီး သုတေသနတစ်ခုက အနည်းငယ်လျော့နည်းစေကြောင်း ပြောထားပါတယ်။ ဒါကို သက်သေပြနိုင်ဖို့ သုတေသနတွေ များစွာလိုအပ်နေပါသေးတယ်။ ကာကွယ်ဆေးတွေ အလုပ်လုပ်တာနဲ့ ရောဂါကူးစက်ခံရပြီးရင် ခန္ဓာကိုယ်ရဲ့ ကိုယ်ခံစွမ်းအား ပဋိပစ္စည်းဖြစ်စေတဲ့ သဘောကို တိတိကျကျ သေသေချာချာ နားလည်ပြီဆိုရင် ဗီဇပြောင်းပိုးတွေအပေါ် သိပ်စိုးရိမ်စရာ မလိုဘူးဆိုတာကို သိစေချင်ပါတယ်။**

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

> ❖ **ကာကွယ်ဆေးတွေ ထိုးနှံလိုက်တယ်ဆိုရင် ရောဂါပြင်းထန်စွာခံစားရမှု၊ သေဆုံးမှုတွေကို လျော့ကျအောင် ဆောင်ရွက်တာဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံလိုက်သူက ၁၀၀ ရာခိုင်နှုန်းတော့ ကာကွယ်နိုင်မှု မရပါဘူး။ ကာကွယ်ဆေးတွေထိုးလိုက်ရင် ရောဂါပြင်းထန်စွာ ခံစားရမှု၊ ကိုဗစ် - ၁၉ ရောဂါလက္ခဏာဖြစ်ပေါ်မှုကိုတော့ ကောင်းစွာကာကွယ်နိုင်ပါတယ်။ သို့သော် သာမန်လက္ခဏာမျိုးတော့ ဖြစ်နိုင်ပါတယ်**

**အစီအစဉ်မှူး ။ ။ ကာကွယ်ဆေး ထိုးထားပြီးရင် ဗီဇပြောင်းမျိုးကွဲတွေကို ခံနိုင်ရည်ရှိသလားဆိုတာကို ပြောကြားပေးပါဦး။**

**ဒေါက်တာခင်ခင်ကြီး** ။ ။ လက်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ် အသုံးပြုခွင့်ပေးထားတဲ့ ကာကွယ်ဆေးတွေသည် ‘ဒယ်လ်တာ’ ဗိုင်းရပ်စ်အပါအဝင် ဗီဇပြောင်း မျိုးကွဲတွေကို ၆၀ ရာခိုင်နှုန်းအထက် ကောင်းစွာ ကာကွယ်နိုင်တယ်လို့ ပြောထားပါတယ်။ ရောဂါလက္ခဏာ ပေါ်တဲ့ ကိုဗစ် – ၁၉ ဖြစ်ပွားမှုကို ၇၀ ကနေ ၉၀ ရာခိုင်နှုန်းကျော် ကာကွယ်နိုင်ပါတယ်။ ရောဂါကြောင့် ဆေးရုံတက်ရောက်ရမှုနဲ့ သေဆုံးမှုတွေကို ၉၀ ရာခိုင်နှုန်းအထက် ကာကွယ်နိုင်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောထားပါတယ်။

ဒီနေရာမှာ Medscape ဆေးပညာဂျာနယ်မှာ ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ချက်အရ ကာကွယ်ဆေးတွေရဲ့ ကာကွယ်နိုင်စွမ်း အာနိသင်လျော့နည်းသွားချိန်မှာတောင် ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ်က ကောင်းစွာ အလုပ်လုပ်နိုင်စွမ်းရှိတယ်ဆိုတဲ့ တွေ့ရှိချက်တွေ ရှိပါတယ်။

ကိုယ်ခံအားစနစ်က ဘယ်လို အလုပ်လုပ်လဲဆိုရင် ရောဂါပိုးဝင်ရောက်လာတဲ့အခါ ကိုယ်ခံအားစနစ်က ပုံစံ ၃ မျိုးနဲ့ အလုပ်လုပ်ပါတယ်။ နံပါတ် ၁ အများစိတ်ဝင်စားတဲ့ ပဋိပစ္စည်း (Antibody) ဖြစ်ပါတယ်။ Antibody က ရှေ့တန်းခံစစ်ဖြစ်ပါတယ်။ ရောဂါပိုးတစ်ခုခုဝင်လာပြီဆိုရင် Antibody တွေက အမြန်ဆုံးထွက်လာပါတယ်။ တစ်နည်းအားဖြင့် သူတို့တွေက ညှော့်ကြိုတွေဖြစ်ပါတယ်။ ညှော့်သည်ဆိုးဆိုရင် သူတို့က မောင်းထုတ်တယ်လို့ ဆိုလိုတာ ဖြစ်ပါတယ်။

**Antibody တွေအနေနဲ့ အားနည်းလာပြီး မနိုင်တော့ဘူးဆိုရင် ကျွန်မတို့ ခန္ဓာကိုယ်ထဲမှာ ‘T Cell’ တွေ ရှိပါတယ်။ နောက် ‘Memory B Cell’ တွေ ရှိပါတယ်။ ‘T Cell’ နဲ့ ‘Memory B Cell’ တွေက ခုနကပြောသလို ဝင်လာတဲ့ရောဂါပိုးကို တိုက်ထုတ်ပါတယ်။ နောက်ထပ် မလာနိုင်အောင် တားဆီးပိတ်ပင်ပါတယ်။ ဥပမာ ဗိုင်းရပ်စ်က ခန္ဓာကိုယ်ထဲ၊ ဆဲလ်ထဲကို ဝင်သွားပြီဆိုရင် ပထမဦးဆုံး ခန္ဓာကိုယ်ရဲ့ Immune System ကိုယ်ခံစွမ်းအားစနစ်က ကျူးကျော်သူတွေ ဝင်လာပြီဆိုပြီး အချက်ပေးပါတယ်။ ခန္ဓာကိုယ်မှာရှိတဲ့ ကြည်း၊ ရေ၊ လေ စစ်ကြောင်းသုံးခု ပူးပေါင်းပြီး စစ်ပွဲအသွင်နဲ့ တိုက်ခိုက်တယ်လို့ ဆိုထားပါတယ်။**

သူတို့က ဘယ်လိုတိုက်ခိုက်သလဲဆိုရင် ခန္ဓာကိုယ်ရဲ့ ‘T Cell’ တွေရှိပါတယ်။ အကူအညီပေးတဲ့ ‘T Cell’ နဲ့ ပါးကွက်အာဏာသားနဲ့တူတဲ့ ‘Killer T Cell’ ဆိုပြီး ရှိပါတယ်။ အကူအညီပေးတဲ့ ‘T Cell’ က ရောဂါပိုးဝင်လာပြီဆိုရင် ရောဂါပိုးကို မှတ်မိအောင်လုပ်ပါတယ်။ ‘B Cell’ တွေကို သူက နှိုးဆွလုပ်ပါတယ်။ တာဝန်ကျပြီဆိုပြီး နှိုးဆော်လိုက်ပါတယ်။ နှိုးလိုက်တော့ ‘B Cell’ တွေက Antibody တွေထုတ်လုပ်ပြီး အကျအန တိုက်ခိုက်ပါတယ်။ ‘Killer T Cell’ တွေက ခန္ဓာကိုယ်အတွက် လက်မရွံ့တပ်သားတွေဖြစ်ပြီး ဝင်ရောက်လာတဲ့ ရောဂါပိုးကို ရှင်းလင်းပါတယ်။

‘T Cell’ ရဲ့လုပ်ငန်းဆောင်တာသည် ရောဂါပိုးဝင်ရောက်မှုကို ကာကွယ်တိုက်ခိုက်ရာမှာ အတိုင်းအတာတစ်ခုအထိ ပါဝင်ပတ်သက်နေပေမယ့် သူက ‘B Cell’ တွေရဲ့ အလုပ်တွေ လုပ်ကိုင်နိုင်အောင် လိုအပ်သလို ချိန်ညှိပေးပါတယ်။ ‘B Cell’ တွေကို မင်းတို့အလှည့် တာဝန်ကျပြီဆိုပြီး နှိုးဆော်ပါတယ်။ ရောဂါပိုးတွေကို အပြီးရှင်းလင်းတဲ့ကိစ္စတွေကိုလည်း ဆောင်ရွက်ပါတယ်။ ဒါက ‘T Cell’ တွေသည် ‘B Cell’ တွေနဲ့ ဘယ်လိုပေါင်းပြီး အလုပ်လုပ်သလဲဆိုတာကို ပြောခြင်းဖြစ်ပါတယ်။

‘T Cell’ တွေက အလုပ်လုပ်တဲ့အခါ နောက်ကနေ ထောက်လှမ်းပါသေးတယ်။ ဗိုင်းရပ်စ်ရဲ့ အပိုင်းအစလေးတွေ ရှိနေသလားဆိုတာ ထောက်လှမ်းပြီး ခန္ဓာကိုယ်ထဲမှာ ထပ်ပြီးတိုက်ခိုက်ဖို့အတွက် နှိုးဆော်ပါတယ်။ ‘T Cell’ က သူများကို အလုပ်လုပ်ခိုင်းရုံတင် မကဘူး။ သူက ဆက်ပြီးတော့ ဗိုင်းရပ်စ်က ဝင်ရောက်သွားတယ်။ ဒါမှမဟုတ် ဗိုင်းရပ်စ်နဲ့ ဆင်တူအောင်လုပ်ထားတဲ့ ကာကွယ်ဆေးတွေ ထိုးနှံလိုက်တဲ့အခါ တိုက်ခိုက်ဖို့အတွက် ကိုယ်ခံအားတွေ ပြင်ဆင်တာကိုလည်း လုပ်ပါတယ်။

‘Memory B Cell’ တွေက အကြွင်းအကျန်တွေကို ရှင်းထုတ်နိုင်တဲ့အပြင် နောက်ထပ် မှတ်သားနိုင်တဲ့ မှတ်ဉာဏ်တွေလည်း ရှိပါတယ်။ တချို့တွေဆိုရင် သူက ဆယ်စုနှစ်နဲ့ချီပြီး မှတ်မိနိုင်တဲ့ မှတ်ဉာဏ်တွေရှိပါတယ်။ ဆင်တူရိုးမှားတွေ လာလိုက်ပြီဆိုတာနဲ့ တိုက်ခိုက်ပါတယ်။ လက်ရှိ အနေအထားအရ ကာကွယ်ဆေးကြောင့်ပဲဖြစ်ဖြစ်၊ ရောဂါပိုးဝင်ရောက်ခံရလို့ပဲဖြစ်ဖြစ် ရှိတဲ့ကိုယ်ခံအားတွေက လျော့သွားရင်တောင် ‘Memory B Cell’ တွေက ဆက်ပြီးအလုပ်လုပ်နေဆဲ ဖြစ်ပါတယ်။ ဒါဟာ ဝမ်းသာစရာကောင်းတဲ့ သတင်းဖြစ်တယ်လို့ ပညာရှင်တွေက ပြောပါတယ်။ ‘Memory B Cell’ တွေက ခန္ဓာကိုယ်ထဲကို ရောဂါပိုးဝင်ရောက်လာတာနဲ့ မှတ်မိပြီး ကိုယ်ခံအားစနစ်ကို အလုပ်လုပ်နိုင်အောင် လှုံ့ဆော်ပါတယ်။

ရောဂါပိုးတိုက်ထုတ်ရာမှာ Antibody တင်မကဘူး။ ‘B Cell’ တွေရော၊ ‘T Cell’ တွေရော အချိုးညီညီ အလုပ်လုပ်ပါတယ်။ ဒါကြောင့် Cellular Immunity ဆိုတာလည်း အရေးကြီးတယ်လို့ ပြောခြင်းဖြစ်ပါတယ်။

**ကာကွယ်ဆေးတွေ ထိုးနှံလိုက်တယ်ဆိုရင် ရောဂါပြင်းထန်စွာခံစားရမှု၊ သေဆုံးမှုတွေကို လျော့ကျအောင် ဆောင်ရွက်တာဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံလိုက်သူက ၁၀၀ ရာခိုင်နှုန်းတော့ ကာကွယ်နိုင်မှုမရပါဘူး။ ကာကွယ်ဆေးတွေ ထိုးလိုက်ရင် ရောဂါပြင်းထန်စွာခံစားရမှု၊ ကိုဗစ် – ၁၉ ရောဂါလက္ခဏာဖြစ်ပေါ်မှုကိုတော့ ကောင်းစွာ ကာကွယ်နိုင်ပါတယ်။ သို့သော် သာမန်လက္ခဏာမျိုးတော့ ဖြစ်နိုင်ပါတယ်။**

**အသက်အရွယ်ကြီးသူတွေ၊ ကိုယ်ခံအားနည်းသူတွေ၊ တချို့ကိုယ်ခံအားကျဆင်းနေတဲ့ ရောဂါဝေဒနာခံစားနေရတဲ့သူတွေ၊ ကိုယ်ခံအားကျဆင်းအောင် ဆေးသောက်နေရသူတွေမှာ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပြီးတဲ့နောက် ၂၈ ရက်အကြာမှာ တတိယအကြိမ်ထိုးနှံဖို့ ခွင့်ပြုလိုက်ပြီလို့ အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးဗဟိုဌာန (CDC) က ထုတ်ပြန်ထားပါတယ်။ ကိုယ်ခံအားနည်းနေတဲ့၊ ကိုယ်ခံအားအပြည့်အဝ မတက်နိုင်တဲ့သူတွေကို ကာကွယ်နိုင်မှု ပိုရစေချင်လို့ ဖြစ်ပါတယ်။**

ဒါဟာ Booster Dose ကို ဆိုလိုတာမဟုတ်ပါဘူး။ သူတို့က အထူးစပယ်ရှယ် ခြွင်းချက်အနေနဲ့ ခွင့်ပြုတာဖြစ်ပါတယ်။ ထိုးနှံရမယ့်ဆေးသည်လည်း mRNA Vaccine အမျိုးအစား၊ Pfizer တို့၊ Moderna တို့ ဖြစ်ရမှာဖြစ်ပါတယ်။ အရှေ့မှာလည်း ဒီလို ကာကွယ်ဆေးမျိုး နှစ်ကြိမ်ထိုးထားတဲ့သူ ဖြစ်ရမှာ ဖြစ်ပါတယ်။

ကာကွယ်ဆေးတွေဟာ ဘယ်လိုကာကွယ်တယ်ဆိုတာ သိပြီဆိုရင် ကာကွယ်ဆေးတွေသည် ‘ဒယ်လ်တာ’အပါအဝင် ကိုဗစ် – ၁၉ ကို ကောင်းစွာ ကာကွယ်နိုင်ပါတယ်။ အခုလက်ရှိမှာ ‘ဒယ်လ်တာ’နဲ့ ‘လမ်ဘဒါ’ကို ပညာရှင်တွေက ယှဉ်စရာတောင် မဟုတ်ဘူးလို့ ပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာကြီးကို ပတ်မွှေနေတာ ‘ဒယ်လ်တာ’၊ ရောဂါဖြစ်ပွားမှုတွေရဲ့ အများဆုံး လက်သည်က ‘ဒယ်လ်တာ’ကြောင့် ဖြစ်တယ်။

လက်ရှိအနေအထားအရ ‘လမ်ဘဒါ’ ဆိုတာကလည်း သုတေသနပြုလုပ်ဖို့ အများကြီး လိုသေးပါတယ်။ အရေးမကြီးလို့ Variant of Interest ထဲမှာပါတယ်လို့ ယူဆလို့မရပါဘူး။ သုတေသနတွေတော့ ဆက်ပြီးလုပ်ရဦးမှာ ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး သိရမယ့်ကိစ္စကတော့ လက်ရှိမှာ ဒယ်လ်တာအပါအဝင် Variant of Concern ထဲမှာ ပါဝင်တဲ့ ဂရုစိုက်ရမယ့် မျိုးဗီဇကွဲက လေးမျိုးပါ။ လေးခုစလုံးက ကူးစက်မှုမြန်ပါတယ်။

ကူးစက်မှုမြန်တဲ့အပြင် ‘အယ်လ်ဖာ’ ၊ ‘ဒယ်လ်တာ’က မိသားစုအတွင်းမှာ၊ အုပ်စုလိုက်အတွင်းမှာ ကူးစက်မှုမြန်ပါတယ်။ ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ရမှု၊ သေဆုံးမှုတွေက ‘အယ်လ်ဖာ’ မှာဆိုရင် များပါတယ်။ ဒါဆို ‘ဗီတာ’ ကရော သေဆုံးမှုများတဲ့ အန္တရာယ်ရှိတယ်။ သေသေချာချာတော့ အတိအကျတော့ ပြောလို့မရနိုင်သေးပါဘူး။ ‘ဂါမာ’ကလည်း ဆေးရုံတက်ရောက်မှုများတယ်ဆိုပေမယ့် အတိအကျမပြောနိုင်သေးပါဘူး။ ‘ဒယ်လ်တာ’က သေချာပါတယ်။ ဆေးရုံတက်ရောက်ရမှု များစေပါတယ်။ ပြန်ဖြစ်နိုင်မှုအနေနဲ့ ‘အယ်လ်ဖာ’ သည် ပြန်ဖြစ်နိုင်မှု မရှိပါဘူး။ ‘ဂါမာ’ နဲ့ ’ဒယ်လ်တာ’ က ပြန်ဖြစ်နိုင်ဖို့ရှိပါတယ်။ ခွတ်ခွဲစမ်းသပ်မှုတွေအရ လက်ရှိအနေအထားမှာတော့ ဘာမှပြောင်းလဲမှုမရှိပါဘူး။

*(ဆက်လက်ဖော်ပြပါမည်)*

## ကျောက်ဖြူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များ နှိုးဆော်

ကျောက်ဖြူ ဩဂုတ် ၂၂

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားမှုမှ ကာကွယ်၊ ထိန်းချုပ်နိုင်ရန်အတွက် ပြည်သူများသိရှိလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များအား အသံချဲ့စက်ဖြင့် လှည့်လည်အသိပေးနှိုးဆော်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များနှင့် လမ်းဆုံလမ်းခွနေရာများသို့ သွားရောက်၍ အသိပေးနှိုးဆော်ခြင်းများကို ဆောင်ရွက်သည်။

ကျောက်ဖြူမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုလျော့နည်းလာစေရန်အတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့နှင့် ပရဟိတအသင်းအဖွဲ့များမှ မြို့ပေါ်ရပ်ကွက်များသို့ အသံချဲ့စက်ဖြင့် လှည့်လည်၍ အသိပေးနှိုးဆော်ခြင်းများ၊ နှာခေါင်းစည်း အခမဲ့ဝေငှပေးခြင်းများ၊ မြို့အဝင်/အထွက်နေရာများ၌ စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်၍ ခရီးသွားရာဇဝင်မေးမြန်းပြီး စစ်ဆေးမှတ်တမ်းတင်ခြင်းများ၊ ဈေးများအား နေ့တစ်ဝက်သာဖွင့်လှစ်ရောင်းချစေခြင်းများ၊ ကာကွယ်ဆေးထိုးနှံပေးခြင်းများ၊ ပိုးသတ်ဆေးဖျန်းပေးခြင်းများ အစရှိသည့် ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်ထွန်းဦး၊ ဖြိုးဝေလင်း (ပြန်/ဆက်)

# ဒေသခံပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် ဆန်၊စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက် အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဩဂုတ် ၂၂

**စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ရောဂါကာကွယ် ရေးအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။**

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာရှိ သက်ကြီးအဘိုးအဘွားများ၊ နိုင်ငံတော်နှင့် တပ်မတော်အပေါ် အသက်ပေးလှူခဲ့သည့် စစ်သည်များ၏ မိသားစုဝင်များ၊ ဝန်ထမ်းများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် နှာခေါင်းစည်းများကိုလည်းကောင်း၊ နှစ်(၆၀)ပြည့် နိုင်ငံတော်ဘာသာနေ့ အထိမ်းအမှတ်အဖြစ် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ နယ်မြေခံဆေးတပ်ရင်း၊ အထွေထွေရောဂါကုဆေးရုံကြီးနှင့် ကျိုက်မရောမြို့ ပြည်သူ့ဆေးရုံသို့ အလှူငွေ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်ဘူးများ ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် PPE ဝတ်စုံများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အသီးသီးသွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ စားသောက်ဖွယ်ရာနှင့် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းစဉ်။

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့်စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

ကိုဗစ်-၁၉ ရောဂါအတည်ပြု လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်- ၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၂၀၇ ဦးနှင့် အမျိုးသမီး ၁၂၁ ဦး စုစုပေါင်း ၃၂၈ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း လေးဦးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၉၈ ဦးနှင့် အမျိုးသမီး ၉၈ ဦး စုစုပေါင်း ၁၉၆ ဦးကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၄၇ ဦးနှင့် အမျိုးသမီး ၁၇ ဦး စုစုပေါင်း ၆၄ ဦးကို လည်းကောင်း လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်ထားရှိသည့် လူထုအခြေပြု ဖျားနာကုဆေးခန်း ပြင်ဆင်ထားရှိမှုနှင့် ကုသပေးနေမှုကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံ

**နေပြည်တော် ဩဂုတ် ၂၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင် များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်ရှိ သက်ကြီးဘိုးဘွားများနှင့် ဒေသခံပြည်သူများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၂၁၈၇ ဦးတို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူ စုစုပေါင်း ၂၄၅ ဦးတို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခုတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့် အထက် သက်ကြီး ဘိုးဘွားများနှင့် ပြည်သူ စုစုပေါင်း ၃၄၅၁ ဦးတို့ကို လည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် ဩဂုတ် ၂၂**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၅ ဒသမ ၅၁ လက်မ၊ ဟုမ္မလင်းမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ မိုးကောင်းမြို့တွင် ၁ ဒသမ ၅၄ လက်မ၊ ပေါင်မြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ခန္တီးမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ကနီမြို့ တွင် ၁ ဒသမ ၂၂ လက်မနှင့် ပလက်ဝမြို့နှင့် စစ်တွေမြို့တို့တွင် ၁ ဒသမ ၁၄ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မိုး/ဇလ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၈-၂၀၂၁ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** မြန်မာ့ကျက်သရေတက်နေ၀ဂ်ရည် ယွန်းထည်
**၀၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** ပြည်သူ့နီတိ **'တစ်ကောင်ကြွက်'**
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'သမိုင်းဘာသာရပ်'**
**၁၆:၃၅** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
**၁၇:၀၅** This Week's Special Interest
**၁၇:၃၅** ကျန်းမာရေးမဂ္ဂဇင်း **'ကျန်းမာရေး အတွက်တိုင်းရင်းဆေးပညာ'**
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** တောင်ငွေဝေဝေပဲဗာမြေ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားဒေါ်ဆောင်ရာ'** (အပိုင်း-၅၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက် များအကြောင်းသိကောင်းစရာ
**၂၁:၂၅** ဝဿာန်ဒါဝီတေးသံသီ ဖျော်ဖြေမှုအစီအစဉ်
**၂၁:၄၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အိမ်ထောင်ရေးပညတ်ချက်များ'** (အပိုင်း-၂၅)

**mitv**

07:01 News
07:26 Tray Art Products
07:36 ALMS BOWL
07:55 Myanma Toddy Palm, A Source of Rural Income
08:00 Myanmar Masterclass: Artist Khin Maung Zaw
08:09 Myanmar Traditional Instruments (MYANMA OBOE)
08:35 Myanmar Traditional Identity (EP- 4) Tumbling Doll, Pyit Tine Htaung
08:47 Gardener: King Orange Plantation
09:01 Visiting A Serene Village In The Northwest Of Myanmar
09:17 Kyaw Min Thu (Winner) Lose2Win With Andy
09:29 Trend of Kachin Dress
09:56 Myanmar Street Foods
10:54 Scented Buddha Images
11:20 Handmade Artisan Ye`Linn Oo

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
မျှစ်ရှာထွက်မယ်
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဝါးဆစ်ဘူးတာလပေါ်
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
အောင်မြင်ဖြစ်ထွန်းတဲ့စပျစ်စိုက်ခင်း
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သာယာလှပဝင်းရော်ဒေသ
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
တောင်ကြာပန်းများပျော်စံရာဖိန်မှုတောင်
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ကိုက်လန်၏ကျန်းမာရေးအကျိုးကျေးဇူးများ
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ဘာသာစကားပြောကြရအောင် (အပိုင်း-၁)
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
အမှောင်ကမ္ဘာထဲမှစွမ်းအားရှင်လေးများ
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
သာယာလှပတဲ့နပ်ပေးရေတံခွန်ဆီသို့
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ရိုးရာဒေါ်ပုတ်ထောင်းစားကြရအောင်
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ရဝမ်ရိုးရာဝတ်စားဆင်ယင်ပုံ

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၄)
**၁၁:၀၀** **'အကျိုးဖျက်ဆီးမှုအကြောင်း သိမှတ်စရာဥပဒေမှာ'**
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# မိတ္ထီလာမြို့၌ အောက်ဆီဂျင်စက်ရုံအဆောက်အအုံ ဆောက်လုပ်ပြီးစီး



**မိတ္ထီလာ ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်၌ ဇူလိုင်လအတွင်းမှ စတင် ဆောက်လုပ်ခဲ့သည့် အောက်ဆီဂျင်စက်ရုံ အဆောက်အအုံ ဆောက်လုပ်မှု ပြီးစီးသွားပြီဖြစ်ရာ အောက်ဆီဂျင်စက် ရောက်ရှိပါက စတင်ပေးဝေနိုင်မည်ဖြစ်ကြောင်း အဆိုပါ အောက်ဆီဂျင်စက်ရုံကို တာဝန်ယူဆောက်လုပ်သည့် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"အောက်ဆီဂျင် စက်ရုံ အဆောက်အအုံ ဆောက်လုပ်တဲ့ လုပ်ငန်းက နည်းနည်းအချောသပ်ဖို့ ကျန်ရှိပေမယ့် အားလုံး ဆောက်လုပ်ပြီးစီးသွားပြီလို့ ပြောနိုင်ပါတယ်။ အောက်ဆီဂျင်စက် ရောက်ရှိရင် စက်ရုံထဲကို နေရာအထိုင်ချဖို့ အပိုင်းလောက်ပဲ ကျန်ရှိတာပါ။ စက်ရောက်တာနဲ့ စက်တပ်ဆင်တာတွေ စမ်းသပ်တာကို အလွန်ဆုံးကြာ တစ်ရက်တည်းနဲ့ ပြုလုပ်မှာဖြစ်လို့ စက်ရောက်ရှိတာနဲ့ အောက်ဆီဂျင် စတင်ပေးဝေနိုင်မှာ ဖြစ်ပါတယ်" ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

မိတ္ထီလာမြို့၌ ဆောက်လုပ်သည့် အဆိုပါအောက်ဆီဂျင်စက်ရုံတွင် စက်တပ်ဆင်ပြီးစီးပါက တစ်ရက်လျှင် အောက်ဆီဂျင်လီတာ ၄၀ အိုး ၁၂၀ အထိ ထုတ်လုပ် ဖြန့်ဝေနိုင်မည်ဖြစ်ပြီး မိတ္ထီလာမြို့နယ်အတွက်သာမက ခရိုင်အတွင်းရှိ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များနှင့် အနီးပတ်ဝန်းကျင်ရှိ မြို့များအတွက်ပါ ဖြန့်ဝေနိုင်ရန် ရည်မှန်းထားသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံကို မိတ္ထီလာဒေသခံ စေတနာရှင်အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေများဖြင့် ဆောက်လုပ်ခြင်းဖြစ်ကာ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ဦးဆောင်စေတနာရှင်များအဖွဲ့တို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်၍ စုစုပေါင်းကုန်ကျမည့်တန်ဖိုး ငွေကျပ်သိန်းနှစ်ထောင့်ရှစ်ရာခန့် ခန့်မှန်းလျာထား ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၈ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၄၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၄၈၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၇၀ | ကျပ် | ၉၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၈၀ | ကျပ် | ၉၉၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၅၀ | ကျပ် | ၁၀၈၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၄ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၄၉၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၄ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၅၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၄ . ၆၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ . ၂၀၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၃ | ၂၇၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၂၅၁၂ | ၈၂၈၉၆၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၈ | ၆၃၂၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၄ | ၂၀၈၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၅၀၅၀၆ | ၁၃၆၆၂၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၁၆ | ၇၉၉၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၂**

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ အောက်ဆီဂျင်စက်ရုံအတွက် လိုအပ်နေသော အောက်ဆီဂျင်အိုး(အလွတ်) ၃၅ လုံးကို လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် မြောင်းမြမြို့တို့ရှိ ပြည်သူ့ဆေးရုံများနှင့် ပရဟိတအသင်းများသို့ အောက်ဆီဂျင်အိုး ၄၇ လုံးကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ် အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင်အိုး ၁၀၅ လုံးကို လည်းကောင်း တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သား၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအဖွဲ့အစည်းများက အသီးသီးသွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လှူဒါန်းသည့် အောက်ဆီဂျင်အိုးများကို နမ့်စန်တပ်နယ်မှ တပ်မတော်သားများ သယ်ယူနေစဉ်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ခရိုင်ပြည်သူ့ဆေးရုံရှိ အောက်ဆီဂျင်စက်ရုံ စတင်ဖွင့်လှစ်ထုတ်လုပ်နေမှုကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ အဆိုပါစက်ရုံမှ ထုတ်လုပ်သည့်ပိုလျှံသော အောက်ဆီဂျင်အိုးများကို ဝေးလံခေါင်ဖျားဒေသဖြစ်သည့် နာဂတောင်တန်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများထံသို့ ဆက်လက် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဖောင်းပြင်မြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းချေးငွေများ ထုတ်ချေး

**ဖောင်းပြင် ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်၌ နိုင်ငံတော်က ချမှတ်ထားသော ကိုဗစ်ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ ကျေးလက်ဒေသနေမိသားစုများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်အတွက် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းများ ပြုလုပ်လျက်ရှိရာ စန္ဒားကျေးရွာ၊ ဟာပါကျေးရွာနှင့် မားသီးကျေးရွာများကို ယနေ့ နံနက်ပိုင်းတွင် ငွေကျပ် ၈၁ ဒသမ ၆ သန်း ထုတ်ချေးပေးကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

အဆိုပါချေးငွေများကို စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်သူများ၊ ရေလုပ်ငန်းလုပ်ကိုင်သူများနှင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူများအတွက် စန္ဒားကျေးရွာမှ အသင်းသား ၆၆ ဦးအတွက် ထုတ်ချေးငွေကျပ် ၃၀ ဒသမ ၉ သန်း၊ ဟာပါကျေးရွာ အသင်းသား ၆၁ ဦးအတွက် ထုတ်ချေးငွေကျပ် ၃၀ ဒသမ ၈ သန်းနှင့် မားသီးကျေးရွာ အသင်းသား ၃၉ ဦးအတွက် ထုတ်ချေးငွေကျပ် ၁၉ ဒသမ ၉ သန်းတို့ကို စုစုပေါင်း အသင်းသား ၁၆၆ ဦးအား ထုတ်ချေးငွေကျပ် ၈၁ ဒသမ ၆ သန်းကို မြို့နယ်ဦးစီးမှူး ဦးသန်းဇော်ဝင်းနှင့် ဝန်ထမ်းများက ထုတ်ချေးပေးကြောင်း သိရသည်။

မွေးကြူဇင်

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံ ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂၁ ရက်တွင် မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၃၅ ဦး၊ အမျိုးသမီး ၂၂၆ ဦး စုစုပေါင်း ၄၆၁ ဦး ကို မြန်မာ–တရုတ် နှစ်နိုင်ငံ နယ်စပ်ဝင်/ထွက်ပေါက် နန်းတော်ဂိတ်မှ တစ်ဆင့် လက်ခံခဲ့သည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် – ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီ ဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

## ၂၂-၈ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၈၅၁၉၂၉၄ | ၃၀၄၆၃၀၅၆ | ၆၄၄၈၄၀ |
| ၂။ | အိန္ဒိယ | ၃၂၄၂၄၂၃၄ | ၃၁၆၃၆၄၆၉ | ၄၃၄၃၉၉ |
| ၃။ | ဘရာဇီး | ၂၀၅၅၆၄၈၇ | ၁၉၄၃၁၁၉၇ | ၅၇၄၂၄၃ |
| ၄။ | ရုရှား | ၆၇၄၇၀၈၇ | ၆၀၁၉၄၆၆ | ၁၇၆၀၄၄ |
| ၅။ | ပြင်သစ် | ၆၆၀၂၃၁၁ | ၆၀၃၃၃၅၂ | ၁၁၃၂၆၇ |
| ၆။ | ဗြိတိန် | ၆၄၆၀၉၃၀ | ၅၀၂၀၆၃၅ | ၁၃၁၅၉၁ |
| ၇။ | တူရကီ | ၆၁၉၇၀၄၁ | ၅၆၉၅၂၈၆ | ၅၄၃၂၇ |
| ၈။ | အာဂျင်တီးနား | ၅၁၃၀၈၅၂ | ၄၈၀၄၈၆၉ | ၁၁၀၂၁၇ |
| ၉။ | ကိုလံဘီယာ | ၄၈၈၆၈၉၇ | ၄၇၁၅၂၁၈ | ၁၂၄၁၂၁ |
| ၁၀။ | စပိန် | ၄၇၇၀၄၅၃ | ၄၀၇၈၈၄၆ | ၈၃၁၃၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၂- ၈ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၉၇၉၄၅၆ | ၃၅၄၆၃၂၄ | ၁၂၆၃၇၂ |
| ဖိလစ်ပိုင် | ၁၈၃၉၆၃၅ | ၁၆၈၁၉၂၅ | ၃၁၈၁၀ |
| မလေးရှား | ၁၅၅၅၀၉၃ | ၁၂၇၈၆၇၀ | ၁၄၁၆၈ |
| ထိုင်း | ၁၀၄၉၂၉၅ | ၈၃၉၆၃၆ | ၉၃၂၀ |
| မြန်မာ | ၃၇၃၆၈၅ | ၂၉၈၈၇၅ | ၁၄၃၇၄ |
| ဗီယက်နမ် | ၃၄၈၀၅၉ | ၁၄၇၆၆၇ | ၈၂၇၇ |
| ကမ္ဘောဒီးယား | ၈၉၂၃၁ | ၈၅၀၈၁ | ၁၇၉၂ |
| စင်ကာပူ | ၆၆၄၇၈ | ၆၅၅၂၈ | ၄၇ |
| လာအို | ၁၂၁၆၄ | ၄၆၀၄ | ၁၁ |
| ဘရူနိုင်း | ၁၇၆၉ | ၄၁၉ | ၃ |

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# ဝိဓုရဇာတ်တော်

**မြတ်မင်းလှိုင်**

*(ယမန်နေ့မှအဆက်)*

မင်းကြီးသည် ကြွေအန်မကစားမီက မိမိကိုယ်၊ မိဖုရား၊ ထီးနန်းတို့မှတစ်ပါး လောင်းကြေးပြုထားခြင်း ဖြစ်ကြောင်း၊ ဘုရားလောင်းဝိဓုရသုခမိန်လည်း မိမိအစိုးရသော ရတနာတို့နှင့် မန္တိုင်းယှဉ်သော၊ မိမိကိုယ်ပင်ဖြစ်သောကြောင့် လောင်းကြေးဥစ္စာမဖြစ်၍ မပေးလိုကြောင်း ဆို၏။ ပုဏ္ဏကသည် မိမိနှင့်မင်းကြီးတို့ အငြင်းအခုံပြုနေလျှင် ကြာတော့မည်ဖြစ်၍ ဘုရားလောင်း ဝိဓုရသုခမိန်၏ အဆုံးအဖြတ်ကိုသာ ရယူသင့်ကြောင်း ဆိုလေသည်။ မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကာ တစ်ရာ့တစ်ပါးသော မင်းတို့ခြံရံလျက် ပုဏ္ဏကနှင့်အတူ ဘုရားလောင်း ဝိဓုရသုခမိန် တရားဆုံးဖြတ်ရာသဘင်သို့ လျင်မြန်စွာ သွားကြလေသည်။

ပုဏ္ဏကနတ်ဘီလူးက ဘုရားလောင်း ဝိဓုရသုခမိန်အား အကြောင်းစုံ ပြောဆိုလေသည်။ ဘုရားလောင်း ဝိဓုရသုခမိန်က လောက၌ရှိသော အိမ်ပေါက်ကျွန်၊ ဥစ္စာဖြင့်ဝယ်သောကျွန်၊ သူ့ခစားကျွန်နှင့် သုံ့ပန်းကျွန်တို့အနက် မိမိသည်မင်းခစားဖြစ်၍ သူခစားကျွန်ပင်ဖြစ်သည်။ မင်းကြီးပြုလိုရာကို ပြုထိုက်သည်ဟု ဖြေကြားလေသည်။

ထိုအခါ မင်းကြီးကမိမိသည် ဝိဓုရသုခမိန်အား ဆွေမျိုးသဘောထားပါလျက် ၎င်းကကျွန်ဟု မင်းပရိသတ်အလယ်၌ ဖြေသည်ကို လွန်စွာစိတ်ဆိုးလေသည်။ ထို့ကြောင့်ပုဏ္ဏကအား ဘုရားလောင်း ဝိဓုရသုခမိန်အား အလိုရှိရာအရပ်သို့ ခေါ်ဆောင်လေတော့ဟု ဆို၏။

မင်းကြီးသည် ဤသို့ဆိုပြီး နောက်တစ်ဖန် အကြံရပြန်သည်။ ဘုရားလောင်း ဝိဓုရသုခမိန် မရှိသည့်နောက်၌ မိမိအား သာယာသော တရားစကားဟောပြောမည့်သူ မရှိချေပြီ။ သို့ပါ၍ ဝိဓုရသုခမိန်မသွားမီ အိမ်ရာထောင်ခြင်းနှင့် ပတ်သက်သည့် ပြဿနာငါးရပ်ကို ဟောကြားခဲ့ရန် ဆိုလေသည်။

မင်းကြီးမေးသော အိမ်ရာထောင်ခြင်း ပြဿနာငါးရပ်မှာ အိမ်ရာထောင်သော ဤလောက၌ ဘေးမရှိသော အသက်မွေးခြင်း၊ သင်္ဂြိုဟ်ခြင်း တရားသည် မည်သို့ဖြစ်ရသနည်း။ ကြောင့်ကြဆင်းရဲခြင်းသည် အဘယ်ကြောင့် ဖြစ်ရသနည်း။ သစ္စာစောင့်ခြင်း အလေ့သည် အဘယ်ကြောင့် ဖြစ်ရသနည်းဟူ၍ပင် ဖြစ်ပေသည်။

ဘုရားလောင်း ဝိဓုရသုခမိန်က ဤလူ့ဘောင်တွင် အိမ်ရာထောင်ကြသူတို့သည် သူတစ်ပါးတို့၏ မယားကို မပြစ်မှားအပ်၊ နေ့တိုင်းမပြတ် ငါးပါးသီလကို မကျိုးမပျက်အောင် စောင့်ရာ၏။ အိမ်ထောင်ပြုရမည့် ကျင့်ဝတ္တရား၊ မင်းတို့ဝတ္တရားကို ပြည့်စုံစေရမည်။ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ပြုရမည်။ ခပ်သိမ်းသော အမှုတို့၌ ပညာဖြင့် ဆင်ခြင်ပြုရမည်။ မာနထောင်လွှားခြင်းမပြု နှိမ့်ချခြင်းဖြင့် သူတော်ကောင်းတို့ ဆိုဆုံးမရာကို နာယူခြင်း၊ စောင်းမြောင်းပြောဆိုမှု မရှိခြင်း၊ လှူဒါန်းပေးကမ်းခြင်း၌ တွန့်တိုမှု မရှိခြင်း၊ ချစ်ခင်နှစ်လိုဖွယ်သော စကားကို ဆိုခြင်း၊ ကိုယ်၏ နူးညံ့ခြင်း၊ စိတ်၏နူးညံ့ခြင်းတို့ဖြင့်လည်း ပြည့်စုံရမည် စသည်ဖြင့် ကောင်းစွာကျင့်အပ်သောတရားများကို အကျယ်တဝံ့ ရှင်းလင်းဟောကြားလေသည်။ ဝိဓုရသုခမိန်သည် မင်းကြီးအား ပြဿနာကို ဖြေပြီးလျှင် တရားဟောပလ္လင်မှဆင်း၍ မင်းကြီးကို ရှိခိုးလျက် သင့်ရာအရပ်၌နေ၏။ မင်းကြီးသည် ဘုရားလောင်း သုခမိန်အား ကြီးစွာသော ပူဇော်သက္ကာရပြုပြီးလျှင် တစ်ရာ့တစ်ပါးသော မင်းအပေါင်းခြံရံလျက် နန်းတော်သို့ ဝင်လေသည်။

ထိုအခါ ပုဏ္ဏကသည် ဘုရားလောင်း ဝိဓုရသုခမိန်အား မိမိနှင့် လိုက်ပါရန် ခေါ်လေသည်။ ဝိဓုရသုခမိန်က မိမိ၏အိမ်တွင် နှစ်ရက်သုံးရက်မျှနေပြီး သားမယားတို့ကို ဆုံးမပဲ့ပြင်ခြင်း စောင့်ဆိုင်းရန် ဆိုလေသည်။ ပုဏ္ဏကသည် သဘောတူညီခွင့်ပြုခဲ့သဖြင့် ဝိဓုရသုခမိန်သည် မိမိ၏မယား အနော်ဇာ၊ သားဓမ္မပါလ၊ ချွေးမစေတနှင့် သားသမီးအပေါင်းတို့ကို ခေါ်တွေ့သည်။ မိမိသည် ပုဏ္ဏကနှင့် လိုက်ပါရတော့မည့် အကြောင်းကို ပြောပြကာ နေထိုင်ကျင့်ကြံအပ်သော တရားများ ဟောပြောဆုံးမလေသည်။ အိမ်သားအားလုံးတို့ ငိုကြွေးပူဆွေးကြလေသည်။

ထိုသို့သားမယား အခြွေအရံတို့အား သုံးရက်တိုင် ဆုံးမပြီးနောက် မင်းကြီးထံသို့ ဝင်ရောက်ခစားလေသည်။ မင်းကြီးအား ရှိခိုးဖူးမြော်လျက် ခွင့်ပန်ကာ ပုဏ္ဏကနှင့်အတူ လိုက်ပါသွားလေသည်။ ပြည်သူပြည်သားအပေါင်းနှင့် အိမ်သားတို့ ငိုယိုကြလေသည်။ ဘုရားလောင်း ဝိဓုရသုခမိန်က သင်္ခါရတရားကို ဟောကြားကာ ကောင်းမှုကုသိုလ်သာ မမေ့မလျော့အားထုတ်ကြရန် ဆုံးမဟောကြားနှစ်သိမ့်လေသည်။

ဘုရားလောင်း ဝိဓုရသုခမိန်သည် ပြုဖွယ်ကိစ္စအရပ်ရပ်တို့ ပြီးဆုံးသောအခါ ပုဏ္ဏကသည် ဘုရားလောင်း ဝိဓုရကို ခေါ်ဆောင်သွားလေသည်။ ပုဏ္ဏကသည် ဘုရားလောင်း ဝိဓုရအား သွားရမည့် ခရီးဝေးသဖြင့် ၎င်း၏မြင်းအမြီးကို ဆွဲလိုက်စေ၏။ ဘုရားလောင်း ဝိဓုရသုခမိန်လည်း ဝတ်လဲတော်ပုဆိုးကို အခိုင်အခန့်ဖြင့် ဝတ်ပြီးလျှင် မြင်းမြီးထူးပေါ်သို့တက်ပြီးသော် လက်နှစ်ဖက်ဖြင့် အမြီးကိုမြဲစွာကိုင်၍ ခြေနှစ်ဖက်တို့ဖြင့် မြင်း၏ပေါင်နှစ်ဖက်တို့၌ချိတ်ပြီး လိုက်ပါသွားလေသည်။

ပုဏ္ဏကသည် ဝိဓုရအား ဤသို့ခေါ်ဆောင်သွားခြင်းဖြင့် အကျိုးမရှိနိုင်၊ ဟိမဝန္တာတောင်၌ တောင်သစ်ပင် ချုံထူထပ်ရာ တောင်ကြားသစ်ပင်ကြားမှ ခေါ်ဆောင်သွားပါက သစ်ခက်ဆူးငြောင့်တို့ ထိခိုက်မိက ဝိဓုရသေမည်။ ထိုအခါမှ နှလုံးကိုထုတ်၍ နဂါးပြည်သို့ ပြန်ရန်ကြံရွယ်လေသည်။ ကြံရွယ်သည့်အတိုင်း ပြုသော်လည်း ဝိဓုရသုခမိန်သည် အမျက်ထွက်ခြင်းမရှိ။ မေတ္တာတော်၊ သီလတော်၊ သစ္စာတော်အဆက်ဆက်သောကုသိုလ် ပါရမီတော် အာနုဘော်အစွမ်းဖြင့် တောင်ကမ်းသစ်ပင်တို့သည် ဘုရားလောင်း ဝိဓုရ၏ ကိုယ်တော်ကို မထိဘဲရှိလေသည်။ ပုဏ္ဏကသည် ဝိဓုရသေပြီး အမှတ်ဖြင့်ပြန်ကြည့်၏။ ရွှေကြေးမုံကဲ့သို့ရှင်လန်းကြည်လင်သော ဘုရားလောင်းဝိဓုရ၏ မျက်နှာတော်ကို မြင်ရလျှင် သုံးကြိမ်တိုင်မြင်းကို စိုင်းနှင်ပြန်လေသည်။ သို့သော် ဝိဓုရ မသေသည်ကို ပုဏ္ဏကမြင်လေလျှင် ဒေါသထွက်ကာ ကောင်းကင်၌ ပြင်းလှစွာသော လေဟုန်အတွင်းစိုင်းနှင်ပြန်သည်။ ဘုရားလောင်း ဝိဓုရ၏ အာနုဘော်ကြောင့် လေဟုန်သည် နှစ်ခြမ်းကွဲလေသည်။ ထို့နောက် လေသင်တုန်းသို့ ခုနစ်ကြိမ်တိုင် နှင်ပြန်သည်။ လေသင်တုန်းသည်လည်း နှစ်ဖြာကွဲလေသည်။ ထိုအခါ ပုဏ္ဏကသည် ဘုရားလောင်း ဝိဓုရအား ကာဠာဂိရိတောင်သို့ ဆောင်ယူလေသည်။

ကာဠာဂိရိတောင်ထိပ်သို့ ရောက်သောအခါ ပုဏ္ဏကသည် ကြောက်မက်ဖွယ် ဘီလူးအသွင် ဖန်ဆင်းလေသည်။ ဝိဓုရသုခမိန်အား ပက်လက်လဲစေပြီး အထက်စွယ် အောက်စွယ်တို့၏အကြား၌ ထားပြီးလျှင် ဝါးစားမည်ကဲ့သို့ပြု၏။ ဘုရားလောင်းသုခမိန်သည် ကြောက်လန့်ခြင်းမရှိ၍ ခြသေ့်အသွင်၊ မုန်ယိုသောဆင်အသွင်၊ ကြီးစွာသော မြွေအသွင်ဖြင့် ခြောက်လှန့်ပြန်လည်း ဘုရားလောင်းသုခမိန်သည် စိုးစဉ်းမျှကြောက်ရွံ့ခြင်းမရှိပေ။ ထိုအခါ ပုဏ္ဏကသည် လေပြင်းတိုက်ခိုက်စေခြင်း၊ တောင်ကို လှုပ်ခါစေခြင်း၊ တောင်ခေါင်းထဲမှ ဝိဓုရနှလုံးကွဲစေသော အသံဖြင့် ပဲ့တင်ထပ်မျှအော်ခြင်း၊ ဘီလူးအသွင် တွန်းထိုးလှုပ်ရှားလျက် တောင်ထိပ်ပေါ်၌ လူးလာပြန်ခေါက်ပြုပြန်သည်။ သို့သော် ဝိဓုရသည် မသေသေးသဖြင့် ပုဏ္ဏကသည် ဘုရားလောင်း၏ ဦးခေါင်း ငိုက်စိုက်ကိုင်၍ တောင်ထိပ်သို့တက်ပြီး အထက်ကောင်းကင်သို့ လွှတ်လိုက်လေသည်။ ဘုရားလောင်းသည် ကောင်းကင်မှ ဝါဂွမ်းစုကျသကဲ့သို့ တစ်ဆယ့်ငါးယူဇနာ ခြားရာအရပ်သို့ ကျလေသည်။ ထိုအခါ ပုဏ္ဏကသည် ခြေကကိုင်ပြီးလျှင် ကောင်းကင်သို့ ပစ်ပြန်ရာ ယူဇနာသုံးဆယ်ခြားသောအရပ်၌ ဘုရားလောင်းကျလေသည်။ ဘုရားလောင်း မသေသေးသည်ကိုတွေ့၍ ယူဇနာခြောက်ဆယ်တိုင်အောင် ပစ်လွှင့်ပြန်သော်လည်း မသေဘဲရှိနေသဖြင့် ဖောက်ထိုးဆွဲကိုင်ထားပြန်သည်။

ထိုအခါ ဘုရားလောင်းဝိဓုရသုခမိန်က မိမိအား မည်သည့်အကြောင်းကြောင့် သေစေလိုသနည်း။ သင်သည်ကြမ်းကြုတ်ရက်စက်လှသည်။ မိမိသေလျှင် မည်သို့အကျိုးရှိမည်နည်း။ သင်၏အဆင်းကားဘီလူးအသွင်ရှိသည်။ အဘယ်မည်သော နတ်ဖြစ်သနည်း ဟူ၍မေးလေသည်။ ပုဏ္ဏကဘီလူးကလည်း မိမိသည် ပုဏ္ဏကနတ်ဘီလူးဖြစ်ပြီး နဂါးမင်းသမီးကို လက်ထပ်လိုသဖြင့် မယ်တော်ဝိမလာဒေဝီ အလိုရှိသော သင်၏နှလုံးကို ရယူရန်အတွက် သတ်လိုခြင်းဖြစ်ကြောင်း ပြောပြလေသည်။ ဘုရားလောင်း ဝိဓုရက နဂါးမင်းဝရုဏသည် မိမိ၏ တရားကို နာခဲ့ဖူးသဖြင့် နဂါးမိဖုရားသည်လည်း တရားနာလို၍သာ ပရိယာယ်ဖြင့် ပြောခြင်းဖြစ်သည်ကို သိရှိလေတော့သည်။

ဘုရားလောင်း ဝိဓုရလည်း ပုဏ္ဏကအား နှလုံးသားကို အမှန်ပင် ရယူလိုပါလျှင် သူတော်ကောင်းအပေါင်းတို့ ကျင့်အပ်သောသိအပ်သော သာဓုနရတရားကို ဦးစွာနာကြားရန် ပြောကြားလေသည်။ ပုဏ္ဏကလည်း သာဓုနရတရားကို နာလိုသဖြင့် ဘုရားလောင်းအား ချီ၍တောင်ထိပ်၌ နေရာစီစဉ်လေသည်။ ဘုရားလောင်းသည် ကိုယ်လက်သန့်စင်ပြီး လေးပါးသော သာဓုနရတရားကို ဟောကြားလေသည်။ ထိုတရားလေးပါး ဆိုလိုရင်းမှာ အကြင်သူသည် မသိမကျွမ်းလျက် မိမိအား နေရာပေးခြင်း၊ ခဲဖွယ်ဘောဇဉ်တည်ခင်းခြင်း စသည့်ဧည့်ဝတ်ပြုခဲ့လျှင် ထိုသူအား မိမိသည်လည်း ကျေးဇူးတုံ့ပြန်ရမည်။ ထိုသူအား စိတ်ဖြင့်ပင် ပြစ်မှားခြင်းမပြုအပ်။ သစ်ပင်ရင်း၌ ခိုလှုံအိပ်စက်ဖူးက ယင်းသစ်ပင်၏ အကျိုးပျက်စီးရာကို မလုပ်ဆောင်ရသကဲ့သို့ မိမိ၏ အဆွေခင်ပွန်းကို မပြစ်မှားအပ်ပေ။ ယုတ်မာသောမိန်းမတို့သည် မာယာဖြင့် ဖြားယောင်းသည်ကို အကောင်းထင်၍ ရမ္မက်စိတ်ဖုံးလွှမ်းကာ မဆင်မခြင် မိန်းမအလိုရှိတိုင်း လိုက်၍မပြုအပ်၊ အကယ်၍ မဆင်မခြင် မိန်းမအလိုသို့လိုက်ပါက အကျိုးမရှိ၊ ပင်ပန်းကာမျှ ရှိတက်ချေသည်ဟု ဖြစ်သည်။ တရားလေးပါးကို ဟောပြီးနောက် ပုဏ္ဏကအား ဤတရားလေးပါးနှင့် ပြည့်စုံစေလော့ဟု ဆိုလေသည်။

ပုဏ္ဏကဘီလူးလည်း ဘုရားလောင်း၏ တရားလေးပါးကို နာကြားရပြီးနောက် မိမိသည်သုခမိန်၏ အိမ်၌နှစ်ရက်သုံးရက် နေဖူး၏။ ထမင်းအဖျော်စသည်ကိုလည်း စားသုံးခဲ့ဖူး၏။ ဘုရားလောင်း ဝိဓုရသည် မပြစ်မှားအပ်သော အဆွေခင်ပွန်းမှတ်ပေသည်ဟု တွေးတောပြောဆိုကာ ဘုရားလောင်းဝိဓုရအား နေအိမ်သို့ ပြန်ပို့မည်ဟုဆိုလေသည်။ ဝိဓုရလည်း နဂါးမင်း၏ စည်းစိမ်ကို မြင်တွေ့ဖူးလို၍ နဂါးပြည်သို့ ပို့ပေးရန်ဆိုလေ၏။ ပုဏ္ဏက က ရန်သူရှိရာ နဂါးပြည်သို့ မသွားသင့်ကြောင်း ပြောဆိုလေလျှင် ဘုရားလောင်း ဝိဓုရသုခမိန်က နဂါးမင်းအား တရားသဖြင့် နူးညံ့စေလိုကြောင်း ရှင်းလင်းပြောဆိုသောအခါတွင် ပုဏ္ဏက ကလည်း ဘုရားလောင်းဝိဓုရအား သိန္ဓောမြင်းပေါ် တင်ဆောင်ခဲ့လေသည်။

နဂါးပြည်သို့ရောက်သောအခါ နဂါးမင်းက ပုဏ္ဏကအား ဘုရားလောင်းဝိဓုရနှလုံးကိုယူဆောင်ခိုင်းသော်လည်း ဝိဓုရကိုသာ ခေါ်ဆောင်ခြင်းကြောင့် ပြစ်တင်စကားဆို၏။ ပုဏ္ဏကနတ်ဘီလူးက မိမိသည် ဝိဓုရထံမှ တရားရသကဲ့သို့ မင်းကြီးလည်း တရားနာကြားစေလို၍ ခေါ်ဆောင်လာကြောင်း ပြောကြားလေသည်။ နဂါးမင်းက ဝိဓုရအား သေရမည်ကိုကြောက်၍ မိမိအားမရှိခိုးဘဲ တွေဝေနေသလောဟု မေးလေသည်။ ဘုရားလောင်းဝိဓုရသုခမိန်က ခပ်သိမ်းသောသတ္တဝါတို့သည် မိမိသတ်ရမည့်သူ၊ မိမိကိုသတ်တတ်သောသူအား ရှိမခိုးအပ်ပေဟု ဖြေဆို၏။ ထို့နောက် ဘုရားလောင်း ဝိဓုရသုခမိန်က မင်းကြီးသည် ဤဘုံဗိမာန်ကို မည်သို့ကြောင့် ရရှိသနည်းဟု ဆို၏။ နဂါးမင်းက မိမိရှေးက ပြုခဲ့ဖူးသောကုသိုလ်ကြောင့် ရခဲ့သည်ဟု ဖြေဆို၏။ ဘုရားလောင်း ဝိဓုရလည်း မင်းကြီးအား ရှေးကပြုခဲ့သော ကုသိုလ်ကြောင့် ဤဘုံဗိမာန်စည်းစိမ်ကို ရရှိ၏။ ထိုသို့ကောင်းမှု၏အကျိုးကို သိတော်မူလျှင် မမေ့မလျော့တရားကိုသာ ကျင့်တော်မူရန် ထိုသို့ကျင့်တော်မူလျှင် နောင်ဘဝမှာလည်း ယခုကဲ့သို့ ဘုံဗိမာန်စည်းစိမ်ကို ရရှိမည်ဟု ဆိုလေသည်။ အမျက်မထွက် သည်းခံခြင်း ခန္တီ၊ ချစ်ခြင်းမေတ္တာပွားခြင်းဖြင့်ပင် ဤဘုံဗိမာန်အထက် နတ်ပြည်သို့ ရောက်ရှိနိုင်ကြောင်း၊ ချစ်ခြင်းမေတ္တာသည် မြတ်ကြောင်းတို့ကို ဟောကြားလေသည်။

> **“နဂါးမင်းက မိမိရှေးက ပြုခဲ့ဖူးသောကုသိုလ်ကြောင့် ရခဲ့သည်ဟု ဖြေဆို၏။ ဘုရားလောင်း ဝိဓုရလည်း မင်းကြီးအား ရှေးကပြုခဲ့သော ကုသိုလ်ကြောင့် ဤဘုံဗိမာန်စည်းစိမ်ကို ရရှိ၏။ ထိုသို့ ကောင်းမှု၏အကျိုးကို သိတော်မူလျှင် မမေ့မလျော့တရားကိုသာ ကျင့်တော်မူရန် ထိုသို့ကျင့်တော်မူလျှင် နောင်ဘဝမှာလည်း ယခုကဲ့သို့ ဘုံဗိမာန်စည်းစိမ်ကို ရရှိမည်ဟု ဆိုလေသည်။ အမျက်မထွက် သည်းခံခြင်း ခန္တီ ချစ်ခြင်းမေတ္တာပွားခြင်းဖြင့်ပင် ဤဘုံဗိမာန်အထက် နတ်ပြည်သို့ ရောက်ရှိနိုင်ကြောင်း၊ ချစ်ခြင်းမေတ္တာသည် မြတ်ကြောင်းတို့ကို ဟောကြားလေသည် ”**

*(ဆက်လက်ဖော်ပြပါမည်)*

# ဆိပ်ဖြူမြို့နယ်၌ လျှပ်စစ်မြစ်ရေတင်စီမံကိန်းကြောင့် မိုးစပါးနှင့် အခြားသီးနှံစုံ အောင်မြင်စွာစိုက်ပျိုးနိုင်



**ဆိပ်ဖြူ ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်ကဝ ကျေးရွာအုပ်စုရှိ အောက်ဆိပ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းတွင် ဒေသခံတောင်သူများက မိုးစပါးနှင့် အခြားသီးနှံစုံ လျာထားစိုက်ဧက ပြည့်မီစွာ စိုက်ပျိုးကြသည်။

အောက်ဆိပ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းတွင် ၂၀၂၁ ခုနှစ် မိုးသီးနှံကို မိုးစပါးဧက ၅၂၀ နှင့် အခြားသီးနှံစုံ ဧက ၆၈၀ လျာထားစိုက်ဧက စုစုပေါင်း ဧက ၁၂၀၀ စိုက်ပျိုးနိုင်ရေးအတွက် ဧရာဝတီမြစ်မှ လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးရေပြည့်ဝစွာ ရရှိရေး စီစဉ်ဆောင်ရွက်ပေးသည်။

၂၀၂၁ မိုးသီးနှံများကို ဩဂုတ်လ ဒုတိယအပတ်တွင် တောင်သူများက လျာထားချက် ပြည့်မီစွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အောက်ဆိပ်မြစ်ရေတင်စီမံကိန်းမှ တာဝန်ရှိသူများနှင့် စိုက်ပျိုးရေပေးဝေရေး ကော်မတီတို့က တောင်သူများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဇွန်လတတိယပတ်တွင် စပါးပျိုးထောင်ရေကို စတင်လွှတ်ပေးပြီး ဇူလိုင်လပထမပတ်တွင် မိုးစပါးနှင့် အခြားသီးနှံစိုက်ပျိုးရေ ပြည့်ဝစွာရရှိရေး ဆောင်ရွက်ပေးသည်။ မိုးသီးနှံစိုက်ပျိုးရေအသုံးပြုခ နှုန်းထားများမှာ ယခင်နှစ်များအတိုင်း မိုးစပါး တစ်ဧကငွေကျပ် ၆၀၀၀၊ အခြားသီးနှံ တစ်ဧက ငွေကျပ် ၃၀၀၀ ဖြစ်ကြောင်း စိုက်ပျိုးရေပေးဝေရေး ကော်မတီဥက္ကဋ္ဌ ဦးမြသိန်းထံမှ သိရသည်။

**ကိုဇွဲ(အညာမြေ)**

# မောက်မယ်ဒေသထွက် ရှောက်ချိုသီးများ ဈေးကွက်အတွင်း စတင်ရောင်းချ

**မောက်မယ် ဩဂုတ် ၂၂**

ရှမ်းပြည်နယ် တောင်ပိုင်း မောက်မယ်မြို့နယ်တွင် ဒေသထွက်ကုန် ရှောက်ချိုသီးများ စတင်ထွက်ရှိချိန် ဈေးကွက်တွင် ဈေးကောင်းပေး ဝယ်ယူသဖြင့် ပုံမှန်ဝင်ငွေများရရှိကာ တစ်ဆင့်ပြန်လည် ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မောက်မယ် ဈေးကွက်တွင် ရှောက်ချိုသီး ရောင်းချသူများအနေဖြင့် အလုံးကြီးတစ်လုံးလျှင် ငွေကျပ် ၄၀၀၊ အလုံးလတ် တစ်လုံးလျှင် ငွေကျပ် ၃၅၀၊ အလုံးငယ် တစ်လုံးလျှင် ငွေကျပ် ၃၀၀ ရောင်းချလျက် ရှိသည်။ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေသည့် ကာလဖြစ်သည့်အတွက် ယခင်နှစ်ထက် ရှောက်ချိုသီး တစ်လုံးလျှင် ငွေကျပ် ၂၀၀ နှုန်းခန့် ဈေးကျခဲ့ကြောင်း သိရသည်။

နှစ်စဉ် ရှောက်ချိုသီးပေါ်ချိန် တော်သလင်း၊ သီတင်းကျွတ်လတွင် မောက်မယ်မြို့နယ်၏ တောင်ဘက် ခြောက်မိုင်ကျော်ခန့်ရှိ နမ့်လွတ်ကျေးရွာအုပ်စု၊ ဖာဟင်ကျေးရွာ၊ ကွန်ခံကျေးရွာ၊ ဝမ်နားကျေးရွာနှင့် ကဒူးလေး ကျေးရွာများ၌ စိုက်ပျိုးလျက်ရှိသည်။

အဆိုပါဒေသ၌ သဘာဝ တောင်ခြေတောင်စောင်းများတွင် တောင်ပေါ် ကဒူးလေးရေထွက် လိုဏ်ဂူမှရေများ ကောင်းစွာရရှိ၍ ရှောက်ချိုသီးပင်အကြိုက် ရာသီဥတုနှင့် မြေအနေအထားများကြောင့် မည်သည့်မြေဩဇာ ဟော်မုန်းအားတိုးဆေးများ မလိုအပ်ဘဲ သဘာဝအတိုင်း လှိုင်လှိုင်သီးနေသည်ကို တွေ့ရသည်။ ရှောက်ချိုသီးအပြင် လိမ္မော်၊ သံပရာများကိုပါ ဒေသခံတောင်သူများက ပိုမိုစိုက်ပျိုးလာကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**





# မိတ္ထီလာမြို့နယ် ရေချိုကျေးရွာတွင် ချည်မျှင်ရှည်ဝါ အထူးဇုန်ဧက ၅၀ စိုက်ပျိုး

**မိတ္ထီလာ ဩဂုတ် ၂၂**

မိတ္ထီလာမြို့နယ် ရေချိုကျေးရွာတွင် ချည်မျှင်ရှည်ဝါ (ရွှေတောင်-၁၀) အထူးဇုန်ဧက ၅၀ ကို ကွင်းအမှတ်(၅၃၅)ရှိ တောင်သူ ၁၇ ဦး၏ စိုက်ဧကများ၌ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေး ဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ လယ်ယာလုပ်ငန်းဖြင့် စီးပွားရေးလုပ်ငန်းများ ဦးမော့လာစေရန် ဆောင်ရွက်လျက်ရှိရာ စီးပွားရေး တွက်ခြေကိုက်၍ ဒေသနှင့် အဆင်ပြေပြီး အထွက်နှုန်းကောင်းသည့် သီးနှံကို ရွေးထုတ်ရာတွင် ဝါသီးနှံမှာ ရာသီဥတုဒဏ်ခံနိုင်ပြီး ဈေးနှုန်းမှာလည်း လျော့နည်းခြင်းမရှိသည့်အတွက် ဝါသီးနှံကို ရွေးချယ်စိုက်ပျိုးလျက်ရှိသည်။ ယင်းသို့ ဝါသီးနှံ စိုက်ပျိုးရာတွင် ရေချိုကျေးရွာ ကွင်းအမှတ်(၅၃၅)ရှိ တောင်သူ ၁၇ ဦးတို့က ချည်မျှင်ရှည်ဝါ (ရွှေတောင်-၁၀) အထူးဇုန်ဧက ၅၀ ကို ဇူလိုင်လ ဒုတိယပတ်မှ စတင်၍ စိုက်ပျိုးလျက်ရှိသည်။

ယင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးရာတွင်လည်း စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရရှိစေရန်နှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်၊ စက်မှုလယ်ယာစနစ်သို့ပြောင်းလဲ စိုက်ပျိုးထုတ်လုပ်ရန် စသည့် စိုက်ပျိုးရေး နည်းပညာများကို သိရှိစေရန် အသိပညာပေး ဆွေးနွေးခြင်းအပြင် တောင်သူများကို မျိုးဝါစေ့နှင့် လူးနယ်ဆေးများကို အခမဲ့ပေးအပ်သည်။

အဆိုပါ စိုက်ပျိုးပြီးသည့် ချည်မျှင်ရှည်ဝါများကို အပင်သက်တမ်းတစ်လျှောက်ကြီးထွားမှု အဆင့်အတိုင်း ပိုးမွှားကင်းစင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကင်းထောက်မှတ်တမ်းကောက်ယူသည့် နည်းစနစ်ဖြင့် စိုက်ကွင်းအတွင်း ကွင်းဆင်းဆောင်ရွက်ပြီး လိုအပ်လာပါက အပင်သားခွဲခြင်းလုပ်ငန်း၊ ပိုးမွှားကင်းစင်အောင် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများနှင့် အပင်ကြီးထွားစေရန် သဘာဝမြေဩဇာများ ထည့်သွင်းခြင်းလုပ်ငန်းများကို ဒေသခံတောင်သူများနှင့်အတူ ပေါင်းစပ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ပွင့်ဖြူမြို့နယ်၌ ကောက်စိုက်စက်ဖြင့် တွဲဖက်အသုံးပြုသည့် ဆေးဖျန်းကိရိယာအသုံးပြုနည်း သရုပ်ပြ

**ပွင့်ဖြူ ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ အမှတ်(၄၆)စက်မှုလယ်ယာစခန်းမှ မြို့နယ်အတွင်းရှိ တောင်သူများ မိုးစပါးသီးနှံ စိုက်ပျိုးရာသီတွင် သီးနှံအထွက်နှုန်း ကောင်းမွန်စေရန်၊ စက်မှုလယ်ယာသုံး စက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုခြင်းဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကောက်စက်စိုက်ဖြင့် တွဲဖက်အသုံးပြုဆေးဖျန်းကိရိယာ အသုံးပြုနည်းစနစ် တောင်သူပညာပေး လက်တွေ့သရုပ်ပြပွဲကို ဩဂုတ် ၂၀ ရက်က ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာ ကွင်းအမှတ်(၉၅၀) ရှိ တောင်သူ ဦးအေးမြတ်မင်း၏ မိုးစပါးစိုက်လယ်မြေတွင် ပြုလုပ်သည်။

တောင်သူပညာပေး သရုပ်ပြပွဲတွင် တက်ရောက်လာသည့် တောင်သူများက ကောက်စိုက်စက်နှင့် ဆေးဖျန်းကိရိယာပစ္စည်း တွဲဖက်အသုံးပြုရာတွင် သိရှိလိုက်နာရမည့် ဆောင်ရန် ရှောင်ရန်များကို မေးမြန်းဆွေးနွေးရာ မြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်စန်းနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီ ရေလွှဲဆည်ရေကို အမှီပြု၍ မိုးစပါးသီးနှံဧက ၆၈၇၈၃ ဧက လျာထား စိုက်ပျိုးဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်**
**(ညောင်ဦး)**

# တောင်တွင်းကြီးမြို့နယ်၌ မိုးစပါး ဧက ၃၅၉၉၀ ကျော် စိုက်ပျိုးပြီးစီး

**တောင်တွင်းကြီး ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အနေဖြင့် ၂၀၂၁ ခုနှစ် မိုးရာသီအတွင်း မိုးစပါး ၈၆၆၀၄ ဧက စိုက်ပျိုးရန်လျာထားဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်အတွင်းရှိ ဒေသခံတောင်သူအများစုမှာ ဆင်းသုခနှင့်မနောသုခစပါးမျိုးများကို အများအပြား စိုက်ပျိုးလျက်ရှိကြောင်း မျိုးကွဲစပါးများဖြစ်သည့် ရေမင်းနှင့် ပေါ်ဆန်းစပါးများကိုလည်း စိုက်ပျိုးကြကြောင်း ယခုအချိန်ထိ မိုးစပါးဧက ၃၅၉၉၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်းနှင့် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မျိုးအေးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် စစ်ကိုင်းခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**စစ်ကိုင်း ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အဖွဲ့သည် ဩဂုတ်၂၁ ရက်က မြင်းမူမြို့နယ် ပျော့ရွာကျေးရွာရှိ ကေ ၃၆၀၀ အကျိုးပြုမြစ်ရေတင်စီမံကိန်းမှ ရေပေးဝေနေမှုနှင့် စပါးစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပျော့ရွာကျေးရွာ တောင်သူ ဦးဝင်းလှိုင်၏ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဖြင့် စိုက်ပျိုးထားရှိသည့် စပါးတင်း ၁၀၀ နှင့်အထက် ထွက်ရှိရေး စံပြကွက်ကိုလည်းကောင်း၊ ထီးဆောင်းကျေးရွာအနီး ဒေသန္တရမျိုးထိန်းမျိုးပွားနှင့်တိရစ္ဆာန်အာဟာရ ဖွံ့ဖြိုးရေးသုတေသနခြံသို့ လည်းကောင်း၊ မြင်းမူမြို့ မြောက်ပိုင်းရပ်တောင်သူ ဦးဝင်းမင်းသန်း၏ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဖြင့် စိုက်ပျိုးထားသည့် ဝါမျိုးသန့်စံပြစိုက်ခင်း ၁၀ ဧကကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြင်းမူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် မြောင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတို့၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိ/မြို့ဖများနှင့် တွေ့ဆုံပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ၊ အလှူငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဩဂုတ် ၂၁ ရက်အထိ မူဆယ်နန်းတော်ဂိတ်မှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသူ ၅၄၁၃ ဦးရှိ

**မူဆယ် ဩဂုတ် ၂၂**

မူဆယ်နယ်ခြား နန်းတော်ဂိတ်၌ ဩဂုတ် ၂၁ ရက်က နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ဝင်ရောက်လျက်ရှိသည်။

မြန်မာရွှေ့ပြောင်း အလုပ်သမားများသည် တရုတ်နိုင်ငံ ယူနန်ပြည်နယ်အတွင်း ကိုဗစ်-၁၉ တတိယအကျော့ ကူးစက်မှုမြန်ဆန်နေသောကြောင့် မြို့လုံးကျွတ် LOCKDOWN သတ်မှတ်နေမှု၊ စက်မှုဇုန်အလိုက် ပိတ်ပင်ခြင်းများကြောင့် လုပ်ကိုင်စားသောက်နေထိုင်မှု ခက်ခဲသဖြင့် မြန်မာနိုင်ငံသို့ မူဆယ်နန်းတော်ဂိတ်မှတစ်ဆင့်ပြန်လည်ဝင်ရောက်လျက်ရှိသည်။



ထိုသို့ ဝင်ရောက်လာသူများမှာ ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၉ ရက်အထိ ၄၇၃၂ ဦး၊ ဩဂုတ် ၁၆ ရက်တွင် ၂၂၀၊ ဩဂုတ် ၂၁ ရက်တွင် ၄၆၁ ဦး စုစုပေါင်း ပြန်လည်ဝင်ရောက်လာသူ ၅၄၁၃ ဦးတို့အား စနစ်တကျ ပြန်လည်လက်ခံပြီးဖြစ်ကြောင်း သိရသည်။

**အယ်လ်စိုး**
**(မူဆယ်)**

# လက်ပံတန်း မြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်လစာများ ပုံမှန်ထုတ်ပေးမည်

**လက်ပံတန်း ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မြန်မာ့စီးပွားရေးဘဏ်မှ ကိုဗစ်-၁၉ ထိန်းချုပ်ရေးကာလအတွင်း ပင်စင်စားများအတွက် ပင်စင်လစာများကို ဩဂုတ်၂၃ ရက်မှစ၍ ရပ်ကွက်အလိုက် စနစ်တကျထုတ်ပေးမည်ဖြစ်သည်။

ထိုသို့ထုတ်ပေးရာတွင် လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ဩဂုတ် ၂၃ ရက်တွင် မအူကုန်းရပ်ကွက် ပင်စင်စားများကိုလည်းကောင်း၊ ဩဂုတ် ၂၄ ရက်တွင် မြို့မရပ်ကွက် ပင်စင်စားများကို လည်းကောင်း၊ ဩဂုတ် ၂၅ ရက် တွင် မင်းရပ်ရပ်ကွက် ပင်စင်စားများကိုလည်းကောင်း၊ ဩဂုတ် ၂၆ ရက်တွင် ဘီးလင်းတန်းရပ်ကွက် ပင်စင်စားများကို လည်းကောင်း၊ ဩဂုတ် ၂၇ ရက်တွင် ကျွန်းကလေးပင်စင်စားများကို လည်းကောင်း ထုတ်ပေးမည်ဖြစ်သည်။

ကျေးရွာအုပ်စုနေ ပင်စင်စားများကို ၎င်းတို့အဆင်ပြေသည့်နေ့တွင် လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ကိုယ်စားလှယ်ဖြင့် ထုတ်ယူလိုပါက လိုအပ်သည့်အထောက်အထားဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

ပင်စင်ထုတ်ယူရာတွင် ကိုဗစ်ကာကွယ်ရေးပစ္စည်းများဖြစ်သော နှာခေါင်းစည်း၊ မျက်နှာအကာ၊ လက်အိတ်များ ဝတ်ဆင်ပြီးလာရောက်ကြရန်ကြိုတင်အသိပေး ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။ လက်ပံတန်းမြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်စားဝန်ထမ်း၂၄၂၉ ဦး ကို သတ်မှတ်ရက်များတွင် နေ့စဉ် နံနက် ၈ နာရီမှ ၁၂ နာရီအထိ ထုတ်ပေးမည်ဖြစ်ကြောင်း ဘဏ်မန်နေဂျာဦးဝင်းမိုးကျော်ထံမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကျောက်ဆည်မြို့နယ်၌ မသန်စွမ်းသူများအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်း ထောက်ပံ့

**ကျောက်ဆည် ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလ ပထမအကြိမ် ထောက်ပံ့ငွေများ ပေးအပ်ခဲ့စဉ် ကျန်ရှိနေသော ထပ်တိုးမသန်စွမ်းသူများအား လူမှုဝန်ထမ်းဦးစီးဌာနမှ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချောင်းဆုံကျေးရွာနှင့် သာစည်လေးကျေးရွာတို့မှ မသန်စွမ်းသူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆိုပါထောက်ပံ့ငွေများကို ချောင်းဆုံကျေးရွာ အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်၊ ရွှေဒါးကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းတို့မှ မသန်စွမ်းသူ ၁၇ ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၅၁၀၀၀၀ ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

ကျောက်ဆည်မြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၉၇ အုပ်စုရှိရာ မသန်စွမ်းသူ ၁၀၅၅ ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၃၁၆၅၀၀၀၀ ကို ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

**တင်တင်ထွေး**

# တိုက်ကြီးမြို့နယ်တွင် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**တိုက်ကြီး ဩဂုတ် ၂၂**

ရန်ကုန် မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အတွင်းရှိ မိဘပြည်သူများအား စားဝတ်နေရေးအထောက်အကူဖြစ်စေရန်နှင့် ကုန်ဈေးနှုန်းများ ကျဆင်းစေရန် ရည်ရွယ်လျက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှကြီးမှူး၍ ဆန်ကြမ်း၊ ဆန်ချောများနှင့် စားသုံးဆီများကို ဈေးနှုန်းသက်သာစွာဖြင့် ယမန်နေ့ကစပြီး တိုက်ကြီးမြို့နယ် ဈေးရပ်ကွက်၊ မြို့လယ်လမ်း၊ မြို့မဈေးနှင့် ပိတောက်ဝါရှေ့တို့တွင် ဈေးကားများဖြင့် လာရောက်ရောင်းချပေးသည်။

ထိုသို့ရောင်းချရာတွင် ဆန်ချော ငါးပြည် တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀ နှုန်းဖြင့် ၂၅ အိတ်၊ ဆန်ကြမ်းငါးပြည် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ၁၇၅ အိတ်၊ စားသုံးဆီ ၅၀ ကျပ်သား တစ်ဘူးလျှင် ငွေကျပ် ၁၈၅၀ နှုန်းဖြင့် ဘူး ၁၅၀၊ ကြက်ဥ ၁၀ လုံးကတ် တစ်ကတ်လျှင် ငွေကျပ် ၁၃၀၀ နှုန်းဖြင့် ကတ် ၂၀၀ တို့ကို ပြည်သူများအား ရောင်းချပေးသည်။

ထိုသို့ ရောင်းချပေးရာတွင် ကိုဗစ် -၁၉ ရောဂါကြိုတင်ကာကွယ်ရေးစည်းကမ်းများနှင့်အညီ စနစ်တကျဝယ်ယူ ရောင်းချနိုင်စေရေး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ အဖွဲ့ဝင်(၂) ဦးမောင်မောင်လတ်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးထိုက်ဝင်းနှင့် ဝန်ထမ်းများ၊ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက ပူးပေါင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**စန်းကလျာခိုင်(ပြန်/ဆက်)**

# ရွာသစ်မြို့၌ ကုန်စည်ပြတ်လပ်မှုမရှိစေရေး ယာဉ်လိုင်းများအား သွားလာခွင့်ပြု

**ရွာသစ် ဩဂုတ် ၂၂**

ကယားပြည်နယ် ရွာသစ်မြို့တွင် ပြည်သူများ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ကုန်စည်စီးဆင်းမှုပြတ်လပ်မှုမရှိစေရေး အိမ်စီးယာဉ်များ၊ ကုန်တင်ယာဉ်များကို ဩဂုတ် ၂၁ ရက်မှစ၍ သွားလာခွင့်ပြုပေးသည်။



ကယားပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုနှုန်း များပြားလာသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ လွိုင်ကော်၊ ရွာသစ်သို့ ကုန်စည်ကူးသန်းရောင်းဝယ်လျက်ရှိသော ယာဉ်များအား သတ်မှတ်ထားသည့် ရက်များအတွင်း သွားလာခွင့်ပြုကြောင်းနှင့် ရွာသစ်မြို့သို့ ရောက်ရှိလာသောယာဉ်များကို စုပေါင်းစစ်ဆေးရေးဂိတ်တွင် ကာကွယ်ဆေးဖျန်းခြင်း၊ ပစ္စည်းများကို ဆေးဖျန်းခြင်းများ ဆောင်ရွက်ပြီး ယာဉ်များအား သွားလာခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကနန်းဒေသစိတ် ကစောက်ဖာကျေးရွာမှ နှစ်ပေါင်း ၁၀၀ နီးပါးခန့်ရှိ ဇေတဝန်ဘုန်းတော်ကြီးကျောင်းအား ရိုးရာမပျက် ပြန်လည်ပြုပြင်

ဗန်းမောက် ဩဂုတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မူးသားအုပ်စု ကစောက်ဖာကျေးရွာ၌ နှစ်ပေါင်း ၁၀၀ နီးပါးရှိဇေတဝန်ဘုန်းတော်ကြီးကျောင်းအား ယခုအခါ အလှူရှင်များ၏ လှူဒါန်းငွေများ၊ ကစောက်ဖာကျေးရွာသူ ကျေးရွာသားများ၏ ထည့်ဝင်ငွေများနှင့် လုပ်အားဒါနများဖြင့် ပျက်စီးနေသောကျောင်းခန်းများအား ရှေးမူရိုးရာမပျက် ပြန်လည်ပြုပြင်တည်ဆောက်နေကြောင်း သိရသည်။



သက်တမ်းနှစ်ပေါင်း ၁၀၀ နီးပါးခန့်ရှိ ဇေတဝန်ဘုန်းတော်ကြီးကျောင်းကို တွေ့ရစဉ်။

**ရှေးရိုးရာမပျက် ဆောက်လုပ်ခဲ့**

ကနန်းတိုင်းရင်းသားတို့၏ ရှေးရိုးရာမပျက် ဆောက်လုပ်ခဲ့သော နှစ်ပေါင်း ၁၀၀ နီးပါးခန့်ရှိ ဇေတဝန်ဘုန်းတော်ကြီးကျောင်းမှာ အလျားပေ ၁၅၀၊ အနံပေ ၁၀၀ နှင့် အမြင့်ပေ ၄၀ ရှိပြီး ဥရုတိုင်ခြောက်တိုင်မှာ တစ်တိုင်လျှင် အရှည်ပေ၄၀ ရှိသည်။ ထို့အတူ လုံးပတ် ၃ ပေ ၁၀ လက်မရှိသော ကျွန်းသားတိုင် ၁၅၉ တိုင်၊ အခန်းပေါင်း ၁၂၉ ခန်း၊ လှေကားလေးစင်းပါရှိသော ဘုန်းတော်ကြီးကျောင်းကို ကနန်းဒေသစိတ်မှ လက်သမားဆရာ ၁၅ ဦးနှင့် ကစောက်ဖာကျေးရွာမှ ရွာသူ ရွာသားများ ဝိုင်းဝန်း၍ ၁၂၈၆ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက် ဗုဒ္ဓဟူးနေ့နံနက် ၄ နာရီတွင် တိုင်ထူကာ စတင်တည်ဆောက်ခဲ့ရာ နယုန်လဆန်း ၇ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

**ပြန်လည်ပြုပြင်တည်ဆောက်နေ**

ထိုဇေတဝန် ဘုန်းတော်ကြီးကျောင်းမှာ ယခုအချိန်တွင် နှစ်ကာလရှည်ကြာလာသဖြင့် သဘာဝဘေးဒဏ်များကြောင့် ကျောင်းခန်းငါးခန်း၊ ကျောင်းတိုင်၂၀ နှင့် လှေကားနှစ်စင်းတို့မှာ ပျက်စီးယိုယွင်းလာနေပြီ ဖြစ်သောကြောင့် ရှေးရိုးရာလက်ရာများကို ထိန်းသိမ်းသည့်အနေဖြင့် တစ်ကြောင်း၊ အုတ်တိုက်ဘုန်းတော်ကြီးကျောင်းအသစ် ပြန်လည် တည်ဆောက်မည်ဆိုပါက ငွေကြေးမတတ်နိုင်ခြင်းများကြောင့် ကျောင်းထိုင်ဆရာတော် ဦးတိလောကက ကျေးရွာသူ ကျေးရွာသားများနှင့် တိုင်ပင်ကာ ပျက်စီးသွားသောနေရာများကို ပြန်လည်ပြုပြင်တည်ဆောက်နေခြင်းဖြစ်သည်။

"ဘုန်းတော်ကြီးကျောင်းက နှစ်ပေါင်း ၉၆ နှစ်ရှိလာပြီဆိုတော့ သဘာဝဘေးဒဏ်တွေကြောင့် အချို့နေရာတွေ ပျက်စီးနေတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ကျောင်းကို မိုးကြိုးပစ်ခံရတော့ တိုင်လေးတိုင်ပျက်စီးခဲ့သေးတယ်။ လှေကားနှစ်စင်းကလည်း မကောင်းတော့ဘူး။ ကျောင်းကိုဖျက်ပြီးတော့ အသစ်ပြန်ဆောက်မယ်ဆိုရင်လည်း ငွေကြေးကမတတ်နိုင်ပြန်ဘူး။ ဒီကျောင်းကြီးကိုလည်း ဘုန်းကြီးတို့ ကနန်းလူမျိုးတွေရဲ့ရှေးရိုးရာမပျက်မြင်နေချင်ကြတာ။ ဒါကြောင့်မို့ ပျက်စီးသွားတဲ့ နေရာတွေကိုပဲ ပြန်လည်ပြုပြင်တည်ဆောက်နေတာပါ ဒီလိုဘုန်းတော်ကြီးကျောင်းမျိုး ဗန်းမောက်မြို့နယ်မှာ မရှိကြတော့ဘူး၊ ကနန်းဒေသမှာတောင် ငါးကျောင်းပဲရှိတော့တာ" ဟု ကျောင်းထိုင်ဆရာတော် ဦးတိလောကက မိန့်ကြားသည်။

**အဆက်ဆက် ကျောင်းထိုင်ခဲ့ကြ**

အဆိုပါ ဇေတဝန်ဘုန်းတော်ကြီးကျောင်း တည်ဆောက်ပြီးစီးခဲ့သည့်နှစ်တွင် ပထမဦးစွာ ကျောင်းထိုင်ခဲ့သော ဆရာတော်မှာ ကနန်းဒေသစိတ် ဂိုဏ်းအုပ်ဆရာတော် ဦးဉာဏိန္ဒ၊ ဒုတိယဆရာတော် ဦးကဝိန္ဒ၊ တတိယဆရာတော်ဦးဂန္ဓာမာ၊ စတုတ္ထဆရာတော် ဦးစန္ဒ (ကနန်းဒေသစိတ်လက်ဝဲဂိုဏ်းထောက်)၊ ပဉ္စမဆရာတော် ဦးကဝိန္ဒနှင့် ယခုဆဌမကျောင်းထိုင်ဆရာတော် ဦးတိလောကတို့ အဆက်ဆက် ကျောင်းထိုင်ခဲ့ကြပြီး ကစောက်ဖာကျေးရွာ၌ ဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လှိုင်ဘွား(ဗန်းမောက်)

# မိုးနဲမြို့၌ ပန်းခင်းစီမံချက်အကြောင်း အသိပညာပေး

မိုးနဲ ဩဂုတ် ၂၂

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ်အတွင်း နေထိုင်လျက်ရှိသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးမည့် ပန်းခင်းစီမံချက်အကြောင်း အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးညွန့်ရွှေက ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ လက်ထောက်လူဝင်မှု ကြီးကြပ်ရေးမှူး ဦးရဲထက်အောင်က ပန်းခင်းစီမံချက်အကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယခုအခါ အသက် ၁၆ နှစ်အထက်ပြည့်ပြီးသူ ၁၈၉ ဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်းခြောက်ခုကို အသစ်ပြုလုပ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မြို့နယ်အနေဖြင့် အသက်၁၆ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူ ၂၆၉၄ ဦးအား ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သောကတ်ပြားတစ်မျိုးမျိုးလက်ဝယ်ရရှိရေးဆောင်ရွက်ပေးမည်ဖြစ်သည်။

ပန်းခင်းစီမံချက်ဖြင့် မြို့နယ်အတွင်း နေထိုင်ကြသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ၃-၅-၂၀၂၁ ရက်မှ ၃-၁၀ -၂၀၂၁ ရက်အထိ ပထမငါးလတာနှင့် ၄-၁၀-၂၀၂၁ ရက်မှ ၃၀-၉-၂၀၂၂ ရက်အထိ ရပ်ကွက်၊ ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိသည်။

မြို့နယ်
(ပြန်/ဆက်)

# ရပ်စောက်မြို့နယ်၌ ပန်းခင်းစီမံချက်နှင့် ပတ်သက်၍ Call Center ဖွင့်လှစ်

ရပ်စောက် ဩဂုတ် ၂၂

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့တွင် ဖွင့်လှစ်ထားသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြန်မာနိုင်ငံသားများဖြစ်ကြသော တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုးထုတ်ပေးရန် (၃-၅-၂၀၂၁)မှ (၃-၁၁-၂၀၂၂) ရက်အထိ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဒေသခံပြည်သူများအနေဖြင့် ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ သိရှိလိုသည်များ၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ရာတွင် အဆင်မပြေမှုများရှိပါက ရပ်စောက်မြို့နယ်အတွက် Call Center ၀၉-၄၀၀၅၅၂၃၀၃သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍**
**အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ် မရှိသူများအား**
**ဆောင်ရွက်ပေးခြင်း (ပန်းခင်းစီမံချက်)**

- ❖ မြို့နယ်လဝကရုံးများရှိ ရုံးလက်ခံအိမ်ထောင်စုစာရင်းများမှ (၃-၁၁-၂၀၂၂) ရက်တွင် အသက် (၁၈) နှစ် ပြည့်လာမည့်သူများနှင့် အသက်(၁၈) နှစ်ပြည့်ပြီးသူများအနက် မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ထားခြင်းမရှိသူ တစ်ဦးချင်း အမည်စာရင်းကို ရပ်ကွက်/ကျေးရွာအလိုက် ကောက်ယူစာရင်းပြုစုခြင်း၊
- ❖ ပြုစုထားရှိသည့် အမည်စာရင်းနှင့် ရွှေ့ပြောင်းလျှောက်လွှာပုံစံများအား သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စုစီမံအုပ်ချုပ်ရေးမှူးများထံပေးပို့၍ အမှန်တကယ်နေထိုင်မှုရှိ/မရှိ၊ လူကျန်ခြင်း ရှိ/မရှိ စိစစ်ဖြည့်စွက်ပြီး ရွှေ့ပြောင်းလျှောက်လွှာများအား မြို့နယ်လဝကရုံးများသို့ ပြန်ကြားခြင်း၊
- ❖ မြို့နယ်လဝကရုံးများ၏ တစ်နေ့တာဆောင်ရွက်ပေးနိုင်မည့်ဦးရေနှင့် အမည်စာရင်းကို (၃)ရက် ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးများထံပေးပို့ထားပြီး ယူဆောင်လာရမည့် စာရွက်စာတမ်းနှင့် လိုအပ်ချက်များကို စာဖြင့် အကြောင်းကြားခြင်း၊
- ❖ မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံသို့ တိုက်ရိုက်ထုတ်ပေးခြင်း၊
- ❖ ဥပဒေအရနိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရေးကို လိုအပ်သည့် အထောက်အထားများ တင်ပြလျှောက်ထားလာပါက အမြန်ဆုံးဆောင်ရွက်ပေးခြင်း၊
- ❖ ရုံးလက်ခံ အိမ်ထောင်စုစာရင်းနှင့် ကာယကံရှင်လက်ဝယ်ရှိ အိမ်ထောင်စုစာရင်းများတွင် ရေးသွင်းခြင်း၊

**ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း**
**ရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း**
**(ပန်းခင်းစီမံချက်)**

- ❖ အကြောင်းအမျိုးမျိုးကြောင့် ပုံစံ (၁၀) မပါရှိဘဲ ရွှေ့ပြောင်းအခြေချနေထိုင်သူများအား ရပ်ကွက်/ ကျေးရွာအလိုက် စာရင်းကောက်ယူပြီး မူလဒေသရှိ မြို့နယ်ရုံးများနှင့် ဆက်သွယ်မေးမြန်းစိစစ်ခြင်း၊ မှန်ကန်သော အိမ်ထောင်စုများအား မူလမြို့နယ်စာရင်းမှလျှော့ခြင်းနှင့် ပြောင်းရွှေ့ပုံစံ (၁၀) ထုတ်ပေး ခြင်း၊ မိမိမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်း၊
- ❖ အိမ်ထောင်စုလူဦးရေစာရင်းတရားဝင်ပြောင်းရွှေ့ရောက်ရှိပြီးမှ လက်ရှိဒေသတွင် ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ဆောင်ရွက်ပေးခြင်း၊
- ❖ မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံသို့တိုက်ရိုက်ထုတ်ပေး ခြင်း၊
- ❖ အိမ်ထောင်စုလူဦးရေစာရင်းအား လက်ရှိဒေသသို့ မပြောင်းရွှေ့လိုသူများအတွက် လူကိုယ်တိုင် အိမ်ထောင်စုလူဦးရေစာရင်းရှိရာမူလဒေသသို့သွားရောက်၍ ကိုင်ဆောင်သင့်သည့်ကတ်ပြား တစ်မျိုးမျိုးရရှိရေး ဆောင်ရွက်ခြင်း၊
- ❖ ဥပဒေအရနိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရေးကို လိုအပ်သည့်အထောက်အထားများ တင်ပြလျှောက်ထားလာပါက အမြန်ဆုံးဆောင်ရွက်ပေးခြင်း၊

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

## ဟုမ္မလင်းမြို့၌ ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်ထက် ကျော်လွန်ရောက်ရှိ

**ဟုမ္မလင်း ဩဂုတ် ၂၂**

ဟုမ္မလင်းမြို့တွင် ဩဂုတ် ၂၂ ရက် နံနက် ၆ နာရီခွဲ တိုင်းတာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၏ စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာအထက် ကျော်လွန်ပြီး ၂၉၁၅ စင်တီမီတာသို့ ရောက်ရှိနေပြီဖြစ်သည်။



ချင်းတွင်းမြစ်ကမ်းတစ်လျှောက်ရှိ နေအိမ်များအတွင်း ရေများ ဝင်ရောက်နေမှုကို တွေ့ရစဉ်။

ဟုမ္မလင်းမြို့နယ်တွင် ဩဂုတ် ဒုတိယပတ်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိုးရေနှင့် အင်းရေပေါင်းစပ်ပြီး မြေနိမ့်ပိုင်းရှိ ကွက်သစ်ရပ်ကွက် အိမ်ထောင်စုအချို့တွင် မိုးရေဝင်ရောက်နေသော်လည်း ဟုမ္မလင်းမြို့တွင်း ချင်းတွင်းမြစ်ရေ ဝင်ရောက်ခြင်း မရှိသေးကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် မိုးအဆက်မပြတ် ဆက်လက်ရွာသွန်းနေပြီး ချင်းတွင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ချင်းတွင်းမြစ်ကမ်းအနီးရှိကျေးရွာများနှင့် မြေနိမ့်ပိုင်းတွင် နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒဌာနကြီးကြားမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာများက ချင်းတွင်းမြစ်ဘေးရှိ ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များတွင် အသံချဲ့စက်ဖြင့် နေ့စဉ် သတိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။ **ချန်လော (ဟုမ္မလင်း)**

## ထီးချိုင့်မြို့တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အနီး ရောက်ရှိ

**ထီးချိုင့် ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်၌ ဧရာဝတီမြစ်ရေသည် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ ဩဂုတ် ၂၂ ရက် နံနက် ၆ နာရီခွဲ တိုင်းတာချက်အရ ၆၇၀ စင်တီမီတာ ရောက်ရှိနေပြီး မြို့၏စိုးရိမ်ရေမှတ်ဖြစ်သည့် ၇၄၀ စင်တီမီတာသို့ ရောက်ရှိရန် ၇၀ စင်တီမီတာအလိုတွင် ရောက်ရှိနေကြောင်း သိရသည်။

အဆိုပါမြစ်ရေသည် လက်ရှိရေအမှတ်၌ပင် မြေနိမ့်ပိုင်းရှိ မြို့ပေါ်ရပ်ကွက်အချို့နှင့် ကျေးရွာများသို့ စတင်ဝင်ရောက်နေပြီဖြစ်သောကြောင့် မြစ်ကမ်းအနီးနှင့် မြေအနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန်နှင့် ကျွဲ၊ နွားများအား ရေလွတ်သည့် ကုန်းမြင့်ဒေသများသို့ ကြိုတင်ရွှေ့ပြောင်းထားကြရန် မြို့နယ်မီးသတ်ဦးစီးဌာနမှ လိုက်လံအကြံပြုနှိုးဆော်ထားကြောင်းသိရသည်။

**ရဲလင်းထွန်း (ထီးချိုင့်)**

## ရွှေကူမြို့နယ်တွင် ရေဘေးသင့်အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များနှင့် ထောက်ပံ့ငွေများ ပေးအပ်

**ရွှေကူ ဩဂုတ် ၂၂**

ကချင်ပြည်နယ် ရွှေကူမြို့နယ်တွင် ဩဂုတ်လ ဒုတိယပတ်မှစတင်၍ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကမ်းနံဘေးရှိကျေးရွာများနှင့် မြေနိမ့်ပိုင်းရပ်ကွက်များအတွင်း မြစ်ရေဝင်ရောက်မှုများကြောင့် ရေကြီးနစ်မြုပ်၍ ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းနေထိုင်သည့် ရေဘေးသင့်အိမ်ထောင်စုများကို ဩဂုတ်၂၂ ရက်က အခြေခံစားသောက်ကုန်များ၊ ပါးစပ်၊ နှာခေါင်းစည်းနှင့် ထောက်ပံ့ငွေများ သွားရောက်ပေးအပ်သည်။

ထိုသို့ထောက်ပံ့ရာတွင် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင် ဗိုလ်မှူးကျော်မိုးသွင်၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးတင့်လှိုင်နှင့် ဌာနဆိုင်ရာများက အမှတ်(၄)ရပ်ကွက်၊ ဘောဂဗလအလယ်တန်းကျောင်းနှင့် သူဌေးတောရဘုန်းတော်ကြီးကျောင်းတို့တွင် ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းနှစ်ခုရှိ အိမ်ထောင်စု ၁၇ စုအတွက် တစ်အိမ်ထောင်လျှင် ဆန် သုံးပြည်၊ မျက်နှာသုတ်ပဝါ နှစ်ထည်၊ ဆပ်ပြာ၊ ပါးစပ်၊ နှာခေါင်းစည်း သုံးထုပ်တို့ကို လည်းကောင်း၊ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ဦးစီးဌာနမှ ရေဘေးသင့်အိမ်ထောင်စု ၁၇ စုရှိ လူဦးရေ ၈၁ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် ခုနစ်ရက်စာ ထောက်ပံ့ငွေစုစုပေါင်း ငွေကျပ် ၁၁၉၀၇၀၀ ကို ရေဘေးသင့်အိမ်ထောင်စုများ လက်ဝယ်အရောက် ထောက်ပံ့ကြောင်း သိရသည်။

ရွှေကူမြို့အတွင်း စိုးရိမ်ရေအမှတ်မှာ ၉၃၀ စင်တီမီတာဖြစ်ပြီး ဩဂုတ်၂၂ ရက် နံနက်၆ နာရီခွဲ တိုင်းတာချက်အရ ၈၈၇ စင်တီမီတာဖြစ်၍ ဩဂုတ် ၂၁ ရက် ညနေပိုင်းမှစတင်ကာ ဧရာဝတီမြစ်ရေ တဖြည်းဖြည်း ကျဆင်းလာကြောင်း မြို့နယ်မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ဖောင်းပြင်မြို့နယ်၌ ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အနီး ရောက်ရှိ

**ဖောင်းပြင် ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်တွင် ချင်းတွင်းမြစ်ရေသည် မြို့၏စိုးရိမ်ရေမှတ်အနီးတွင် ရောက်ရှိနေပြီး ဆက်လက်မြင့်တက်လျက်ရှိသည်။

ဖောင်းပြင်မြို့နယ်၌ ယနေ့နံနက် ၆ နာရီ တိုင်းထွာချက်အရ မြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိရန် တစ်ပေခန့်အလိုတွင်ရှိနေပြီး မြို့ပေါ်ရပ်ကွက် အချို့၌ ရေများဝင်ရောက်နေကြောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဇော်လင်းအောင်က ပြောသည်။

ချင်းတွင်းမြစ်ရေသည် ဆက်လက်မြင့်တက်လာနိုင်သဖြင့် ပြောင်းရွှေ့နိုင်သော ပစ္စည်းများပြောင်းရွှေ့ထားကြပြီး ကျွဲ၊ နွား၊ မြင်းနှင့် အိမ်မွေးတိရစ္ဆာန်တို့ကို ကုန်းမြင့်ရာသို့ ရွှေ့ပြောင်းထားကြရန်၊ အရေးပေါ် အကူအညီများ လိုအပ်မှုရှိပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားရန် ကြေညာထားကြောင်း သိရသည်။

**ကိုထွန်း(ဖောင်းပြင်)**

# ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဩဂုတ် ၂၂**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမှော်ကျေးရွာ အောင်မင်္ဂလာ ကျောင်းတိုက် ဦးစီးပဓာနနာယက၊ ကချင်ပြည်နယ် ဘုန်းတော်ကြီး သင် ပညာရေးကျောင်းများ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့၊ အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တသြဘာသ (အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ မဟာထေရ်မြတ်ကြီးသည် သက်တော် (၇၃)နှစ်၊ သိက္ခာတော် (၅၄)ဝါအရ ၁၃၈၃ ခုနှစ်၊ ဝါခေါင် လဆန်း ၁၄ ရက်၊ (၂၁-၈-၂၀၂၁)၊ စနေနေ့၊ ည ၇:၅၄ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်း ရရှိသည်။

**သတင်းစဉ်**



သန်လျင်မြို့နယ် နာရေးကူညီမှုအသင်းမှ ဆောင်ရွက်လျက်ရှိသော အောက်ဆီဂျင်စက် ဖြစ်မြောက်ရေးအတွက် ဩဂုတ် ၂၂ ရက်က သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာ ဘိဝံသ ဆရာတော်ကြီးက အလှူတော်ငွေကျပ်သိန်း ၅၀ ကို တည်ဆောက်ရေးအဖွဲ့ထံ ပေးအပ်လှူဒါန်း စဉ်။ သန်းဝင်း(သန်လျင်)

# ဒလမြို့နယ်၌ လှူဒါန်းခြင်းမှ မျှဝေခြင်း အစီအစဉ်ဖြင့် စားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် SAVE (ဒလ)မှ လှူဒါန်းခြင်းမှ မျှဝေခြင်းအစီအစဉ် အဖြစ် အခြေခံလူတန်းစားအိမ်ထောင်စုများ အား အခြခံစားကုန်များကို ယနေ့နံနက် ၁၀ နာရီက ပေးဝေလှူဒါန်းခဲ့ကြောင်း သိရ သည်။

လှူဒါန်းခြင်းမှ မျှဝေခြင်းအစီအစဉ်အဖြစ် အခြေခံလူတန်းစား အိမ်ထောင်စု ၁၅၀ ကို ဆန်၊ ကြက်ဥ၊ ကြက်သွန်၊ ခေါက်ဆွဲခြောက်၊ ပုစွန်ခြောက်၊ ပါးစပ်နှာခေါင်းစည်းများ နှင့် ကြိုက်ရာယူ ဟင်းသီးဟင်းရွက်များ အား ပေးလှူခဲ့သည်။ SAVE (ဒလ) လူမှု ကူညီရေးအသင်းသည် ၂၀၁၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့၍ လူမှုကယ်ဆယ် ရေး ယာဉ်လေးစီးဖြင့် လူမှုကူညီရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့၍ ကိုဗစ်-၁၉ တတိယလှိုင်းကာလတွင် အောက်ဆီဂျင် ရှာဖွေ ပြန်လည်ကူညီခြင်းလုပ်ငန်းများ ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

"ဒီနေ့ မျှဝေလှူဒါန်းတာက ရွှေဝါမြေ အိမ်ခြံမြေအကျိုးဆောင်အဖွဲ့( ကျန်စစ်သား ရပ်ကွက်) က ကြက်ဥနဲ့ ခေါက်ဆွဲခြောက် အတွက် လှူဒါန်းငွေကျပ်နှစ်သိန်း၊ ကောင်းသန့် (ကုန်မျိုးစုံ ရောင်းဝယ်ရေး) ကမာကဆစ် ရပ်ကွက်က ဆန်အိတ်ငါးအိတ်နဲ့ ကျန်တာ တွေကိုတော့ SAVE က အသင်းဝင်တွေက စုပေါင်း လှူဒါန်းတာပါ၊ အခက်အခဲဖြစ်နေတဲ့ ပြည်သူတွေအတွက် တစ်နပ်စာပဲဖြစ်ဖြစ်၊ တစ်ရက်စာပဲဖြစ်ဖြစ် တတ်နိုင်သလောက် ဆက်လက်လှူဒါန်းသွားမှာပါ"ဟု အသင်း ဥက္ကဋ္ဌ ဦးသော်ဦးက ပြောသည်။

**မောင်ယဉ်ဦး**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆေးနှင့် ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးဆေးနှင့် ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီး မှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူ ချောမွေ့စွာ စစ်ဆေးထုတ်ပေး လျက်ရှိရာ ဩဂုတ် ၂၂ ရက်၌ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ ၁၂ ခုမှ Amnavir-400 Tablet ၉၉၉၀၊ Azinam-250 Tablet ၁၉၂၄၃ ခု၊ Emboxin -40 Injection ၄၀၀၀၀၊ Emboxin -60 Injection ၄၀၀၀၀၊ Enoxaparin Sodium Injection ၄၀၀၀၊ Immunospreme Capsule ၁၅၁၂၀ ၊ Nova-C Tablet ၁၀၀၁၀၊ Mask ၁၂၀၊ Nasal Cannula ၁၂၀၊ Oximeter ၅၁၀၀၊ Oxygen Concentrator ၄၅၀၊ Oxygen Concentrator Spare part ၆၈ ခု ၊ Spirometer ၂၀၀၊ နယ်စပ် (ချင်းရွှေဟော်၊ မူဆယ်၊ မြဝတီ၊ ) တွင် ကုမ္ပဏီ ၂၂ ခုမှ Oxygen Cylinder ၃၀၃၄ ခု၊ Oxygen Concentrator ၈၃ ခု၊ Mask ၅၁၅၀ ၊ Liquid Oxygen ၂၉၁၃၁ m³၊ Liquid Oxygen ၁၉ ဒသမ ၀၆ တန်၊ Flow meter ၄၉၈၀ ၊ PPE ၁၇၀၀၀ ၊ Oxygen Plant သုံးခု၊ Blood Pressure Monitor ၅၀၀၊ Thermometer ၁၅၀၊ Spary Gun ၁၅၀၊ Oxygen Storage Container ၁ ခု၊ Oxygen Mask ၂၆၂၀ ၊ Oximeter ၁၅၀၊ Oxygen Liquid Distributor တစ်ခု၊ Trolley ၃၀၊ Ultraviolet Disinfection Mobile Cart ငါးခု၊ Cleaning Liquid ၁၉၅၀ Kg၊ Cannula ၁၀၀၀၊ Face Shield ၁၀၅၀၀ Kg တို့ကို ထုတ် ပေးခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**




## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ဆားမှော်ကျေးရွာ၊ အောင်မင်္ဂလာကျောင်းတိုက် ဦးစီးပဓာနနာယက၊ ကချင်ပြည်နယ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသြဘာသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း



ဆရာတော် လောင်းလျာသည် စစ်ကိုင်းတိုင်း ဒေသကြီး အင်းတော်မြို့နယ် အောင်းကုန်း ကျေးရွာတွင် ခမည်းတော် ဦးထွန်းဖေ၊ မယ်တော် ဒေါ်သိန်း မေတို့မှ ၁၃၁၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင် တော်မူသော သားရတနာဖြစ်ပါ သည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၂၂ ခုနှစ်တွင် အင်းတော် မြို့နယ် အောင်းကုန်းကျောင်းဆရာတော် ဘဒ္ဒန္တသုဇာတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၂၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်နေ့တွင် မိုးညှင်းမြို့နယ် နမ်းမားမြို့ သာယာကုန်းကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာ တော်ဘဒ္ဒန္တမာလာကို ဥပဇ္ဈာယ်ပြု၍ အင်ကြင်းကုန်းရွာ ဦးတိုင်း ကျော်၊ ဒေါ်သောင်းခင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ် သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်သည် အင်းတော်မြို့နယ် အောင်းကုန်းရွာကျောင်း ဆရာတော် ဘဒ္ဒန္တသုဇာတ၊ ဝန်းသိုမြို့ ခန္တီးစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုဇနေ၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တသူရိယ စသော ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇ ဓမ္မာစရိယဘွဲ့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဝန်းသိုမြို့ ခန္တီးစာသင်တိုက်နှင့် မိုးကောင်း မြို့နယ် ဆားမှော်ကျေးရွာ အောင်မင်္ဂလာကျောင်းတိုက်တို့၌ စာသင် သား ရဟန်း/သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချ ရေးသားပြုစုတော်မူခဲ့ခြင်း၊ သံဃအဖွဲ့အစည်းအဆင့်ဆင့်တွင် ၁၉၈၅ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ၁၉၉၀ ပြည့် နှစ်မှ ၂၀၁၆ ခုနှစ်အထိ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်အဖြစ် ဆောင်ရွက်တော် မူခဲ့ခြင်း၊ ကချင်ပြည်နယ် ဘုန်းတော်ကြီးသင်ပညာ ရေးကျောင်းများ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်တော် မူခဲ့ခြင်းနှင့် ၂၀၁၆ ခုနှစ်မှစ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်အဖြစ် စသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ ပါသည်။

### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ သာသန ဟိတရေဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ်၊ ခမာ၊ ဇာဂရိယဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီး အား ၂၀၁၁ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ၂၀၂၀ ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော်(၇၃)နှစ်၊ သိက္ခာတော်(၅၄) ဝါအရ ၁၃၈၃-ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ (၂၁-၈-၂၀၂၁)၊ စနေနေ့၊ ည ၇:၅၄ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) သို့ လှူဒါန်းနိုင်ရန် အသိပေးကြေညာချက်

၁။ COVID-19 ကာကွယ်ဆေး ဝယ်ယူနိုင်ရေးအတွက် COVID - 19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund)ကို မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် အောက်ပါအတိုင်း ဖွင့်လှစ်ထားပါသည်-

**(က) COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012)။**

ငင်းစာရင်းတွင် နိုင်ငံတော်မှ မတည်ရန်ပုံငွေကျပ် ၃၃၈ ဘီလီယံခန့်နှင့် ညီမျှသော အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကို ထည့်သွင်းထားပါသည်။

**(ခ) COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733)။**

ငင်းစာရင်းတွင် နိုင်ငံတော်မှမတည်ရန်ပုံငွေကျပ် သန်း ၁,၀၀၀ ကို ထည့်သွင်းထားပါသည်။

၂။ သို့ဖြစ်ပါ၍ ကာကွယ်ဆေးဝယ်ယူရေးအတွက် ပြည်တွင်း/ ပြည်ပမှ ပါဝင်လှူဒါန်းလိုကြသော ပြည်သူများ၊ အဖွဲ့အစည်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)ရှိ COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012) သို့ မည်သည့်နိုင်ငံခြားငွေအမျိုးအစားကိုမဆို ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733) သို့ မြန်မာကျပ်ငွေဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ လှူဒါန်းသူများအနေဖြင့် ပြည်တွင်းနေရာဒေသအသီးသီးရှိ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် အခြားပြည်တွင်း ပုဂ္ဂလိက ဘဏ်အသီးသီးတို့တွင် အထက်အပိုဒ် ၁ (က) နှင့် (ခ) ပါ ငွေစာရင်းအမှတ်များကို ဖော်ပြလှူဒါန်းနိုင်ပါသည်။

၄။ အလှူရှင်စာရင်းကို မှတ်တမ်းထားရှိနိုင်ရန်အတွက် လှူဒါန်းသူများအနေဖြင့် အလှူရှင်အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့ကို ပြည့်စုံစွာဖော်ပြပေးပါရန်နှင့် အလှူငွေများ ထည့်သွင်းပြီးပါက email: treasury05@365mopf.gov.mm, treasury10@365mopf.gov.mm သို့ အလှူငွေပေးသွင်းထားသည့် အထောက်အထားများကို ပေးပို့စေလိုပါသည်။

၅။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းမေးမြန်း လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | ၀၆၇-၃၄၁၀၁၅၆ |
| ငွေတိုက်ဦးစီးဌာန | ၀၉-၄၅၀၄၅၅၂၃၇ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇-၃၄၁၀၁၅၈ |
| ငွေတိုက်ဦးစီးဌာန | ၀၉-၂၅၄၅၅၈၄၂၄ |

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

# ကြက်သွန်ဈေးနှုန်းများ သုံးနှစ်ဆက်ကျဆင်းနေခြင်းကြောင့် ယခုနှစ် ကြက်သွန်ရာသီ ကြက်သွန်စိုက် တောင်သူထက်ဝက်ခန့်လျော့ကျနိုင်

**ကျောက်ပန်းတောင်း ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ကြက်သွန်စိုက်ပျိုးတောင်သူများ ကြက်သွန်ဈေးနှုန်း သုံးနှစ်ဆက်တိုက်ကျဆင်းနေခြင်းကြောင့် ယခုနှစ် ကြက်သွန်စိုက်ပျိုးချိန် ကြက်သွန်စိုက်ပျိုးတောင်သူ ထက်ဝက်ခန့်လျော့ကျနိုင်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် လဲဂွကျေးရွာနေ ကြက်သွန်စိုက်ပျိုးတောင်သူ ဦးတင်ထွန်းအောင်က ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ဆောင်းကြက်သွန်ခေါ် လျောင်ကြက်သွန်ကို စီးပွားဖြစ် အမြောက်အမြား စိုက်ပျိုးကြပြီး ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများ၊ ပုပ္ပားမြောက်ဘက် စိတ္တိန်း၊ ကမ်းဖြူကျေးရွာအုပ်စုများ၊ ကျောက်ပန်းတောင်း၊ နတ်မောက်၊ ရေနံချောင်းမြို့များဆုံရာ ရေဆုံးကျေးရွာအုပ်စုများသည် ဆောင်းကြက်သွန်ခေါ်လျောင်ကြက်သွန်ကို စီးပွားဖြစ် အများအပြား စိုက်ပျိုးကြရာ သုံးနှစ်ဆက်ကြက်သွန်ဈေးနှုန်း ကျဆင်းခြင်းကြောင့် ကြက်သွန်စိုက်တောင်သူများ ကြက်သွန်စိုက်ပျိုးရာသီ မစိုက်နိုင်အောင်ဖြစ်ပြီး ကြက်သွန်စိုက်ပျိုးစရိတ် ပြန်မရတာသုံးနှစ်ရှိနေပြီဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း ကြက်သွန်တစ်ပိဿာ ငွေကျပ် ၂၅၀ သာရှိနေပြီး ကြက်သွန်တစ်ပိဿာ ငွေကျပ် ၄၀၀ အနည်းဆုံး ရောင်းချရမှသာ ဆောင်းကြက်သွန်ခေါ် လျောင်ကြက်သွန်စိုက်ပျိုးတောင်သူများ အရင်းလောက်ရှိကြောင်း သိရသည်။



ကြက်သွန်စိုက်ပျိုးရာတွင် အချိန်များစွာ ပေးဆပ်ရပြီး စိုက်ပျိုးရကြောင်း ကြက်သွန်စိုက်ပျိုးတောင်သူ မုန့်ကုန်းကျေးရွာ ဦးနန်းတင်က ပြောသည်။

